# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၇) ရက် ၊ ကြာသပတေးနေ့ ၊ (12-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ကမ္ဘာ့ဂေဟစနစ် အချက်အချာကျရာ ဖုန်ကန်ရာဇီတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ပြည်တွင်းခရီးသွားဝင်ရောက်မှုကို တွေ့ရစဉ်။



ဟိမဝန္တာရစ်ငှက်ကို တွေ့ရစဉ်။



ဆေးဖက်ဝင် ရှီးပဒီးများကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၁**

မေခနှင့် မလိခမြစ်တို့ မြစ်ဖျားခံရာ ကချင်ပြည်နယ် မချမ်းဘော၊ ပူတာအိုနှင့် နောင်မွန်မြို့နယ်အတွင်းတည်ရှိသော ကမ္ဘာ့ဂေဟစနစ် အချက်အချာကျရာ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည် တည်တံ့စေရန် တောရိုင်းတိရစ္ဆာန်ထိန်း သိမ်းရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ရေခဲတောင်တောရိုင်း တိရစ္ဆာန်များ၊ ဌာနေငှက်များ၊ ရေခဲငါး များ၊ ဆေးဖက်ဝင်အပင်နှင့် ဥများ၊

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း အထင်ကရနေရာများ သွားရောက်လေ့လာ

စာမျက်နှာ - ၁၇

## ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးကို နိုင်ငံတကာ အရေးပေါ်အခြေအနေအဖြစ် ဆက်ထားရန် သင့်၊ မသင့် WHO သုံးသပ်မည်

စာမျက်နှာ - ၆




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်
အယ်ဒီတာအာဘော်

# သတိမပြတ်နေရမည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့လူဦးရေအတော်များများကို ကူးစက်မှုဖြစ်ပွားကာ ရောဂါပြင်းထန်မှုကြောင့် သေဆုံးရမှုများ များပြားခဲ့ပြီး ဆေးရုံဆေးခန်းများတွင် အသည်းအသန်ဆေးကုသခံခဲ့ရသူ များပြားသကဲ့သို့ ဆေးရုံဆေးခန်းများ၊ ကျန်းမာရေးဝန်ထမ်းများ ဝန်နဲ့အားမမျှမတဖြစ်ခဲ့ရမှုများနှင့်လည်း ကြုံခဲ့ရသည်။ သို့သော် ကာကွယ်ဆေးလျင်မြန်စွာထုတ်လုပ်နိုင်မှုနှင့် လူအများအပြားကို အချိန်တိုအတွင်း ကာကွယ်ဆေးများထိုးနှံပေးနိုင်မှုများကြောင့် ရောဂါပြင်းထန်မှုဒဏ်ကိုခံနိုင်ရည်ရှိကြကာ အသက်ဆုံးရှုံးမှုများကိုလည်း ကာကွယ်နိုင်ခဲ့သည်ကို တွေ့ရသည်။

သို့သော် ကမ္ဘာတစ်လွှားကူးစက်နေသည့် ကိုဗစ်မျိုးကွဲများကို မျိုးဗီဇစောင့်ကြည့်လေ့လာသုတေသနပြုခြင်းလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ရာ အိုမီခရွန်မျိုးကွဲ၏ မျိုးကွဲစိတ်များဖြစ်သည့် BA.2၊ BA.4၊ BA.5 တို့တွေ့ရသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလခန့်တွင် BF.7 မျိုးကွဲစိတ်ကို အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင် မျိုးဗီဇစောင့်ကြည့်လေ့လာမှု၏ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းထိ တွေ့ရှိခဲ့သည်။ ဒီဇင်ဘာလနှောင်းပိုင်းမှစတင်ကာ အခြားသော အိုမီခရွန်မျိုးကွဲကူးစက်မှုများ လျော့ကျလာသော်လည်း XBB.1.5 ကူးစက်မှု ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ယခုအခါ အိုမီခရွန်မျိုးကွဲ၏ BF.7 သည် အိမ်နီးချင်းတချို့နိုင်ငံ၌ ကူးစက်မှုနှုန်းမြင့်တက်နေပေသည်။

BF.7 ၏ လက္ခဏာများမှာ အခြားအိုမီခရွန်မျိုးကွဲစိတ်များကဲ့သို့ပင် အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများဖြစ်သည့် နှာချေ၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အသံနာ၊ ဖျားခြင်း၊ နုံးခြင်းစသည်တို့ဖြစ်သည်။ အချို့သောသူများတွင် ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း စသည့်လက္ခဏာများဖြစ်ပွားတတ်ပြီး ကိုယ်ခံအားနည်းပါးသူများအနေဖြင့် ပိုမိုပြင်းထန်သည့်ရောဂါလက္ခဏာများ ခံစားရနိုင်ပေသည်။

BF.7 မျိုးကွဲစိတ်ကို အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ် စသည့် ဥရောပနိုင်ငံများတွင် တွေ့ရသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံတချို့၌ ကူးစက်မှုနှုန်းမြင့်တက်နေသောကြောင့် စိုးရိမ်မှုများရှိနေကြရသည်။ ထို့အတူ ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဇန်နဝါရီ ၈ ရက်တွင် သေဆုံးသူ ၄၀၇ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားထားသည်။

ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံတချို့နှင့် အိမ်နီးချင်းနိုင်ငံတချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန်လိုပေသည်။

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံတချို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံကို ကိုဗစ်မျိုးဆက်သစ်အချိန်မရွေးရောက်ရှိလာနိုင်သောကြောင့် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း မပျက်မကွက်ထိုးနှံကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များကို လိုက်နာကျင့်သုံး၍ သတိမပြတ်နေကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# အောင်မြေသာစံမြို့နယ်တွင် လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော်ပံ့ပိုးပေးထား



**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြေသာစံမြို့နယ်တွင် လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော် ပံ့ပိုးပေးထားကြောင်း အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်ထံမှ သိရသည်။

အဆိုပါပံ့ပိုးပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ယခုဘဏ္ဍာနှစ်ဧပြီလမှ ယနေ့ထိ အလုပ်သမားအမှုတွဲပေါင်း ၉၁၅ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများနှင့် အမျိုးသမီးမီးဖွားမှုများအတွက် အများဆုံးတောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော်ကို ပံ့ပိုးပေးထားပြီးဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"ရုံးကနေ မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေကောက်ခံထားတာဖြစ်ပါတယ်။ သူတို့ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန် သူတို့လာတောင်းခံပြီး အနည်းဆုံးတစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ ကာလအတွင်းမှာ လုပ်ခလစာလျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းကအကျိုးခံစားခွင့်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားပြီး အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် အလုပ်သမား၏ မကျန်းမာမှု၊ မီးဖွားမှု၊ နာရေးစရိတ်၊ ဆေးဖိုး၊ ခရီးစရိတ်များအပြင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပွားသည့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်များပါ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးမြို့၌ ယခုနှစ်တွင် ဧရာဝတီမြစ်ရေ စံချိန်တင်ကျဆင်းခဲ့သော်လည်း သောင်ထွန်းမှုအနည်းငယ်သာဖြစ်ပေါ်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးမြို့၌ ယခုနှစ်တွင် ဧရာဝတီမြစ်ရေ စံချိန်တင်ကျဆင်းခဲ့သော်လည်း သောင်ထွန်းမှုအနည်းငယ်သာဖြစ်ပေါ်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်ထံမှ သိရသည်။

ယခုလက်ရှိမှာ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ကြောင်း၊ နှစ်စဉ် ယခုကာလတွင် မြစ်ရေကျချိန်ဖြစ်ပြီး ယခုနှစ်တွင် ဧရာဝတီမြစ်ရေမှာ ၂၀၁၀ ပြည့်နှစ်ကထက် စံချိန်တင်ကျဆင်းခဲ့ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးက သတ်မှတ်ထားသည့် ဧရာဝတီမြစ် မန္တလေးမြို့၏ ရေနည်းသတိပေးမှတ်မှာ စင်တီမီတာ ၃၆၀ ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်က အခုလိုရေကျချိန်မှာ ဧရာဝတီမြစ်ရေက မန္တလေးမြို့မှာ ၃၄၂ စင်တီမီတာ ရေနည်းသတိပေးမှတ်အောက်ကို ရောက်သွားခဲ့တယ်။ အခုနှစ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကနေ ကနေ့မနက် ၆ နာရီ မိနစ် ၃၀ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေက မန္တလေးမြို့မှာ ၂၇၆ စင်တီမီတာထိရောက်ရှိနေခဲ့ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုနှစ်တွင် ဧရာဝတီမြစ်ရေ စံချိန်တင်ကျဆင်းခဲ့သော်လည်း ထူးခြားချက်အနေဖြင့် ဧရာဝတီမြစ်အတွင်း သောင်ထွန်းသည့်နေရာအနည်းငယ်သာ ဖြစ်ပေါ်နေကြောင်း၊ မန္တလေးဆိပ်ကမ်းမှ ကုန်တင်သင်္ဘောနှင့်ခရီးသည်တင်သင်္ဘောများသွားရာတွင် ရေကြောင်းကျပ်တည်းသည့်နေရာ မရှိသလောက် ရှားပါးသည့်အပြင် သင်္ဘောသောင်တင်မှုများလည်း ဖြစ်ပေါ်မှုမရှိကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-တကောင်းဘက်သို့သွားလာကြမည့် ခရီးသည်တင် သင်္ဘောများနှင့် ကုန်တင်သင်္ဘောများ ရေနည်းချိန်ကာလတွင် သောင်တင်မှုများ မရှိစေရေးနှင့် ရေလမ်းကြောင်း မမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ် ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ပဲတီစိမ်းဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်းကြိုက်ဝယ်တွေ ပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်။ ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ် ကောင်းနေပါတယ်။ နောက်ပိုင်းပဲတီစိမ်းအရောင်းအဝယ်ဒီထက်ပိုပြီးကောင်းမွန်လာမဲ့အနေအထားမှာရှိနေပြီး ဈေးတွေ ပိုပြီးကောင်းလာနိုင်ပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ဇန်နဝါရီလပထမပတ်အတွင်းက ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုပန်မြို့နယ် မန်ကောင်းကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ဟိုပန် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် မန်ကောင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက မန်ကောင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဘက်စုံသုံးခန်းမ ရေရှည်အသုံးပြုနိုင်စေရေး စနစ်တကျ ထိန်းသိမ်းအသုံးပြုသွားရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

မန်ကောင်းကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၃၇၉ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပြီဖြစ်သဖြင့် မန်ကောင်းကျေးရွာ၏ ဘာသာရေး၊ လူမှုရေးအခမ်းအနားများပြုလုပ်ရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းဘူးခရိုင်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**မင်းဘူး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပန်းရန်သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၂၄ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။ **ခင်မာ**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၄၇၇၅ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၄၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၀၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းနှမ်း ၄၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ဆောင်းနှမ်းဧက ခြောက်ထောင်ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ လေးထောင်ကျော်စိုက်ပျိုးပြီးသွားပြီ။ ဆောင်းနှမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၀၃ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၁၂၇ ဧက စုစုပေါင်း ၄၇၇၅ ဧကဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မိုးနှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ပြီး ပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၁၆၄ ဧက၊ ကလေးဝမြို့နယ်တွင် ၈၃၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၈၉၈၂ ဧက စုစုပေါင်း ၄၁၉၈၁ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကလေးခရိုင်အတွင်းရှိ နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်း ကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်မြို့နယ် မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင် ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေဇင်မြတ်ကျော်က ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မရမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၉ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၇ သန်း အသင်းသူ၊အသင်းသား ၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။**သန္တာ**

# မိုင်းရယ်မြို့နယ် ကောင်းမောင်-ဟိုလိန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ကောင်းမောင်-ဟိုလိန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့်တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ကောင်းမောင်-ဟိုလိန်းကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က လမ်းရေရှည်တည်တံ့စေရေးပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကောင်းမောင်-ဟိုလိန်းကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြန့်ကျောက်ခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်ရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၃၃၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Civil Crown ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် အိမ်ခြေ ၁၀၂ အိမ်၊ လူ ၄၈၉ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း တန့်ယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ကျန်းမာရွှင်လန်း နုပျိုလန်းဆန်းအောင် ဘယ်လိုနေမလဲ

မြင်းခြံကျော်အောင်

အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်အရာရှိဖြစ်သော ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်ပြုစုတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ အသက် ၇၀ ကနေ ၈၀ တိုင်အောင်အရွယ်ဟာ ဝင်္ကဒသက ခါးကုန်းတဲ့အရွယ်။ အသက် ၈၀ ကနေ ၉၀ တိုင်အောင်အရွယ်ဟာ မောမူဟဒသက တွေဝေမိန်းမောတာများတဲ့အရွယ်။ သူငယ်ပြန်တတ်တယ်။ အသက် ၉၀ ကနေ ၁၀၀ နှစ်တိုင်အောင် အရွယ်ဟာ သယနဒသက အိပ်ရာမှာအိပ်နေရတဲ့အရွယ်လို့ ဖော်ပြထားတယ်။

ဒါပေမဲ့ အချို့လူကြီးတွေဟာ အသက် ၈၀ ကျော်တာတောင် ရွှင်လန်းနေတုန်း၊ မှတ်ဉာဏ်ကောင်းနေတုန်းပါပဲ။ တချို့ကျ အသက် ၉၀ ကျော်တာတောင် သွားလာနိုင်တုန်း၊ စွမ်းသမျှလုပ်နိုင်တုန်းဖြစ်ကြတယ်။ ဘယ်လောက်အားကျဖို့ကောင်းသလဲ။ သူတို့ဘာကြောင့် ကျန်းမာရွှင်လန်းပြီး အရွယ်နဲ့မလိုက်အောင် နုပျိုလန်းဆန်းနေကြတာလဲ ဆန်းစစ်ကြည့်ကြရအောင်။

မြန်မာ့လူဘောင်မှာ ဒီနေ့လိုအပ်နေတာကတော့ နုပျိုလန်းဆန်းကျန်းမာနေကြဖို့ပါ။ မြန်မာတွေရဲ့ သက်တမ်းက ပျမ်းမျှ ၆၆ ဒသမ ၈ သာရှိတယ်လို့ ကိန်းဂဏန်းတွေအရ သိရတယ်။ အသက်ရှင်နေစဉ် မကျန်းမမာကြ၊ ရွှင်ရွှင်လန်းလန်းမရှိကြပါ။ အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ။ လုပ်နည်းတွေရှိပါတယ်။ သိပ်မများပါဘူး။ ပျော်စရာကောင်းတဲ့နည်းတွေပါ။ အဲဒါတွေကို ဖော်ပြသွားမှာပါ။

**အရေးမပါတာတွေ ဘေးဖယ်ထားလိုက်ပါ**

အရေးမပါတာတွေကတော့ ကိုယ့်ရဲ့အသက်အပိုင်းအခြားရယ်၊ ကိုယ်အလေးချိန်ရယ်၊ အရပ်အနိမ့်အမြင့်ရယ်၊ အသားဖြူတာ၊ မည်းတာရယ်၊ အသက်ကြီးလို့ရလာတဲ့ရောဂါရယ် အဲဒါတွေပါပဲ။ ဒါတွေဟာ ပြုပြင်လို့မရတဲ့အရာတွေဖြစ်ပါတယ်။ အဲဒါတွေအတွက် စိတ်ညစ်မနေပါနဲ့။ စိတ်ကသိကအောက် ဖြစ်မနေပါနဲ့။

သူငယ်ချင်းတစ်ယောက်ရဲ့ သမီးငယ်က ဒီလိုပြောတာကြားရတယ်။ သမီးမှာလေ အဖေ့ရဲ့ အသားမည်းတာ၊ အမေ့ရဲ့ အရပ်ပုတာတွေရထားတယ်။ ဒါသူ့ကိုယ်သူ ဘဝင်မကျဖြစ်နေတာပါ။

အဲဒါတွေဟာ အရေးမပါတာတွေပါ။ အရပ်ပုတဲ့ နပိုလီယံဘိုနာပတ်ဟာ ကမ္ဘာ့သမိုင်းမှာ ဧကရာဇ်ကြီးဖြစ်ခဲ့ပါတယ်။ ရုပ်ဆိုးအကျည်းတန်တဲ့ ဆိုကရေးတီးဆရာကြီးဟာ ပညာရှင်ကြီးဖြစ်ခဲ့တာပါပဲ။

သေသေချာချာလေ့လာကြည့်ရင် ဆန့်ကျင်ဘက်ဖြစ်ရပ်တွေ တွေ့ရမှာပါ။ ရုပ်မချောဘဲ ရုပ်ရှင်မင်းသားဖြစ်သွားသူရှိသလို အသက်ငယ်ငယ်လေးနဲ့ ပြည်သူချစ်တဲ့ အဆိုတော်ဖြစ်သွားသူတွေလဲ ရှိကြပါတယ်။ အဲဒါကြောင့် အရေးမပါတာတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်မနေဖို့လိုပါတယ်။ အဲဒါတွေနဲ့စိတ်အနှောင့်အယှက်ဖြစ်နေရင် ကျန်းမာရွှင်လန်းနုပျိုလန်းဆန်းမှုကို ထိခိုက်စေပါတယ်။ ဖြစ်ရာဘဝနဲ့ တင်းတိမ်နေရမှာ၊ ပျော်နေရမှာပါ။ လုပ်စရာရှိတာလုပ်နေရမှာပါ။

**ပျော်ပျော်နေတတ်တဲ့ သူငယ်ချင်းတွေနဲ့ပေါင်းပါ**

အချို့သူငယ်ချင်းတွေက ညည်းညူတတ်ကြတယ်။ လောကကြီးကို အကောင်းမမြင်တတ်ကြဘူး။ အဲဒီလူတွေနဲ့ပေါင်းရင် ကိုယ်လဲ ညည်းညူတတ်မယ်။ မကောင်းမြင်ဝါဒ ကူးစက်ခံရမယ်။ ပျော်ပျော်နေတတ်တဲ့သူ၊ အကောင်းမြင်တတ်သူနဲ့ပေါင်းမှ ကိုယ်လဲ သူလိုပျော်ရွှင်နေမယ်။

စိတ်ပျိုကိုယ်နုဆိုတဲ့ ဆိုရိုးစကားရှိတယ်။ ကိုယ့်စိတ်ဟာ ပျိုနေရမှာပါ။ ဒါမှကိုယ်ခန္ဓာနုပျိုမှုကို အထောက်အကူပြုမှာပါ။ စိတ်ထားတတ် မြတ်ဆိုတဲ့ စကားလဲရှိတယ်။ စိတ်သဘောထား ကောင်းစွာထားတတ်ပါက ကိုယ့်အတွက် အကျိုးအမြတ်ရနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ပျော်ပျော်နေတတ်တဲ့ သူငယ်ချင်းနဲ့ပေါင်းပါ။ အပျော်မလွန်အောင်တော့ ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။

**အမြဲတမ်းသင်ယူလေ့လာနေပါ**

အမြဲတမ်းသင်ယူလေ့လာမှုကလဲ ကျန်းမာရွှင်လန်း နုပျိုလန်းဆန်းမှုနဲ့ ဆက်စပ်နေပါတယ်။ အလုပ်ရှိတာဟာ ပျော်ရွှင်မှုကိုဖြစ်စေတယ်လို့ အင်္ဂလိပ်စကားပုံတစ်ခုက ဆိုပါတယ်။ ပျင်းရိလို့ ဘာမှမလုပ်ဘဲနေရင် ပျော်ရွှင်မှုနဲ့ ဝေးရတတ်ပါတယ်။ အခြားမကြည့်နဲ့ ထောင်ထဲ၊ အချုပ်ခန်းထဲရောက်နေတဲ့သူတွေကိုသာ ကြည့်ပါ။ အလုပ်ကြမ်းနဲ့ထောင်ဒဏ် ခံစားရသူတွေကတော့ မလုပ်ချင်တဲ့ အလုပ်တွေလုပ်နေကြရတယ်။ အဲဒီလူတွေဟာ ဘယ်ပျော်ရွှင်ကြမလဲ။ ဘာမှမလုပ်ဘဲနေရသူတွေဟာ ထောင်ထဲမှာပဲသေကုန်တယ်။

❖ အချို့သူငယ်ချင်းတွေက ညည်းညူတတ်ကြတယ်။ လောကကြီးကို အကောင်းမမြင်တတ်ကြဘူး။ အဲဒီလူတွေနဲ့ပေါင်းရင် ကိုယ်လဲ ညည်းညူတတ်မယ်။ မကောင်းမြင်ဝါဒကူးစက်ခံရမယ်။ ပျော်ပျော်နေတတ်တဲ့သူ၊ အကောင်းမြင်တတ်သူနဲ့ပေါင်းမှ ကိုယ်လဲသူလိုပျော်ရွှင်နေမယ်။ စိတ်ပျိုကိုယ်နုဆိုတဲ့ ဆိုရိုးစကားရှိတယ်။ ကိုယ့်စိတ်ဟာ ပျိုနေရမှာပါ။ ဒါမှကိုယ်ခန္ဓာနုပျိုမှုကို အထောက်အကူပြုမှာပါ။ စိတ်ထားတတ်မြတ်ဆိုတဲ့ စကားလဲရှိတယ်။ စိတ်သဘောထား ကောင်းစွာထားတတ်ပါက ကိုယ့်အတွက် အကျိုးအမြတ်ရနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့်ပျော်ပျော်နေတတ်တဲ့ သူငယ်ချင်းနဲ့ပေါင်းပါ။ အပျော်မလွန်အောင်တော့ ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ❖

နောက်စကားပုံတစ်ခုက "An idle mind is the devil's workshop. (ပျင်းရိလို့ အလုပ်မလုပ်သူရဲ့ စိတ်ဟာ နတ်ဆိုးရဲ့ အလုပ်ရုံဖြစ်တယ်)"တဲ့။ ဘာမှမလုပ်တဲ့စိတ်ကို မကောင်းဆိုးဝါးတွေ ဝင်လာမှာပဲ။ တန်ဖိုးရှိအချိန်တွေမှာ မူးယစ်ဆေးဝါးနဲ့ အချိန်ကုန်မယ်။ လက်ဖက်ရည်ဆိုင်ထိုင်၊ စကားတွေဖောင်ဖွဲ့ပြီး အချိန်ကုန်မယ်။ ဖဲ့စ်ဘွတ်၊ အင်တာနက်မှာ စကားပြော၊ နားထောင်တာနဲ့ အချိန်ကုန်မယ်။ အကျိုးကျေးဇူးဆိုတာ ကိုယ့်အတွက်ဘာမှရလာမှာမဟုတ်ဘူး။ အဲဒီတော့ ဘာလုပ်ရမလဲ။ ကိုယ်ဝါသနာပါတာ တစ်ခုခုလုပ်ပါ။ စားဝတ်နေရေးအလုပ်နဲ့ လုံးဝမအားလပ်ဘူးဆိုတာတောင် အားတဲ့အချိန်လေး နည်းနည်းတော့ရမှာပါ။ အဲဒီအခါ စိုက်ပျိုးရေးပဲဖြစ်ဖြစ်၊ မွေးမြူရေးပဲဖြစ်ဖြစ်၊ စက်မှုလက်မှုပဲဖြစ်ဖြစ်၊ ဂီတအနုပညာစာပေပဲဖြစ်ဖြစ်တစ်ခုခုကို လေ့လာနေပါ။ လေ့ကျင့်နေပါ။ အဲဒါဆိုရင် ကိုယ့်စိတ်ထဲမှာ မကောင်းတာတွေဝင်မလာတော့ဘူးပေ့ါ။

ဒါကြောင့် အင်္ဂလိပ်ရှေးလူကြီးတွေက "Live and learn. (ရှင်သန်ပါ။ ပြီးတော့လေ့လာနေပါ)"တဲ့ တစ်ခုခုလေ့လာနေရင် ကျန်းမာနုပျိုမှုကိုအထောက်အကူ အများကြီးပြုပါတယ်။ အင်္ဂလိပ်ဝန်ကြီးချုပ် ဝင်စတန်ချာချီဟာ အားတဲ့အခါပန်းချီဆွဲတယ်။ မဆွဲတတ်ရာကပန်းချီပညာတတ်သွားတယ်။ အသက်ရှည်ရှည်နေသွားတယ်။ ဒါနမူနာပါ။ ဒါကြောင့် ကိုယ့်စိတ်ကို Idle mind(ပျင်းတဲ့စိတ်)မဖြစ်ပါစေနဲ့။ အမြဲသင်ယူလေ့လာနေပါ။သင်ယူစရာတွေက ဤကမ္ဘာလောကကြီးမှာ အများကြီးပါ။

**ရိုးရိုးလေးနဲ့ နေတတ်အောင်ကြိုးစားပါ**

နေ့စဉ် စားဝတ်နေမှုအလုပ်ဆိုတာ လူတိုင်းနေ့တိုင်း လုပ်နေရတဲ့အလုပ်ပါ။ ရိုးရိုးပဲနေတတ်ရင် အကုန်အကျသက်သာမယ်။ ကျန်းမာမယ်။ ခေတ်ကြီးက ရှေ့ကိုလျင်မြန်တဲ့အဟုန်နဲ့ တိုးတက်နေတယ်။ ဆန်းချင်တယ်ဆိုရင် ငွေသာအကုန်ခံ၊ အစွမ်းကုန်ဆန်းလို့ရတယ်။ ဒါပေမဲ့ အဲဒီဆန်းသမျှတွေဟာ တချို့က ကျန်းမာရေးကို အထောက်အကူမပြုဘူး။ တစ်လောက သတင်းစာထဲမှာ တောင်ကိုရီးယားနိုင်ငံမှာ နှလုံးရောဂါနဲ့ ကင်ဆာရောဂါတွေဟာ အရင်နှစ်တွေထက် အဆများစွာ အဖြစ်များလာတယ်လို့ ကိန်းဂဏန်းတွေနဲ့ ဖော်ပြတယ်။ အဲဒါဘာကြောင့်လဲ အရင်းစစ်လိုက်တော့ ကိုရီးယားမိသားစုအိမ်တွေမှာ မီးဖိုချောင်ဆိုတာ မရှိတော့ဘူး။ မိသားစုအားလုံး ငွေရှာတယ်။ စားသောက်ဆိုင်တွေမှာစားတယ်။ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစားအစာတွေ စားမိတယ်။ အဆီအအိမ့်တွေ၊ အသားတွေအစားများပြီး အဲဒီရောဂါတွေ ပိုခံစားရတာပေ့ါ။ ဒါရိုးရိုးလေးမစားတာရဲ့ အကျိုးဆက်ပဲ။ အဝတ်နဲ့ အနေအထိုင်မှာ မရိုးပြန်ရင်လဲ ဆိုးကျိုးတွေ ခံစားရတာတွေရှိပါတယ်။ တွေးကြည့်ရင်သိနိုင်ပါတယ်။

ဒါကြောင့် ကျန်းမာနုပျိုလန်းဆန်းချင်တယ်ဆိုရင် ရိုးရိုးလေးပဲနေပါ။ သက်ရှည်ကျန်းမာမှုကို ကြီးစွာအထောက်အကူပြုပါတယ်။

**ရယ်မောပါ**

"One day is very short. Laugh when you are happy and laugh later when you are unhappy" ဆိုတဲ့စာသားပါတဲ့ မျက်မှန်အိတ်အသစ်ကလေးတစ်ခု စာရေးသူမကြာခင်ကရခဲ့တယ်။ အဓိပ္ပာယ်က "တစ်နေ့တာဟာ တိုတိုလေးပါ။ သင်ပျော်တဲ့အခါ ရယ်မောပါ။ သင်စိတ်မချမ်းမသာဖြစ်ပြီးရင်လဲ ရယ်မောပါ"တဲ့ ကျွန်တော်တို့လူသားတွေရဲ့ဘဝဟာလဲ တိုတိုလေးပါ။ ဒီကမ္ဘာကြီးဟာ လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာကတည်းက ရှိခဲ့တယ်။ လူတွေရဲ့ အသက်ကတော့ အနှစ်တစ်ရာ။ ဒါအများဆုံးပဲ။ အဲဒီလိုခဏသာနေရတဲ့ကာလမှာ ပျော်ပျော်နေဖို့အရေးကြီးပါတယ်။

တချို့ဆိုအကြောင်းအမျိုးမျိုးကြောင့် မပျော်နိုင်ကြဘူး။ အဲဒီလိုမဖြစ်ရလေအောင်နေပါ။ ကျွန်တော်ဆို အခုဆောင်းပါးရေးနေရတာပျော်တယ်။ ကိုယ့်စာဖတ်ပြီး ဗဟုသုတရကြမှာပဲလို့တွေးပြီး ပျော်တယ်။ ပျော်ပျော်နေတတ်တဲ့ မိတ်ဆွေတွေလဲဖွဲ့ထားတယ်။ တစ်ခါတစ်ရံ သူတို့နဲ့ စကားပြောတယ်။ သူတို့ဟာ အကောင်းမြင်ဝါဒရှိသူတွေဖြစ်ကြတယ်။ ချီးကျူးတတ်သူ၊ စိတ်ချမ်းသာစရာစကားပြောတတ်သူတွေဖြစ်တယ်။ သူတို့နဲ့စကားပြောပြီးရင် ကိုယ့်စိတ်က နုပျိုလန်းဆန်းသွားတယ်။ အဲဒါကြောင့် ပျော်စရာစကားပြောတတ်တဲ့ မိတ်ဆွေတွေဖွဲ့ထားပါ။ သူတို့နဲ့စကားပြောပြီး ရယ်မောပါ။

ဒါ့ပြင် ပျော်စရာ၊ ရွှင်စရာစာတွေဖတ်ပါ။ ဟာသရုပ်ရှင်ကားတွေကြည့်ပါ။ ရယ်မောဖို့ အချိန်ပေးနိုင်ရင် လူလဲ ကျန်းမာရွှင်လန်းနုပျိုလန်းဆန်းမှာပါ။ ဒါကြောင့် ရယ်ဖို့ အချိန်ပေးပါလို့ အကြံပြုပါတယ်။

**သင်ချစ်တဲ့အရာတွေ သင့်နားမှာရှိပါစေ**

"တစ်ကိုင်းတည်းနားတဲ့ ငှက်ကလေးတွေ . . . သိပ်ပျော်မှာပဲလေ။ ပျော်မှာပေ့ါ မော်မှာပေ့ါ ချစ်သူနဲ့ပဲလေ။ မိုးမြင့်ထက်က ကြယ်ကလေးတွေ. . . သိပ်ပျော်မှာပဲလေ။ ပျော်မှာပေ့ါ မော်မှာပေ့ါ ချစ်သူနဲ့ပဲလေ. . . "ဆိုတဲ့ ရုပ်မြင်သံကြားကလာတဲ့ သီချင်းစာသားလေးကြားပြီး ကျန်းမာရွှင်လန်းနုပျိုလန်းဆန်းအောင် ဘဝမှာဘယ်လိုနေရမယ်ဆိုတာ ဖော်ပြနေပါတယ်။ မိသားစုအားလုံး စည်းလုံးညီညွတ်ပျော်ရွှင်စွာ တစ်မိုးအောက်မှာ နေရတာပျော်စရာပါ။ အဲဒီလိုနေနိုင်အောင် ကြိုးစားကြရပါမယ်။ ကလေးတွေအလုပ်သွားကုန်ပြီ။ ကလေးတွေ သီးခြားအလုပ်အကိုင်တွေနဲ့ ဖြစ်သွားကုန်ရင်တောင် ကိုယ့်အနီးမှာ ကိုယ်ချစ်တဲ့သူ၊ ကိုယ်ချစ်တဲ့အရာတော့ရှိရမှာပါ။ ကျွန်တော်ဆိုရင် အနားမှာ စာအုပ်တွေရှိတယ်။ သီချင်းစာအုပ်လဲပါတယ်။ အချို့အိမ်တွေမှာတော့ ကိုယ်ချစ်တဲ့ ခွေးလေးတွေ၊ ကြောင်လေးတွေ မွေးထားတယ်။ ရှေးလူကြီးတွေရဲ့ အိမ်တွေမှာ ကြက်တူရွေး၊ သာလိကာဆိုတဲ့ ငှက်လေးတွေ မွေးထားတယ်။ သူတို့ကို စကားသင်ပေးတယ်။ သူတို့နဲ့ စကားပြောတယ်။

ဒါ့ပြင် ကိုယ်အသက်ကြီးလာရင် စားဝတ်နေရေး မပူပင်ရအောင် ငယ်တုန်းရွယ်တုန်းမှာ ကြိုတင်စီမံမှုဆိုတာလဲ လုပ်ထားရပါမယ်။ ဒါမှကိုယ့်စိတ်ဟာ လုံခြုံပြီး ပူပန်မှုကင်းမှာပါ။ အပူအပင်မရှိရင် ကျန်းမာရွှင်လန်းပြီပေ့ါ။

နောက်မလွဲမသွေ ကိုယ်နဲ့အတူရှိရမှာကတော့ ကိုယ်ကိုးကွယ်ရာဘုရားပဲဖြစ်ပါတယ်။ ဘုရားပြောခဲ့တဲ့စကား၊ ဘုရားဟောခဲ့တဲ့တရားတွေကို လိုက်နာရပါမယ်။ ဘုရားနဲ့ဆန့်ကျင်ပြီး ဘုရားမကြိုက်တာတွေ ရှောင်ရပါမယ်။ ဘုရားမကြိုက်တာတွေပြုမိပါက အဝီစိငရဲဆိုတာနောက်မှ လတ်တလောခံရမှာက လောကငရဲပဲ။ ဘုရားဖက်တော့ အသက်ရှည်ဆိုတယ် မဟုတ်လား။ ဘုရားမဖက်ရင်တော့ စောစောသေ၊ မသေသေးတောင် ဒုက္ခပင်လယ်ထဲ လက်ပစ်ကူးနေရမယ်။

**ဝမ်းနည်းပူဆွေးချင် ဝမ်းနည်းပူဆွေးပါ။ ပြီးရင် စိတ်ထဲက ထုတ်လိုက်ပါ။**

"Laugh and the world laugh with you, weep, and you weep alone. (သင်ပျော်ရွှင်ဝမ်းမြောက်နေချိန်မှာ သင့်ပျော်ရွှင်မှုကို မျှဝေခံစားရင် အပေါင်းအဖော်အများကြီးတွေ့ရမယ်။ ဒါပေမဲ့ သင်ဝမ်းနည်းပူဆွေးနေချိန်မှာမူ သင်တစ်ယောက်တည်းသာ ခံစားရပေလိမ့်မယ်)"လို့ အင်္ဂလိပ်စကားပုံကဆိုတယ်။ ဒါအမှန်ပါပဲ။ မျက်ရည်ကျရတဲ့ အဖြစ်မျိုးက လူတိုင်းကြုံတွေ့ကြရပါမယ်။ လူဟာသေမျိုးတွေပဲဖြစ်ပါတယ်။ မိသားစုဝင်တစ်ယောက်ယောက်၊ ချစ်ကျွမ်းဝင်သူတစ်ယောက်ယောက်ဟာ အချိန်မရွေးသေနိုင်ပါတယ်။ အဲဒီတော့ ဝမ်းနည်းငိုကြွေးကြရတယ်။ ရေရှည်ခံစားမနေဖို့ အင်္ဂလိပ်လူကြီးတွေကဆုံးမခဲ့တာ။ ရေရှည်ခံစားနေရင် စိတ်ထောင်း ကိုယ်ကြေဆိုသလို ကိုယ့်ရဲ့ကျန်းမာရေးပါထိခိုက်လာမယ်။ မသေဆုံးခင် ပျော်ပျော်ရွှင်ရွှင် နေနိုင်အောင်လုပ်ကြရပါမယ်။ သေဆုံးသွားရင်တော့ မြန်မြန်မေ့ပျောက်နိုင်တာ အကောင်းဆုံးပါပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့တရားကို

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မြန်မာနိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ယာဉ်အစီးရေ ၁၀၀၀၀ ကျော်ကို ကနဦးမှတ်ပုံတင်ပြုလုပ်ပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ယာဉ်အစီးရေ ၁၀၀၀၀ ကျော်ကို ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပမှ တင်သွင်းလာသည့်ယာဉ်များနှင့် စက်မှုဝန်ကြီးဌာနက တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်သည့် ယာဉ်များ၊ စက်မှုဇုန်များက ထုတ်လုပ်သည့် ယာဉ်များ၏ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းစက်မှုဇုန်များက ထုတ်လုပ်သည့်ယာဉ်များ ကနဦးမှတ်ပုံတင်ပြုလုပ်မှုမရှိဘဲ ပြည်ပမှ တင်သွင်းလာသည့်ယာဉ် ၈၈၂၈ စီးနှင့် စက်မှုဝန်ကြီးဌာနက တစ်စိတ်တစ်ပိုင်းတပ်ဆင်ထုတ်လုပ်သည့် ယာဉ် ၁၆၃၆စီး စုစုပေါင်းယာဉ် ၁၀၄၆၄ စီးကို ကနဦးမှတ်ပုံတင် ပြုလုပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်ပမှတင်သွင်း ဆောင်ရွက်လာသည့် ယာဉ်များကို ကနဦးမှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ပေးရာတွင် လူစီးယာဉ် ၃၆၆ စီး၊ ခရီးသည်တင်ယာဉ် ၁၂ စီး၊ ကုန်တင်(ဝန်ပေါ့)ယာဉ် ၁၀၅ စီး၊ ကုန်တင်(ဝန်လေး)ယာဉ် ၁၂ စီး၊ အခြားယာဉ် ၃၅စီး၊ နှစ်ဘီးတပ်ယာဉ် ၇၇၉၆ စီး၊ သုံးဘီးတပ်ယာဉ်အစီး ၃၉၀၊ ထော်လာဂျီ ၃၁ စီး၊ ယန္တရား ၁၈ စီးနှင့် နောက်တွဲယာဉ် ၆၃ စီး စုစုပေါင်း ယာဉ် ၈၈၂၈ စီးကို ကနဦးမှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ စက်မှုဝန်ကြီးဌာနက တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်သည့် ယာဉ်များကို ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးရာတွင်လည်း လူစီးယာဉ် ၁၄၃ စီး၊ ကုန်တင်(ဝန်ပေါ့)ယာဉ် သုံးစီး၊ နှစ်ဘီးတပ်ယာဉ် ၁၃၇၁ စီး၊ သုံးဘီးတပ်ယာဉ်အစီးရေ ၁၁၀၊ ထော်လာဂျီ ကိုးစီး စုစုပေါင်းယာဉ် ၁၆၃၆ စီးကို ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL



➤ စာမျက်နှာ ၄ မှအဆက်

ထင်အောင် မြင်အောင်ရှုပါ။ စိတ်ဆင်းရဲမှု လျော့ပါးသွားပါမယ်။ ဒါမှ ကျန်းမာရေးကို အထောက်အကူပြုပြီး နုပျိုလန်းဆန်းမှာပါ။

**ကိုယ့်အသက်ကို တန်ဖိုးထားမြတ်နိုးပါ**

ကိုယ့်အသက်ကို တန်ဖိုးထားသူတွေဟာ ကျန်းမာအောင်နေကြတယ်။ "လူတွေဖတ်ဖို့လိုနေတဲ့ စာအုပ်ကတော့ ကျန်းမာရေးဆိုတဲ့စာအုပ်ပဲ"လို့ Apple ကွန်ပျူတာကုမ္ပဏီကြီး၏ အကြီးအကဲ အသက် ၅၆ နှစ်မှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားသူ စတိဗ်ဂျော့ဘ်က ပြောသွားတယ်။ ကျန်းမာအောင်၊ အသက်ရှည်အောင်က စားတာ၊ သောက်တာ၊ နေတာ အားလုံးမှာ တန်ဆေးလွန်ဘေးဆိုတဲ့စကားနဲ့အညီ နေရမယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်းတယ်ဆိုတဲ့စကားလိုက်နာရမယ်။ ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ရမယ်။

ကျန်းမာရေးဗဟုသုတပြည့်စုံသူနဲ့ တိုင်ပင်ကြိုတင်ကာကွယ်ရမယ်။ ဖြစ်လာရင် ရောဂါမရင့်မီ မြန်မြန်ကုသရမယ်။ ပေါ့ပေါ့တန်တန်မနေရဘူး ဒါဆိုသက်ရှည်ကျန်းမာစီးပွားဖြစ်မှာပါ။

**မသွားချင်တဲ့ ခရီးတွေကို မသွားနဲ့**

အိမ်ထဲမှာ အမြဲနေရတာပျင်းစရာပါ။ တစ်ခါတစ်ရံမှာတော့ စိတ်လွတ်ကိုယ်လွတ်ဈေးဝယ်ထွက်လိုက်ပါ။ ဘုရားဖူးသွားချင်သလား သွားလိုက်ပါ။ နိုင်ငံခြားသွားလည်ချင်သလား သွားလည်ပါ။ ဒါပေမဲ့ စည်းကမ်းတင်းကျပ်မှု၊ ကန့်သတ်ချက်တွေရှိနေတဲ့ခရီးမျိုးတော့မဖြစ်ပါစေနဲ့။ နောက်ပြီး အခါရာသီလဲ သတိပြုပြီးသွားပါ။ အသွားမတော်တစ်လှမ်းဆိုတာမျိုးတော့ မဖြစ်စေနဲ့ပေါ့။ ဒါမှစိတ်ရွှင်လန်းရမှာ။

**ကိုယ်ချစ်တဲ့သူတွေကို အသက်ရှင်နေတုန်းအခွင့်အရေးရတုန်းမှာ ချစ်တယ်လို့ ဖွင့်ပြောလိုက်ပါ**

အိမ်ကဇနီး၊ ခင်ပွန်း၊ သားသမီးကို ပြောရမှာမဟုတ်ဘူး။ အသက်ကြီးမှ မိန်းကလေးငယ်တွေကိုချစ်တယ်လို့ သွားပြောရမှာ မဟုတ်ဘူး။ မိတ်ဆွေတွေထဲက ကိုယ့်ကိုနှစ်ပေါင်းများစွာ ကူညီခဲ့သူ၊ ဖေးမခဲ့သူ၊ ပြောမနာဆိုမနာဖြစ်နေသူကို သူငယ်ချင်းတွေထဲမှာ မင်းကိုတော့ အချစ်ဆုံးပါလို့ပြောရမှာပါ။ အဲဒီအချစ်ဆုံး လူတွေဟာ သိပ်အများကြီးရှိမှာပဲလို့ မထင်ပါနဲ့။ တကယ်စေ့စပ်သေချာစွာ ဆန်းစစ်ကြည့်ပါ။ ရှာမှရှားပါတယ်။ တစ်ယောက်လောက်ရဖို့တောင် တော်တော်မလွယ်ပါဘူး။ လောကွတ်ချော်ပြီးလဲ ပြောဖို့မလိုပါဘူး။

ကဲ . . . ဖော်ပြခဲ့တဲ့အချက်တွေကတော့ ကျန်းမာရွှင်လန်းနုပျိုလန်းဆန်းအောင်နေသင့်တဲ့အချက်တွေပါပဲ။ လူ့သဘာဝကြီးမှာ ဖြစ်တတ်၊ ပျက်တတ်တဲ့ဖြစ်ရပ်တွေကို အလိုက်သင့် နေအပ်တဲ့အနေအထားတွေပါ။ အဲဒီအတိုင်းသာနေကြမယ်ဆိုရင် ကိုယ်လဲကျန်းမာ၊ ကိုယ်နဲ့ဆက်စပ်သူတွေလဲကျန်းမာကြပါမယ်။ ကိုယ်လဲနုပျိုလန်းဆန်း ကိုယ့်ပတ်ဝန်းကျင်က လူတွေလဲ နှင်းရည်ဆမ်းသော ပန်းကလေးတွေပမာ ဖြစ်မှာမလွဲပါလို့ ပြောပါရစေ။

"စိတ်နှလုံးပျော်ရွှင်ခြင်းသည် ပိုက်ဆံအိတ်ပြည့်ခြင်းထက်ကောင်း၏" လို့ အီတလီစကားပုံကဆိုထားတယ်။ အဲဒီတော့ စိတ်နှလုံးပျော်ရွှင်အောင် နေတတ်ကြပါစေ။ ကျန်းမာရွှင်လန်းနုပျိုလန်းဆန်းကြပါစေ။

**ကိုးကား**

– **"နုပျိုအောင်ဘယ်လိုနေမလဲ" သုတပဒေသာစာစောင်**

# ကျေးဇူးကြီးလှ မိနှင့်ဖ

\- မြင်းမိုရ်တောင်ဦး မကကျူးသည့်
ကျေးဇူးအရှင် မွေးမိခင်နှင့်
ဖခင်နှစ်ပါး လွယ်မွေးဖွားကြောင့်
ကျွန်ကားလူ့ရွာ ရောက်ခဲ့ရာဝယ်
မာတာပီတ လွန်ကြည်မြ၍
သားလှပုတ္တာ ရွှေရုပ်လှနှင့်
ပမာနှိုင်းဆ ရှုမဝတည့်။

\- ကျင်းလျှိုမြောင်ကူး ရှေ့စူးစူးတွင်
အထူးမြားမြောင် လူတို့ဘောင်၌
တိမ်တောင်သဖွယ် မင်းရေးကျယ်၍
အလွယ်မတွေး ပေါက်နှင့်ကျေးကို
သားတွေးအစဉ် မှားမှန်မြင်အောင်
ကြင်ကြင်နာနာ သင်ဆရာထံ
ပညာသင်ကြား လူတို့ကြားဝယ်
လေးစားသူငါ ရှိစေရာကြောင့်
ပုဗ္ဗာစရိယ မိနှင့်ဖဟု
ဓမ္မပေစာ ရှိခဲ့ပါသည်
အရာတိုင်းပ တုမရတည့်။

\- မင်းလိုခေါင်မှူး သားမောင်ထူးကို
လွန်ကျူးမေတ္တာ ကရုဏာနှင့်
သေချာပိုက်ထွေး ပိုးလိုမွေး၍
ကျွေးမွေးပြုစု လက်နုနုဖြင့်
ကယုကယင် လိမ်းဖြီးသင်လျက်
ထို့ပြင်တစ်ဝ မေ့သားလှကို
ရန်စသူအား ရှေ့ကသွား၍
မားမားမတ်မတ် ရင်ဆိုင်တတ်ဖို့
စွဲမှတ်မျက်မြင် ကြက်မိခင်က
ရင်ခွင်အုပ်ထား ကြက်လေးများကို
တအားထိုးသုတ် စွန်ရဲစုတ်ကို
အဟုတ်တွန်းလှန် စွန်ကျွမ်းပြန်သည့်
အမှန်ဖြစ်ရပ် အမေ့ဇာတ်နှင့်
တပ်အပ်တူငြား အဖေကားမူ
စံထားဖခင် ရှေးယခင်က
မည်တွင်သညာ ဗိမ္ဗိသာရ၏
ခူနာငုံထွေး အာငွေ့ပေး၍
သားထွေးရှုမှတ် ဇာတသတ်အား
ချစ်မြတ်နယ်ကျွန် တမလွန်ထိ
အမွန်အမြတ် မေတ္တာဓာတ်ကို
သိမှတ်စေမှု ပမာပြု၍
ကောင်းမှုထွေထွေ ရပါစေဟု
ပေးဝေအမျှ မိနှင့်ဖအား
ပို့သမေတ္တာ သားပန်ထွာသည်
ဒေဝါမှိုင်းမ ခုခဏတည့်။ ။

မန္တလာပြေ

# နိုင်ငံတကာ သတင်းများ

## နိုင်ငံခြားငွေ သုံးစွဲမှုများလျှော့ချရန် ဝန်ကြီးဌာနများကို အီဂျစ်အစိုးရညွှန်ကြား

**ကိုင်ရို ဇန်နဝါရီ ၁၁**

လက်ရှိဘဏ္ဍာနှစ်ကုန်ဆုံးမည့် လာမည့်ဇွန်လထိတိုင် မလိုအပ်ဘဲ ငွေကြေးသုံးစွဲမှုများလျှော့ချကြရန် အီဂျစ်အစိုးရက ဝန်ကြီးဌာနများကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

အီဂျစ်အစိုးရက ဇန်နဝါရီ ၄ ရက်တွင်ထုတ်ပြန်ခဲ့သည့် အဆိုပါညွှန်ကြားချက်၌ နိုင်ငံခြားငွေအပေါ် အားပြု အကောင်အထည်ဖော်ရမည့် အကြီးစားအမျိုးသားစီမံကိန်းသစ်များ ဆိုင်းငံ့ထားရေးလည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားငွေသုံးစွဲရန် လိုအပ်လာပါက ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရယူရန် ဝန်ကြီးဌာနများကို တောင်းဆိုထားသည်။

သို့သော် နိုင်ငံခြားငွေသုံးစွဲမှုကို ကန့်သတ်ရာတွင် အီဂျစ်အစိုးရက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများကို ခြွင်းချက်ပေးထားသည်။

နိုင်ငံခြားအရန်ငွေ နည်းပါးလာမှုပြဿနာနှင့် ရင်ဆိုင်နေရစဉ် နိုင်ငံခြားငွေအသုံးအစွဲ လျှော့ချရန် အီဂျစ်အစိုးရက ဝန်ကြီးဌာနများကို ညွှန်ကြားထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း အီဂျစ်နိုင်ငံသည် မြို့တော်သစ်တည်ဆောက်ရေးစီမံကိန်းအပါအဝင် အကြီးစားစီမံကိန်းကြီးများအတွက် နိုင်ငံခြားအရန်ငွေကိုအကြီးအကျယ် သုံးစွဲခဲ့ကြောင်း သိရသည်။

KKO

## ပဲရစ်ဘူတာရုံ၌ အမျိုးသားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် လူ ခြောက်ဦး ဒဏ်ရာရရှိ

**ပဲရစ် ဇန်နဝါရီ ၁၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ဂါရီဒူနော့ဒ်ဘူတာရုံ၌ အမျိုးသားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ယနေ့တွင် လူပေါင်းခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အမျိုးသားသည် လက်လုပ်လက်နက်တစ်မျိုးအဖြစ် ယူဆရသော လက်နက်တစ်မျိုးဖြင့် ဘူတာရုံတွင်းရှိ ခရီးသည်များကို တိုက်ခိုက်ခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမင်နာက ပြောကြားခဲ့သည်။

၎င်းအမျိုးသား၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သူ ခြောက်ဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ပြင်သစ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

တိုက်ခိုက်မှုကျူးလွန်သူ အမျိုးသားအား တာဝန်ချိန်ပြင်ပရဲတပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ဟန့်တားခဲ့ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဂါရီဒူနော့ဒ်ဘူတာရုံတိုက်ခိုက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ စုံစမ်းစစ်ဆေးနေကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားထားသည်။

၂၀၂၂ ခုနှစ် အတွင်းကလည်း ဂါရီဒူနော့ဒ်ဘူတာရုံ၌ အမျိုးသားတစ်ဦးက ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ကြိုးစားခဲ့ရာ ရဲတပ်ဖွဲ့က ပစ်ခတ်တားဆီးခဲ့ရကြောင်း သိရသည်။

KKO



## စစ်သုံ့ပန်း ဦးရေ ၄၀ စီ အပြန်အလှန်လဲလှယ်ရန် ရုရှားနှင့်ယူကရိန်းတာဝန်ရှိသူများ သဘောတူ



**အင်ကာရာ ဇန်နဝါရီ ၁၁**

တူရကီနိုင်ငံ အင်ကာရာမြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် စစ်သုံ့ပန်းဦးရေ ၄၀ စီ အပြန်အလှန်လဲလှယ်ရန် ရုရှားနှင့် ယူကရိန်း လူ့အခွင့်အရေး မဟာမင်းကြီးများက သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်း လူ့အခွင့်အရေး မဟာမင်းကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် စစ်သုံ့ပန်း ဦးရေ ၄၀ စီ အပြန်အလှန် လဲလှယ်ရေးအတွက် သဘောတူညီချက်ရယူနိုင်ခဲ့ကြောင်း ရုရှားလူ့အခွင့်အရေးမဟာမင်းကြီး တာယာနာ မော့စကယ်လ်ကိုဗာက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနှင့်ယူကရိန်း လူ့အခွင့်အရေး မဟာမင်းကြီးများသည် အင်ကာရာမြို့၌ ကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးညီလာခံ၌ သီးခြားတွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ရုရှားနှင့်ယူကရိန်း လူ့အခွင့်အရေးမဟာမင်းကြီးများ အင်ကာရာမြို့၌ တွေ့ဆုံဆွေးနွေးနေချိန်တွင် ယူကရိန်းအရှေ့ပိုင်း ဆိုလီဒါမြို့၌ တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။

ရုရှားနှင့်ယူကရိန်း လူ့အခွင့်အရေး မဟာမင်းကြီးများသည် အင်ကာရာဆွေးနွေးပွဲ၌ နှစ်ဖက်စလုံးမှ နိုင်ငံသားများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

၁၁ လတာ ကာလအတွင်း ဝင်ရောက်လာပြီဖြစ်သောယူကရိန်းပဋိပက္ခ ကာလတစ်လျှောက်တွင် ရုရှားနှင့်ယူကရိန်းတို့သည် အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO

## ကွန်မြူနစ်ခေါင်းဆောင်ဟောင်း ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် နီပေါလွှတ်တော်အတည်ပြု

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၁**

မော်ဝါဒီ ကွန်မြူနစ်သူပုန်ခေါင်းဆောင်ဟောင်း ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်သည် ဇန်နဝါရီ၁၀ ရက်တွင် နီပေါဝန်ကြီးချုပ်ရာထူး တတိယသက်တမ်းအတွက် ဝန်ကြီးချုပ်သစ်အဖြစ် အတည်ပြုခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နီပေါလွှတ်တော်က ဇန်နဝါရီ ၁၀ ရက်တွင်ကျင်းပခဲ့သည့် ဝန်ကြီးချုပ်သစ်အပေါ် အယုံအကြည်ရှိ၊ မရှိ မဲခွဲဆုံးဖြတ်ပွဲတွင် ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်သည် အမတ်အားလုံးနီးပါး၏ ထောက်ခံမှုကို ရယူနိုင်ခဲ့သည်။

နီပေါလွှတ်တော်တွင် အမတ်နေရာ ၂၇၅ နေရာရှိပြီး အမတ် ၂၆၈ဦးတို့က ဝန်ကြီးချုပ်သစ် ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်ကို ထောက်ခံမဲပေးခဲ့ကြသည်။

ဝန်ကြီးချုပ် ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်ဦးဆောင်သည့်နီပေါအစိုးရအဖွဲ့သစ်သည် ငွေတန်ဖိုးဖောင်းပွမှုပြဿနာ၊ နိုင်ငံခြားအရန်ငွေနည်းပါးလာမှုပြဿနာတို့အပါအဝင် စီးပွားရေးပြဿနာများနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

နီပေါဝန်ကြီးချုပ် ရာထူးကို တတိယအကြိမ် ရယူခဲ့သည့် အသက် ၆၈ နှစ်အရွယ် ပွတ်ရှ်ပါးကာမဲလ်ဒါဟဲလ်သည် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်ကြား ၁၀ နှစ်ကြာ ဖြစ်ပွားခဲ့သော ကွန်မြူနစ်ပုန်ကန်မှုကို ဦးဆောင်ခဲ့သူဖြစ်သည်။



သက်တမ်း ၂၃၉ နှစ် ရှိပြီဖြစ်သည့် ဘုရင်စနစ်ကို ၂၀၀၈ ခုနှစ်အတွင်း ဖျက်သိမ်းခဲ့ပြီးနောက် နီပေါနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှု ထိခိုက်ခဲ့ရပြီး အစိုးရအဖွဲ့ ၁၁ ဖွဲ့ထိ အပြောင်းအလဲ ရှိခဲ့ကြောင်း သိရသည်။

KKO

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေးကို နိုင်ငံတကာအရေးပေါ် အခြေအနေအဖြစ်ဆက်ထားရန် သင့်၊မသင့် WHO သုံးသပ်မည်

**ဂျီနီဗာ ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးမှာ နိုင်ငံတကာကျန်းမာရေးအရေးပေါ်အခြေအနေတစ်ရပ်ကို ဆက်လက်ကိုယ်စားပြုနေဆဲရှိ၊ မရှိ ဆုံးဖြတ်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဇန်နဝါရီ ၂၇ရက်တွင်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးကို နိုင်ငံတကာကျန်းမာရေးအရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ဆက်လက်သတ်မှတ်ရန် သင့်၊ မသင့်နှင့်ပတ်သက်၍ WHO အရေးပေါ် ကော်မတီအနေဖြင့် ဇန်နဝါရီ၂၇ရက်တွင် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း WHO ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၁၀ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

WHO အရေးပေါ်ကော်မတီသည် ကပ်ရောဂါတစ်ခုကို နိုင်ငံတကာအရေးပေါ်အခြေအနေအဖြစ် ကြေညာရန် သင့်၊ မသင့်နှင့်ပတ်သက်၍ WHO အကြီးအကဲကို အကြံပြုရသည့် ကော်မတီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အခြေအနေအရ အဆိုပါရောဂါ ကူးစက်မှုကပ်ဘေးအား နိုင်ငံတကာကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကြေညာထားမှု ပြန်လည်ရုပ်သိမ်းရေးမှာ အချိန်စောလွန်းနေဖွယ်ရှိကြောင်း ထိပ်တန်းသိပ္ပံပညာရှင်များနှင့် WHO ကျွမ်းကျင်သူများက သတိပေးထားသည်။


ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလုံးဝကင်းစင်ရေးမူဝါဒကို တရုတ်အစိုးရက ယခုလအတွင်း အပြီးသတ် ရုပ်သိမ်းပေးခဲ့ပြီးနောက် အဆိုပါရောဂါကူးစက်မှုများမြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

WHOသည်ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေးကို နိုင်ငံတကာအရေးပေါ် အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကြေညာခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာမြေကို ဂြိုဟ်ရံလသဖွယ်လှည့်ပတ်နေသည့် ထူးဆန်းသောဂြိုဟ်သိမ်ငယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ကမ္ဘာမြေကို ဂြိုဟ်ရံလသဖွယ် လှည့်ပတ်နေသည့် ထူးဆန်းသော ဂြိုဟ်သိမ်ငယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း MSN သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

2022YG ဟူ၍ အမည်ပေးထားသည့် ဂြိုဟ်သိမ်ငယ်ကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ စတီးဝပ် ရေဒီယိုတယ်လီစကုပ်စခန်းကလည်း ဒီဇင်ဘာ ၂၇ ရက်က ထပ်မံတွေ့ရှိအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

မကြာသေးမီကမှ ရှာဖွေတွေ့ရှိခဲ့ရသော်လည်း 2022YG ဂြိုဟ်သိမ်သည် ၁၉၆၁ ခုနှစ်ခန့်ကပင် ကမ္ဘာမြေကိုလှည့်ပတ်နေခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ထို့ပြင် 2022YG ဂြိုဟ်သိမ်သည် ၂၀၈၁ ခုနှစ်ထိ ကမ္ဘာကို ဆက်လက်လှည့်ပတ်နေနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ထူးဆန်းစွာဖြင့် ရှည်မျောမျောဘဲဥပုံရှိသည့် 2022YG ဂြိုဟ်သိမ်သည် ကမ္ဘာကိုတစ်ပတ် ပတ်မိရန် ၃၆၆ ရက်ထိ အချိန်ယူရနိုင်သည်ဟု သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။ KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က ဇန်နဝါရီ ၁၂ ရက်တွင် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၂ ရက်တွင် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်စတင်ရေးအတွက် ယနေ့တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာခဲ့ပြီးဖြစ်သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာနိုင်ပြီး ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါအာကာသကုန်တင်ယာဉ်ကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်က ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၂၆ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများအတွက် စားရေရိက္ခာများနှင့် အာကာသစခန်း ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ KKO

## C 2022 E3 ကြယ်တံခွန် ဇန်နဝါရီ ၁၂ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

C 2022 E3 အမည်ရှိ ကြယ်တံခွန်သည် ဇန်နဝါရီ ၁၂ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

နေကို အနီးကပ်ဖြတ်ကျော်ပြီးချိန်တွင် C 2022 E3 ကြယ်တံခွန်သည် နှစ်ပေါင်း ၅၀၀၀၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

အဆိုပါကြယ်တံခွန်သည် ဇန်နဝါရီ ၁၂ ရက်တွင် နေကို မိုင်ပေါင်း သန်း ၁၀၀ ခန့်အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ထိုကဲ့သို့ နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းပြီးနောက် C 2022 E3 ကြယ်တံခွန်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

အနီးဆုံးမှတ်မှ ဖြတ်ကျော်ချိန်တွင် C 2022 E3 ကြယ်တံခွန်နှင့် ကမ္ဘာမြေကြား အကွာအဝေးမှာ မိုင်ပေါင်း ၂၆ သန်းခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ၎င်းကြယ်တံခွန်ကို သာမန်မျက်စိနှင့်ပင် တွေ့မြင်နိုင်မည်ဖြစ်ပြီး နေကို အနီးကပ်ဖြတ်သန်းချိန်တွင်မူ တွေ့မြင်နိုင်မည်မဟုတ်ကြောင်း သိရသည်။ KKO

# HEALTH

## ဂလီယိုဘလပ်စတိုးမားကင်ဆာရောဂါအတွက် စမ်းသပ်ဆဲထိုးဆေးတစ်မျိုးက ကုသဆေးဖြစ်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၁**

စမ်းသပ်ဆဲထိုးဆေးတစ်မျိုးသည် ဂလီယိုဘလပ်စတိုးမား (Glioblastoma) ခေါ် ကုသ၍မရနိုင်သည့် ဦးနှောက်ကင်ဆာရောဂါတစ်မျိုးကို ခံစားနေရသူများအတွက် ကုသဆေးတစ်လက် ဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဆေးသစ်ကို အမေရိကန်နိုင်ငံ BWH ဆေးရုံကြီးမှ သုတေသနပညာရှင်များက ကြွက်များ၌ လက်တွေ့စမ်းသပ်လျက်ရှိသည်။

စမ်းသပ်မှုမှထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါဆေးသည် ရှိရင်းစွဲ ဂလီယိုဘလပ်စတိုးမားကင်ဆာဆဲလ်များကို ဖျက်ဆီးနိုင်သလို ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်ထွက်မှုကိုလည်း တားဆီးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါထိုးဆေးသစ်တွင် အမေရိကန် သုတေသနပညာရှင်များသည် ဂလီယိုဘလပ်စတိုးမားကင်ဆာဆဲလ်များကို တိုက်ခိုက်ရန် မျိုးဗီဇအရ ပြန်လည်ပုံစံယူထားသော လူနာ၏ကင်ဆာဆဲလ်များကိုပင် အသုံးပြုထားသည်။

လက်ရှိတွင် ၎င်းထိုးဆေးကို တိရစ္ဆာန်များဖြင့်သာ စမ်းသပ်နေဆဲဖြစ်သော်လည်း ထွက်ပေါ်လာသည့်ရလဒ်များမှာ ဂလီယိုဘလပ်စတိုးမားကင်ဆာလူနာများအတွက် အားတက်ဖွယ်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဂလီယိုဘလပ်စတိုးမားဦးနှောက်ကင်ဆာရောဂါသည် ဖြစ်ပွားပါက ငါးနှစ်အတွင်း အသက်ဆုံးပါးရတတ်သော ကုသ၍မရနိုင်သည့် ကင်ဆာဝေဒနာတစ်ရပ်ဖြစ်သည်။ KKO

## ကိုဗစ်ဖြစ်ဖူးသူများ၌ အခြားပိုင်းရပ်ကူးစက်မှုအပေါ် ခုခံအားစနစ်၏တုံ့ပြန်ပုံများ ပြောင်းလဲသွားတတ်

**နယူးယောက် ဇန်နဝါရီ ၁၁**

ကိုဗစ်ရောဂါဖြစ်ပွားဖူးသူများတွင် အခြားပိုင်းရပ်ကူးစက်မှုများအပေါ် လူ့ခုခံအားစနစ်၏ တုံ့ပြန်ပုံ ပြောင်းလဲသွားတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အမျိုးသား ဓာတ်မတည့်ရောဂါနှင့် ကူးစက်ရောဂါများဆိုင်ရာ အင်စတီကျူမှ သုတေသနပညာရှင်များသည် တုပ်ကွေးကာကွယ်ဆေးထိုးနှံထားသော ကျန်းမာရေးကောင်းသူများ၏ ခုခံအားစနစ်တုံ့ပြန်ပုံများကို လေ့လာခဲ့ကြသည်။

ထို့နောက် ကိုဗစ်ရောဂါ မဖြစ်ဖူးသူများနှင့် ဖြစ်ဖူးသော်လည်း ရောဂါလက္ခဏာ မပြင်းထန်ခဲ့သူများ၏ ခုခံအားစနစ်တုံ့ပြန်မှုများကို ထပ်မံနှိုင်းယှဉ် လေ့လာခဲ့ကြရာ လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ကိုဗစ်ရောဂါဖြစ်ပွားဖူးသူများ၏ တုပ်ကွေးကာကွယ်ဆေးအပေါ် ခုခံအားစနစ်တုံ့ပြန်ပုံမှာ ကိုဗစ်ရောဂါမဖြစ်ဖူးသူများထက် ပို၍အားကောင်းနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါဖြစ်ပွားဖူးသူများ၌ အခြားပိုင်းရပ်တစ်မျိုးအပေါ် ခုခံအားစနစ်တုံ့ပြန်ပုံ ပြောင်းလဲသွားတတ်သည့်သဘောရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ကိုဗစ်ရောဂါဖြစ်ပွားဖူးသူ သန်း ၆၀၀ ကျော်ထိရှိရာ ၎င်းရောဂါ၏ လူ့ခုခံအားစနစ်အပေါ် အကျိုးသက်ရောက်ပုံကို နားလည်ထားရန် အရေးကြီးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO






# ကင်ဆာရောဂါခံစားနေရသည့် ဟော်လာ ဒေါ့မွန်အသင်း၏ခြေစမ်းပွဲတွင် ပြန်လည်ပါဝင်လာ

**ဘာလင် ဇန်နဝါရီ ၁၁**

ကင်ဆာရောဂါခံစားနေရသည့် ဒေါ့မွန်အသင်း တိုက်စစ်မှူး ဟော်လာသည် ခြောက်လကျော် အသင်း၏ပွဲစဉ်များနှင့် လွဲချော်ခဲ့ပြီးနောက် အင်္ဂါနေ့က ကစားခဲ့သည့် ဒူဆယ်ဒေါ့အသင်းနှင့်ခြေစမ်းပွဲစဉ်တွင် ပြန်လည်ပါဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဟော်လာသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့် နှစ်ပတ်ကြာပူးပေါင်းခဲ့ပြီးနောက် ကင်ဆာရောဂါစစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ဓာတုကုထုံးဖြင့် နှစ်ကြိမ်တိုင် ကုသမှုပြုလုပ်ခဲ့ရပြီး ခြောက်လကြာ အနားယူခဲ့ရသော်လည်း ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် အသင်း၏လေ့ကျင့်ခန်းအစီအစဉ်များတွင် ပါဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟော်လာသည် ဒေါ့မွန်အသင်းက ဒူဆယ်ဒေါ့အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ခြေစမ်းပွဲစဉ်၏ ပွဲချိန် ၇၄ မိနစ်တွင် လူစားဝင်ကစားခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ဇန်နဝါရီ ၂၂ ရက်၌ကစားရမည့် အော့စ်ဘတ်အသင်းနှင့်ပွဲစဉ်တွင်ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

ဒေါ့မွန်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလကဟာလန်း ထွက်ခွာခဲ့သောကြောင့် ဟော်လာနှင့် ပြန်လည်အစားထိုးခဲ့သော်လည်း ၎င်းအနေဖြင့် ကင်ဆာရောဂါကြောင့် ကာလရှည်အနားယူခဲ့ရသဖြင့် မိုဒက်စတီကို ထပ်မံခေါ်ယူခဲ့ရပြီး တိုက်စစ်ပိုင်းဖြည့်တင်းခဲ့သော်လည်းအသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲ တွင် ရမှတ် ၂၅ မှတ်ဖြင့် အဆင့် (၆) နေရာတွင်ရပ်တည်နေပြီး အဆင့်(၁)မှ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရမှတ် ကိုးမှတ်ထိ ကွာဟနေပြီး ရုန်းကန်နေရကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ် ပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်

STA

**အေဗီလာ Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၁ – ၀ လိဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေဗီလာ** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **အိမ်(ရှုံး)** |
| **လိဒ်** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အေဗီလာအသင်းဟာ လိဒ်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ လိဒ်အသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားသလို အဝေးကွင်းခံစစ်ပိုင်းကလဲ ပေးဂိုးများနေပြီး စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ အေဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေဗီလာ ၂ – ၁ လိဒ်**

# အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းနှင့် အောက်ဖို့ဒ်အသင်းတို့ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ခံစစ်ကစားသမား ဘရောင်းအနေဖြင့် လောင်းကစားမှုတွင် ပါဝင်ပတ်သက်နေသောကြောင့် စစ်ဆေးမှုခံယူနေရကြောင်း သိရသည်။
- ဘယ်လ်ဂျီယံအသင်းက နည်းပြတာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းမှုကို လက်ထောက်နည်းပြ ဟင်နရီက ငြင်းဆိုခဲ့ကြောင်း သိရသည်။
- လက်စတာအသင်းက ဗီအိုရင်တီးနားအသင်းမှ တိုက်စစ်မှူး ဂွန်ဇာလက်ကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ML

# ဂျာအိုဖီးလစ်၏နေရာတွင် ဒီပေးနှင့်အစားထိုးရန် အေတီကိုအသင်းဆွေးနွေးမှုပြုလုပ်



**မက်ဒရစ် ဇန်နဝါရီ ၁၁**

အေတီကိုအသင်းက ဂျာအိုဖီးလစ်ကို ချဲလ်ဆီးအသင်းသို့ ခြောက်လအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် ၎င်း၏နေရာတွင် အစားထိုးရန် ဘာစီလိုနာအသင်းမှ ဒီပေးကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဆီမွန်နီသည် ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ချဲလ်ဆီးအသင်းသို့ အငှားစာချုပ်ဖြင့်စေလွှတ်ခဲ့ပြီးနောက် လစ်လပ်နေသည့် တိုက်စစ်နေရာအတွက် ဘာစီလိုနာအသင်းတွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် ဒီပေးနှင့်အစားထိုးနိုင်ရန် အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိနေသည်။

ဘာစီလိုနာအသင်းသည် ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်သည့် တိုက်စစ်မှူး ဒီပေးနှင့် လာမည့် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ သင့်တော်သည့် ကမ်းလှမ်းမှုများပြုလုပ်လာပါက ၎င်းကိုအသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး ဒီပေးကို ပရီးမီးယားလိဂ်ကလပ်အသင်းများအပါအဝင် စီးရီးအေကလပ်ရိုးမားအသင်းနှင့်ဂျူဗင်တပ်အသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေပြီး ဘာစီလိုနာအသင်းကသင့်တော်သည့် ပြောင်းရွှေ့ကြေးမရရှိသဖြင့် ထွက်ခွာခွင့် မပြုခဲ့သော်လည်း အေတီကိုအသင်းအနေဖြင့် ဘာစီလိုနာအသင်းက သတ်မှတ်ထားသည့် ဆွေးနွေးမှုပြုလုပ်ခဲ့ပါက ခေါ်ယူနိုင်ရန် သေချာဖွယ်ရှိကြောင်း သိရသည်။

ML

# မန်ယူအသင်း သမိုင်းတစ်လျှောက် နိုင်ပွဲ ၂၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သည့်နည်းပြအဖြစ် နည်းပြ တန်ဟတ် မှတ်တမ်းဝင်

**မန်ချက်စတာ ဇန်နဝါရီ ၁၁**

မန်ယူအသင်းနည်းပြ တန်ဟတ်သည် ကွာရာဘောင်းဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ချာလ်တန်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် မန်ယူအသင်း သမိုင်းတစ်လျှောက် နိုင်ပွဲ ၂၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ တန်ဟတ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ရာသီအစနှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင်ရလဒ်များ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် ချာလ်တန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ရှစ်ပွဲဆက်အနိုင်ရရှိခဲ့သည့်မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့သည့်အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြန်လည်ကျင်းပခဲ့သည့်အချိန်တွင် ခြောက်ပွဲဆက် အနိုင်ရရှိခဲ့ကာ သွင်းဂိုး ၁၅ ဂိုးထိရှိခဲ့ပြီး ပေးဂိုးတစ်ဂိုးသာရှိခဲ့ကာ ဂိုးမပေးရသည့်ပွဲစဉ် ငါးပွဲထိရရှိထားခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် နိုင်ပွဲ ၂၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သည့် နည်းပြစာရင်း၌ နည်းပြတန်ဟတ်က ၂၇ ပွဲ၊ နည်းပြ မော်ရင်ဟိုက ၃၁ ပွဲ၊ လူးဝစ်ဗန်ဂါးလ်က ၃၆ ပွဲ၊ ဆာမက်ဘူဘိုင်က ပွဲပေါင်း ၄၀၊ ဆိုးလ်ရှားက ၄၂ ပွဲ၊ ဖာဂူဆန်က ၅၅ပွဲ နှင့် တွန်မီဒိုချာတီက ၆၈ ပွဲဖြင့် ရပ်တည်နေကြောင်း သိရသည်။

STA



# Adelaide International 2တင်းနစ်ပြိုင်ပွဲတွင် ကီတိုဗာနှင့် ဒန်နီလီကောလင်းတို့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၁၁**

ဩစတြေးလျနိုင်ငံတွင်ကျင်းပနေသည့် Adelaide International 2 အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ကီတိုဗာနှင့် တရုတ်တင်းနစ်မယ် ကွင်ဝမ်ကျန်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကီတိုဗာက(၇-၆)ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ကီတိုဗာနှင့် ကွင်ဝမ်ကျန်းတို့ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သော်လည်း ပထမပွဲငယ်အပြီးတွင် ကွင်ဝမ်ကျန်းသည် ဒဏ်ရာရရှိခဲ့သည့်အတွက် ဒုတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သောကြောင့်ကီတိုဗာက ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့သည်။

ဒုတိယအဆင့် ပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ် ဒန်နီလီကောလင်းက ဆွစ်ဇာလန်တင်းနစ်မယ် တိုက်ချ်မန်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဒန်နီလီကောလင်းက (၆-၃၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကီတိုဗာက "ဒီပွဲစဉ်က ကျွန်မအတွက် ပျော်ရွှင်စရာကောင်းတဲ့ နိုင်ပွဲတစ်ပွဲမဟုတ်ပါဘူး။ ကွင်ဝမ်ကျန်းက ကျွန်မထက်ပိုပြီးကောင်းအောင်ကစားနိုင်ခဲ့ပါတယ်။ ဒဏ်ရာကြောင့် သူအရှုံးပေးခဲ့ရတာပါ။ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအမီ သူ ပြန်ကစားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့် (၃၀)နေရာတွင် ရပ်တည်နေသည့် ကွင်ဝမ်ကျန်းသည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီတွင် အကောင်းဆုံးလက်စွမ်းပြထားနိုင်သည့် အာရှတင်းနစ်မယ်တစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအမီ ဒဏ်ရာပြန်လည်သက်သာရန် မသေချာသည့်အခြေအနေဖြစ်ပြီး လိုအပ်သည့် ဆေးစစ်မှုများ ပြုလုပ်ပြီးမှသာ ဒဏ်ရာအခြေအနေကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း ကွင်ဝမ်ကျန်း၏ နည်းပြအဖွဲ့က အတည်ပြုထားကြောင်း သိရသည်။

AZL

# ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲ(အာရှဇုန်)အုပ်စုမဲခွဲရန် အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း မဲအိုးနံပါတ်(၁)တွင် ကျရောက်



**ရန်ကုန် ဇန်နဝါရီ ၁၁**

အာရှ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ(အာရှဇုန်) အုပ်စုမဲခွဲရန်အတွက် အဆင့် သတ်မှတ်ချက်မဲအိုးများကို ထုတ်ပြန် ကြေညာခဲ့ရာတွင် မြန်မာအသင်းက မဲအိုးနံပါတ်(၁)တွင် ကျရောက်နေ ကြောင်း သိရသည်။

အာရှ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲအမျိုးသမီး ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ(အာရှဇုန်) ကို ပထမအဆင့်၊ ဒုတိယအဆင့်နှင့် နောက်ဆုံးအဆင့်ဟူ၍ အဆင့်သုံး ဆင့်ခွဲခြားကျင်းပမည်ဖြစ်ပြီး ပထမ အဆင့်တွင် ပြိုင်ပွဲဝင်အသင်း ၂၆ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲ မဲခွဲရန် အတွက် အဆင့်သတ်မှတ်ချက်အရ မဲအိုးနံပါတ်(၁)တွင် ဗီယက်နမ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်အသင်း၊ မဲအိုးနံပါတ် (၂) ၌ ဂျော်ဒန်၊ အီရန်၊ အင်ဒိုနီးရှား၊ နီပေါ၊ ကာဂျစ်စတန်၊ ဟောင်ကောင် နှင့် မွန်ဂိုလီးယားအသင်း၊ မဲအိုး နံပါတ်(၃)တွင် စင်ကာပူ၊လက်ဘနွန်၊ တာဂျစ်ကစ္စတန်၊တီမောလက်စ်တေ၊ ပါလက်စတိုင်း၊တာ့ခ်မင်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ မဲအိုးနံပါတ် (၄)တွင် ဘူတန်၊သီရိလင်္ကာ၊မော်ဒိုက်၊ အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်း အသင်းတို့ ပါဝင်ခဲ့ကြသည်။

အာရှ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲအမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) ကို ယခုနှစ်တွင် အပြီးသတ်ကျင်းပ သွားမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ် ပွဲစဉ်များကို လာမည့် ဧပြီ ၃ ရက်မှ ၁၁ရက်ထိလည်းကောင်း၊ ဒုတိယ အဆင့်ခြေစစ်ပွဲစဉ်များကို အောက် တိုဘာ ၂၃ ရက်မှ ၃၁ ရက်ထိလည်း ကောင်း၊ နောက်ဆုံးအဆင့်ခြေစစ် ပွဲစဉ်များကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

STA

# Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကင်မ်စီဝူ ပါဝင်ယှဉ်ပြိုင်မည်

**ဆိုးလ် ဇန်နဝါရီ ၁၁**

တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမား ကင်မ်စီဝူသည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း တွင် ကျင်းပမည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည်ဟုအတည်ပြုထုတ်ပြန် ခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Players Championship ဆုဖလားဆွတ်ခူးထားသည့် အသက် အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသည့် ကင်မ်စီဝူ သည် ကစားသမားဘဝ သက်တမ်း တစ်လျှောက် PGA Tour တွင် ဆုဖလားသုံးလုံးရရှိထားပြီး ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် အဓိကဆုဖလားများ ဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း ဆုဖလားရယူ နိုင်ခဲ့ခြင်းမရှိသည့်အတွက် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် အောင်မြင်မှုများရရှိရန် အာရုံစိုက် လာပြီး Sony Open ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်သည်။

ကင်မ်စီဝူက "၂၀၂၁ ခုနှစ်မှာ တုန်းက The American Express ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပိုင်း ဘာအောင်မြင်မှုမှ မယူနိုင် တော့ပါဘူး။ ၂၀၂၂ ခုနှစ် ဂေါက်သီး ရိုက်ရာသီတစ်ခုလုံး အောင်မြင်မှု မရရှိတာ စိတ်ပျက်ဖို့ကောင်းပါတယ်။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ အောင်မြင်မှုတွေ ရယူနိုင်ဖို့ကြိုးစား သွားမယ်။ ၂၀၂၁ ခုနှစ်ကလို အောင်မြင်မှုတွေ ရယူနိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဟာဝိုင်ယီကျွန်းက ကျွန်တော် နှစ်သက်တဲ့နေရာတွေထဲက တစ်ခု ပါ။ဟာဝိုင်ယီကျွန်းမှာယှဉ်ပြိုင်ရမဲ့ ပြိုင်ပွဲအတွက် စိတ်လှုပ်ရှားနေပါ တယ်"ဟု ပြောကြားခဲ့သည်။

ကင်မ်စီဝူသည် ပြီးခဲ့သည့် ဒီဇင်ဘာလက တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အိုဂျီဟွန်နှင့် မင်္ဂလာပွဲကျင်းပခဲ့ပြီးနောက် ဇနီး ဖြစ်သူ၏ အကူအညီများဖြင့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ အတွက် ပြင်ဆင်လေ့ကျင့်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့သည်ဟု ပြောကြား ခဲ့ကြောင်း သိရသည်။

AZL

# နည်းပြဂရာဟမ်ပေါ်တာ၏နေရာတွင် နည်းပြပိုချက်တီနိုနှင့်အစားထိုးရန် ချဲလ်ဆီးအသင်းပြင်ဆင်



**လန်ဒန် ဇန်နဝါရီ ၁၁**

ချဲလ်ဆီးအသင်းသည် ရလဒ် ကောင်းရရှိရန် ရုန်းကန်နေရသည့် နည်းပြဂရေဟမ်ပေါ်တာနေရာတွင် အသင်းလက်မဲ့ဖြစ်နေသည့် စပါး အသင်းနည်းပြဟောင်း ပိုချက်တီနို နှင့်အစားထိုးရန် ပြင်ဆင်လျက်ရှိ သည်ဟု ဒေးလီးမေးလ်သတင်းဌာန က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် နည်းပြ ဂရာဟမ်ပေါ်တာကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက နည်းပြတူချယ် နေရာတွင် အစားထိုးခဲ့သော်လည်း ၎င်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ကိုးပွဲတွင် ခြောက်ပွဲထိ ရှုံးနိမ့်ခဲ့ကာ ကွာရာဘောင်းဖလား ပြိုင်ပွဲနှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့ တွင် မန်စီးတီးအသင်းကို ဆက်တိုက် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း အသင်း ပိုင်ရှင် တော့ဘိုလီက ပေါ်တာ၏ နေရာတွင် နည်းပြပိုချက်တီနိုဖြင့် အစားထိုးရန် ပြင်ဆင်လျက်ရှိ နေသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်း သည်အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲကစား အပြီးတွင် ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၁၀)နေရာ၌ ရပ်တည်နေ သောကြောင့် အသင်းတာဝန်ရှိ သူများက နည်းပြပေါ်တာကို ဇန်နဝါရီ ၁၃ ရက်တွင်ကစားမည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်ကို စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ် ပိုင်းဆိုးရွားခဲ့ပါက ရာထူးမှထုတ် ပယ်သွားဖွယ်ရှိနေသည်။

နည်းပြဂရေဟမ်ပေါ်တာသည် ချဲလ်ဆီးအသင်းနှင့် ရေရှည် လက်တွဲရန် ငါးနှစ်သက်တမ်းရှိသည့် စာချုပ်ချုပ်ဆိုထားသော်လည်း ၎င်း လက်ထက်တွင် အသင်းမှ စီနီယာ ကစားသမားအများစုမှာ ဒဏ်ရာ ပြဿနာကြောင့် ရုန်းကန်နေရသဖြင့် ပြိုင်ပွဲစုံရလဒ်ပိုင်း ကျဆင်းနေခြင်း ဖြစ်သည်။

သို့သော် ချဲလ်ဆီးအသင်း တာဝန်ရှိသူများက အသင်း၏ရလဒ် ပိုင်းကိုသာ အာရုံစိုက်ထားသဖြင့် ဂရေဟမ်ပေါ်တာကို အချိန်ထပ်ပေး ရန် ဆန္ဒမရှိတော့ဘဲ နည်းပြပိုချက် တီနိုကိုသာ ခန့်အပ်ရန်စီစဉ်လျက် ရှိကြောင်း သိရသည်။ ML

# အီတလီစီးရီးအေ ပွဲစဉ်(၁၈) ပွဲကြိုသုံးသပ်ချက်

STA

**နာပိုလီ Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ - ၁ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နာပိုလီ** | - | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **ဂျူဗင်တပ်** | - | **အိမ်(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားတဲ့ ဂျူဗင်တပ်အသင်း ရဲ့ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အကောင်းဆုံးတုံ့ပြန်ကစားနိုင် မှာပါ။ နာပိုလီအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းက အမှားအယွင်းတွေရှိနေပါတယ်။ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ အနည်းဆုံး သရေရလဒ်ရရှိအောင်ကစားလာမဲ့ ဂျူဗင်တပ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၁ - ၂ ဂျူဗင်တပ်**

# စပိန်လာလီဂါ ပွဲစဉ်(၁၇) ပွဲကြိုသုံးသပ်ချက်

STA

**ဆဲလ်တာဗီဂို Vs ဗီလာရီးရဲလ်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီလာရီးရဲလ် ၁ - ၀ ဆဲလ်တာဗီဂို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆဲလ်တာဗီဂို** | - | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **ဗီလာရီးရဲလ်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

ဗီလာရီးရဲလ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်အနိုင်ရရှိ အောင်ကစားခဲ့တဲ့ အသင်းထဲမှာ လာလီဂါထိပ်တန်းကလပ်ရီးရဲလ်မက်ဒရစ် အသင်းလဲပါဝင်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းရဲ့လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ခက်ခဲမှာပါ။ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဗီလာရီးရဲလ်အသင်းပဲအနိုင်ရယူ သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဆဲလ်တာဗီဂို ၀ - ၂ ဗီလာရီးရဲလ်**

# အန်တိုနီဂျိုရှာက နည်းပြအသစ်ခန့်အပ်ကာ အမေရိကန်တွင် လေ့ကျင့်မှုများပြုလုပ်မည်

**လန်ဒန် ဇန်နဝါရီ ၁၁**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဟောင်း ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာသည် နည်းပြ ရောဘတ်ဂါစီယာနှင့် လမ်းခွဲခဲ့ပြီး နောက် နည်းပြအသစ်ခန့်အပ်ကာ အမေရိကန်နိုင်ငံတွင် လေ့ကျင့်မှု များ ပြုလုပ်သွားမည်ဟု ထုတ်ပြန်ခဲ့ ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂျိုရှာသည် ပြီးခဲ့သည့် ၁၆ လအတွင်း နည်းပြအပြောင်း အလဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး ရောဘတ် ဂါစီယာနှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ် အမြန်ဆုံးခန့်အပ်ကာ အမေရိကန်နိုင်ငံတွင် လေ့ကျင့်မှု များပြုလုပ်ရန်ပြင်ဆင်နေသည်။

အန်တိုနီဂျိုရှာသည် ရောဘတ် ဂါစီယာနေရာတွင် အစားထိုးမည့် နည်းပြသစ်ကိုရှာဖွေတွေ့ရှိထားပြီး ဖြစ်သော်လည်း အမည်ကိုထုတ်ပြန် ရန် ငြင်းဆန်ထားကြောင်း အန်တိုနီ ဂျိုရှာ၏ Promoter အက်ဒီဟန်းက ပြောကြားခဲ့သည်။

အက်ဒီဟန်းက "အန်တိုနီက နည်းပြရောဘတ်ဂါစီယာနဲ့လမ်းခွဲခဲ့ ပြီးနောက် နည်းပြသစ်တစ်ဦးကို ခန့်အပ်ထားပါတယ်။ခန့်အပ်ထားတဲ့ နည်းပြသစ်နဲ့အတူ အမေရိကန် နိုင်ငံမှာ လေ့ကျင့်မှုတွေပြုလုပ်မှာ ဖြစ်ပါတယ်။ ခန့်အပ်ထားတဲ့နည်းပြ သစ်အမည်ကိုတော့ ထုတ်ပြန်ပေးဖို့ အချိန်မတန်သေးတဲ့အတွက်ထုတ်ပြန် မှာမဟုတ်ပါဘူး။ အန်တိုနီခန့်အပ် လိုက်တဲ့ နည်းပြကဘယ်သူဖြစ်တယ် ဆိုတာကိုတော့ ကျွန်တော်သိပါ တယ်။ ဒါပေမဲ့ အန်တိုနီရဲ့ပုဂ္ဂိုလ်ရေး ကိစ္စဖြစ်နေလို့ ကျွန်တော့်ဘက်က ဒီသတင်းကိုထုတ်ပြန်သွားမှာမဟုတ် ပါဘူး။အန်တိုနီအနေနဲ့အောင်မြင်မှု တွေ ပြန်လည်ရှာဖွေနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။ AZL



# ဟတ်ထိသမျှ စပ်မိစပ်ရာ (၄)

**"မ". . .မင်္ဂလာဆောင်ပုံ အချိန်ကုန်**

တစ်လောက နာမည်ကြီးဟိုတယ်တစ်ခုမှာ ကျင်းပတဲ့ မင်္ဂလာဆောင်တစ်ခု သွားဖြစ်တယ်။ ဟိုတယ်မှာလုပ်တဲ့ မင်္ဂလာဆောင်တွေရဲ့ ထုံးစံအတိုင်း နှစ်နာရီဆိုတဲ့အချိန်ကို ဟိုတယ်မှာထိုင်ရင်း အလကားသက်သက် ဖြုန်းတီးပစ်ခဲ့ရတယ်ဗျာ။ နှစ်နာရီဆိုတဲ့အချိန်ဟာ ဘာသာရေးအတွက်ပဲဖြစ်ဖြစ်၊ စီးပွားရေးအတွက်ပဲဖြစ်ဖြစ် တွက်ကြည့်ရင် မနည်းဘူးဗျာ။ ခုတော့ လူမှုရေးကလေးတစ်ခုအတွက် ဖြုန်းတီးပစ်ခဲ့ရတာဆိုတော့ နှမြောစရာတော့ကောင်းတာပေါ့နော်။

ပွဲမစခင် သတို့သား၊ သတို့သမီးနှစ်ယောက်ရဲ့ ဖက်ယမ်းနမ်းရှုပ်တာတွေကို ၁၅ မိနစ်လောက် ပိတ်ကားပေါ်မှာ ပရိုဂျက်တာနဲ့ထိုးပြတာတွေကို ကြည့်ပြီးမှ ပွဲထုတ်တဲ့အလုပ် စလုပ်ကြတယ်။ ထုံးစံအတိုင်း လူကြီးတချို့က လက်စွပ်ဝတ်ပေး၊ ပန်းကုံးစွပ်ပေးလုပ်ရ။ လူကြီးတစ်ယောက်ခမျာ သနားစရာဗျာ။ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်တော့လို့ သူ့ဇနီးသည်က ဘေးကနေဖေးမကူတွဲပြီး စင်ပေါ်ကို တွန်းတင်တက်ကြရတယ်။ မတော်မတည့် ချော်လဲကျမှ ဒုက္ခ။

ပွဲထုတ်ပြီးလို့ အခမ်းအနားမှူး (MC)က ဘာညာသာရကာပြောပြီး နိဂုံးကမ္ပတ်အဆုံးသတ်လဲ သူတို့ဇနီးမောင်နှံက မပြီးသေးဘူးဗျာ။ စင်ပေါ်မှာကိတ်မုန့်ကြီးခွဲပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ခွံ့ကျွေးလို့ ကယုကယင် ချစ်တုံ့တင်ကြသေးတယ်။ ပြီးတော့ လူရှေ့သူရှေ့ ပရိသတ်ကြီးရှေ့မှာ ဟီရိဩတ္တပ္ပတရားကင်းကင်းနဲ့ အချင်းချင်းဖက်ယမ်းနမ်းရှုပ်နေကြသေးတယ်ဗျာ။ အံ့ရော။ ဤခေတ်ကြီးနဲ့အမီဆိုတာ ဒါတွေလားဗျာ။ အချိန်ကုန်၊ ငွေကုန်၊ အရှက်ကုန်၊ လူတွေလဲ ပင်ပန်း၊ ဘာများစိတ်ရွှင်လန်းစရာရှိကြသလဲ ဗျာတို့။

အဲဒီလိုလုပ်မဲ့အစား ဘုန်းကြီးကျောင်းတွေမှာပဲ လုပ်ကြပါလားဗျာ။ အရင်လာတဲ့သူ အရင်စားပြန်။ ဘယ်လောက် အချိန်ကုန်သက်သာလိမ့်မလဲ။ ပြီးတော့ ဟိုတယ်တွေမှာလို မုန့်လေးတစ်ဖုံနှစ်ဖုံလောက်ကို ငွေအများကြီး အဆမတန်ပေးပြီး ကျွေးရ၊ မွေးရတာနဲ့စာရင် ဘုန်းကြီးကျောင်းမှာ လာသမျှဧည့်ပရိသတ်တွေကို သဘောရှိ စိတ်ကြိုက် ဝဝလင်လင် ကျွေးရ၊ မွေးရတာ ပိုမကောင်းပေဘူးလားဗျာ။

နောက်တစ်ခါ ဟိုတယ်တွေကို မတန်တဆပေးရတာနဲ့စာရင် ဘုန်းကြီးကျောင်းတွေကို လှူရတာ ဘာသာသာသနာအတွက် ပိုပြီးအကျိုးမများပေဘူးလားဗျာ။ ပြီးတော့ ဟိုတယ်မှာလုပ်လို့ ပိုကုန်ကျရတဲ့ အခမ်းအနားမှူး (MC) ဖိုး၊ ခွဲဖို့ကိတ်မုန့်ဖိုး၊ ပန်းအလှဆင်ခ၊ ဇန်းကိုင် ပန်းကိုင်ဖိုး၊ ပန်းကြဲသူ ရှေ့တော်ပြေးကလေးတွေရဲ့ အဝတ်အစားဖိုး စတာတွေကို မရှိတဲ့နေရာတွေ သွားလှူလိုက်ရင် ဘယ်လောက်များ ကုသိုလ်ရလိမ့်မလဲနော်။ ဩော်. . . စဉ်းစားကြပါ။

ဟိုတယ်မှာလုပ်လုပ်၊ ဘုန်းကြီးကျောင်းမှာပဲလုပ်လုပ် လာမဲ့သူက လာမှာပါ။ ဟိုတယ်မှာလုပ်လို့ ဒီလောက်လက်ဖွဲ့မယ်၊ ဘုန်းကြီးကျောင်းမှာလုပ်လို့ ဒီလောက် လက်ဖွဲ့မယ် မရှိပါဘူး။ ဘယ်မှာလုပ်လုပ် အတူတူပဲ လက်ဖွဲ့ကြမှာပါနော်။

ဒါကြောင့် နောင်မှာ မင်္ဂလာဆောင်ကြမဲ့ မောင်တို့ မယ်တို့၊ မောင်တို့ မယ်တို့ရဲ့ မိဘဆွေမျိုးအပေါင်း အသင်းရောင်းရင်းတို့ မလိုအပ်ဘဲ အချိန်ကုန်၊ ငွေကုန်ကြမဲ့အစား အချိန်ကုန်၊ ငွေကုန်သက်သာတဲ့ အထက်ပါ မဟာဩသဓဆေးနည်းကောင်းကို နှစ်ထောင်းအားရမှီဝဲကြပါကုန်လော့။

**❖ ဇနီးသည်က ခန္ဓာကိုယ်ထဲမှာ ပိုတက်ဆီယမ် (Potassium) တွေ တအားများပြီး နှလုံးခုန်နှုန်း ဖြုန်းခနဲကျဆင်းသွားလို့ ငွေကျပ်သိန်း ၄၀ ကုန်သွားတယ်။ (စကားချပ်-ထမင်းစားမကောင်းဟုဆိုကာ ငှက်ပျောသီး၊ စပျစ်သီး၊ ထောပတ်သီး စသည့်အသီးအနှံများကို မတရားစားရာမှ ခန္ဓာကိုယ်ထဲ ပိုတက်ဆီယမ်များ လိုအပ်သည်ထက် ပိုပြီးမြင့်တက်လာခြင်းဖြစ်။) ကျွန်တော်ကတော့ ကျောက်ကပ်ထဲ လက်မလောက်ရှိတဲ့ ကျောက်ကြီးတည်နေလို့ ဗိုက်ခွဲပြီး ကျောက်ထုတ်လိုက်ရတယ်။ ငွေကျပ်သိန်း ၁၀၀ လောက်ကုန်သွားတယ်။ နှစ်ယောက်စလုံး သက်သာပျောက်ကင်းသွားပါတယ်။ ❖**

**"ဆ". . .ဆေးကုသစရိတ်ကြီးသချ**

တစ်လောက ကျွန်တော်တို့လင်မယား ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံမှာ ရှေ့ဆင့်နောက်ဆင့် တက်လိုက်ရတယ်။ ဇနီးသည်က ခန္ဓာကိုယ်ထဲမှာ ပိုတက်ဆီယမ် (Potassium) တွေ တအားများပြီး နှလုံးခုန်နှုန်း ဖြုန်းခနဲကျဆင်းသွားလို့ ငွေကျပ်သိန်း ၄၀ ကုန်သွားတယ်။ (စကားချပ်- ထမင်းစားမကောင်းဟုဆိုကာ ငှက်ပျောသီး၊ စပျစ်သီး၊ ထောပတ်သီး စသည့်အသီးအနှံများကို မတရားစားရာမှ ခန္ဓာကိုယ်ထဲ ပိုတက်ဆီယမ်များ လိုအပ်သည်ထက် ပိုပြီးမြင့်တက်လာခြင်းဖြစ်။) ကျွန်တော်ကတော့ ကျောက်ကပ်ထဲ လက်မလောက်ရှိတဲ့ ကျောက်ကြီးတည်နေလို့ ဗိုက်ခွဲပြီး ကျောက်ထုတ်လိုက်ရတယ်။ ငွေကျပ်သိန်း ၁၀၀ လောက်ကုန်သွားတယ်။ နှစ်ယောက်စလုံး သက်သာပျောက်ကင်းသွားပါတယ်။

ဒီနေရာမှာ ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခုဝင်လာတယ်။ သက်သာပျောက်ကင်းသွားတာကတော့ မှန်ပါရဲ့။ ဒါပေမဲ့ အဲဒီလောက်ကုန်ကျတဲ့ငွေကို မတတ်နိုင်တဲ့သူတွေဆိုရင် ဘယ်လိုလုပ်မလဲ။ ဒီအတိုင်းနေမလား၊ သေမလား။

တစ်ခုတော့ရှိတယ်။ စရိတ်စက သက်သာတဲ့ ပြည်သူ့ဆေးရုံကြီး (တစ်နည်း) အစိုးရဆေးရုံကြီးတွေဆီ သွားပါလားလို့ မေးဖို့ရှိတယ်။ ခက်တာက ပြည်သူ့ဆေးရုံကြီးတွေဆိုတာက နာမည်နဲ့လိုက်အောင် အမြဲတမ်းပြည်သူတွေနဲ့ ပြည့်ကျပ်နေတာကလား။ အခန်းပြည့်၊ ခုတင်ပြည့်၊ အချို့ဆေးရုံကြီးတွေဆို စင်္ကြံတွေမှာတောင် လူနာကိုထားပြီး ကုနေရတယ်။ "စရိတ်မျှပေး ကျန်းမာရေး"ဆိုပေမဲ့ ခေတ်ရေစီးအလိုက် တရိပ်ရိပ်တက်လာတဲ့ ဆေးဖိုးဝါးခတွေကြောင့် အခါခပ်သိမ်း စရိတ်မျှပေးလို့က မဖြစ်နိုင်တော့ပါ။ နို့ပြီး လိုအပ်တဲ့ဆေးဝါးမှန်သမျှကလဲ ဆေးရုံကြီးတွေမှာ အမြဲတမ်း အဆင်သင့်မရှိနိုင်ပါ။ ဒီတော့ ပုဂ္ဂလိကဆေးဆိုင်တွေကပဲ ဘယ်လောက်ဈေးကြီးကြီး မဖြစ်မနေ ဝယ်သုံးနေရတာပါ။ ပြီးတော့ သန့်ရှင်းမှုကလဲ ကွာတယ်ဗျာ။ ဒီလိုအခြေအနေမျိုးတွေကြောင့် အချို့လူနာတွေဟာ ပြည်သူ့ဆေးရုံကြီးတွေဆီ မသွားဖြစ်တော့ဘဲ ပုဂ္ဂလိကဆေးရုံကြီးတွေဆီကိုသာ မချစ်သော်လည်း အောင့်ကာနမ်း နေရတော့တယ်။

ဆရာဝန်တွေ၊ သူနာပြုတွေ ဆိုတာကတော့ ကျွန်တော့်ကိုယ်တွေ့ ပြောရရင် အစိုးရပြည်သူ့ဆေးရုံကြီးတွေမို့လို့ ဂရုမစိုက်ဘဲလျှော့ကုတာမျိုး၊ ပုဂ္ဂလိကဆေးရုံကြီးတွေမို့လို့ မျက်နှာလိုက်ပြီး ပိုကုတာမျိုး မရှိပါဘူး။ အားလုံးဟာ ကုသရာမှာ၊ ပြုစုရာမှာ အတူတူပါပဲ။ (အဲ. . . ဒါပေမဲ့ တချို့တလေကျတော့လဲ အစိုးရဆေးရုံပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကဆေးရုံပဲဖြစ်ဖြစ် အထုံဝါသနာက အစကတည်းက ပါလာသလားမသိ။ ဟောက်တတ်သူတွေကတော့ ဟောက်တာပါပဲ။ အဲဒါမျိုးနဲ့ တွေ့လာရင်တော့လဲ မနိုင်နိုင်မှန်းသိလို့ သည်းခံလိုက်ရတာပေါ့။)

ကျွန်တော် အခုအသက် ၇၅ နှစ် ရှိပါပြီ။ ကျန်းမာရေးအရ ပြည်သူ့ဆေးရုံမှာကော၊ ပုဂ္ဂလိကဆေးရုံပါ တက်ဖူးပါတယ်။ အဲဒီမှာ တစ်ခုသတိထားမိတာက "သွေး၊ ဆီး" စစ်ဆေးမှုအခြေအနေပါပဲ။ အစိုးရဆေးရုံတွေမှာ စစ်တာက ပုံမှန်ပါပဲ။ ဒါပေမဲ့ ပုဂ္ဂလိကဆေးရုံကြီးတွေမှာ စစ်တာကတော့ ပုံမမှန်ဘူးဗျာ။ အဲဒီလိုထင်ရလောက်အောင်ကို စစ်ဆေးမှုကိစ္စက များပြားလွန်းတယ်ဗျာ။ လူနာရဲ့ ရောဂါအခြေအနေအရ လိုအပ်လို့ စစ်တာမျိုးကျတော့ အပြစ်ပြောစရာမလိုပါဘူး။ ဒါပေမဲ့ မလိုအပ်ဘဲ အမြဲတမ်းလိုလို ခဏခဏ စစ်နေတာမျိုးကျတော့ စိတ်ထဲမှာတစ်မျိုးကြီးပဲ ခံစားရတယ်ဗျာ။

နို့ပြီး စစ်ဆေးတဲ့စရိတ်ကလဲ နည်းတာမဟုတ်။ "သွေး"ချည်းပဲဆို ငွေကျပ်ငါးသောင်းလောက်၊ "ဆီး"ပါလာရင် ငွေကျပ်တစ်သိန်းနားကပ်သွားရော။ အဲဒီထဲ ဆရာဝန် စမ်းသပ်ခ၊ ဆေးစရိတ်နဲ့ ဝန်ဆောင်ခတွေထပ်ပေါင်းကြည့်။ အဲဒီတော့ ခဏခဏ မကြာမကြာဆိုတော့ လူနာရှင်တွေ ဘယ်ခံနိုင်တော့မလဲဗျာ။

ကျွန်တော်လေ့လာမှတ်သားမိသမျှ ဆရာဝန်တွေရဲ့ အဓိဋ္ဌာန်ပြုကတိသစ္စာ (၉) ချက်ထဲမှာ-

- ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာ အစဉ်အလာကို ထိန်းသိမ်းပါအံ့။
- ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာ၊ မေတ္တာရှေ့ထား၍ လူမျိုး ဘာသာ၊ ဆင်းရဲချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့။
- ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် လူသားတို့၏ဘဝနှင့် အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့ ဆိုပြီး ပါတယ်လေ။

အဲဒီတော့ လူနာတစ်ယောက်ကို ကုသရင် တတ်နိုင်သမျှ စရိတ်စက သက်သာအောင်လဲ ဖန်တီးပေးသင့်တယ် မဟုတ်လားဗျာ။ ဂိလာနလူနာရဲ့ ဘဝနဲ့အသက်ဟာ သူဖြည့်ဆည်းပံ့ပိုးပေးနိုင်တဲ့ ငွေကြေးစဉ်စွာပေါ်မှာလဲ တော်တော်များများ မူတည်နေတယ် မဟုတ်လားဗျာ။

ငွေရှိမှ လူရာဝင်သတဲ့။ ငွေများများကုန်မှ ရောဂါပျောက်မယ်ဆိုရင်တော့လဲ အခက်သားကလားဗျာ။

**မင်းယဉ်စု**

# မင်းလှမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ကျေးရွာရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်အေးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ လက်တူးတွင်းကျယ်တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကတကျေးရွာ၌ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ရွာသစ်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆ ဒသမ ၆၇၅ သန်းအသုံးပြု၍ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိသော ရေစက်ရုံ တည်ဆောက်ခြင်း၊ အချင်း ခြောက်ပေရှိသော လက်တူးတွင်းကျယ်တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၈၀၀ ရှိသော ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများနှင့် ကတကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆ ဒသမ ၁၇၅ သန်းအသုံးပြု၍ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိသော ရေစက်ရုံတည်ဆောက်ခြင်း၊ ပါဝါမီတာသုံး ရေတင်စနစ်တပ်ဆင်ခြင်းနှင့် အရှည်ပေ ၉၅၀၀ ရှိသော ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတို့ကို Guiding True ကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရွာသစ်ကျေးရွာ၌ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ကတကျေးရွာတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညီ**

# အဆိုတော် မေသက်ထားဆွေက မွေးနေ့အလှူအဖြစ် ဓမ္မစေတီကျောင်းတိုက်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး အလှူငွေလှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၁၁**

အဆိုတော် မေသက်ထားဆွေက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီကျောင်းတိုက်တွင် သီတင်းသုံးနေသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး အလှူငွေလှူဒါန်းခြင်းကို ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုတော် မေသက်ထားဆွေက အသက် ၂၀ ပြည့် မွေးနေ့အလှူအဖြစ် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ ဓမ္မစေတီကျောင်းတိုက်တွင် သီတင်းသုံးနေကြသည့် သံဃာတော်များနှင့် သာမဏေ အပါး ၇၀ အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ သင်္ကန်းအစုံ ၇၀ ဆက်ကပ်ခြင်းနှင့် နဝကမ္မအလှူငွေ တစ်ပါးလျှင် ငွေကျပ် ၁၀၀၀၀ စီ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်ကတော့ မွေးနေ့အလှူအနေနဲ့ မနက်ပိုင်းမှာ အရုဏ်ဆွမ်းကို မော်ဘီက ဇောတိပြိမ်တောရမှာ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ နေ့ဆွမ်းကတော့ စမ်းချောင်း ဓမ္မစေတီကျောင်းတိုက်မှာ ကပ်လှူပါတယ်။ ဓမ္မစေတီကျောင်းတိုက်က သံဃာတော်တွေ၊ သာမဏေတွေကို သင်္ကန်းတစ်စုံစီနဲ့ နဝကမ္မအလှူငွေလဲ ကပ်လှူခဲ့ပါတယ်။ ညနေမှာတော့ ရပ်ကွက်ထဲမှာ စတုဒိသာ မုန့်ဟင်းခါးကျွေးပါတယ်။ လှူဒါန်းမှုအစုစုအတွက်ကတော့ ငွေကျပ် သိန်း ၃၀ လောက်ဖြစ်ပါတယ်"ဟု အဆိုတော် မေသက်ထားဆွေက ပြောပြသည်။

အဆိုတော် မေသက်ထားဆွေသည် မြန်မာသံအဆိုတော်အဖြစ် ထင်ရှားသူဖြစ်ပြီး အသက်ကိုးနှစ်အရွယ်တွင် သီဆိုခဲ့သည့် စန္ဒာကိန္နရီသီချင်းဖြင့် ထင်ရှားလာခဲ့သူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလက အဆိုတော် ဖြိုးမြတ်အောင်နှင့် တွဲဖက်သီဆိုထားသည့် နှလုံးသားကိုအလှဆင်ပါ တေးသီချင်းမှာလည်း ပရိသတ်များ နှစ်သက်သည့် သီချင်းဖြစ်ကြောင်း သိရသည်။ ASH

# Borderlands ဇာတ်ကားကို ဒါရိုက်တာ တင်မီလာ ရိုက်ကူးမည်

**နယူးယောက် ဇန်နဝါရီ ၁၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Borderlands ဇာတ်ကားကို ဒါရိုက်တာ တင်မီလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Borderlands(2015) ဇာတ်ကားကိုအခြေခံ၍ Borderlands ဇာတ်ကားများ ရိုက်ကူးရန် စီစဉ်ထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် မူလက Borderlands ရုပ်ရှင်ဇာတ်ကားများကို ဒါရိုက်တာ အယ်လီရို့နှင့်ရိုက်ကူးရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် ဒါရိုက်တာ အယ်လီရို့အနေဖြင့် Thanksgiving အမည်ရှိ ဇာတ်ကားအတွက် တာဝန်ယူထားရမှုကြောင့် Lionsgate ကုမ္ပဏီက ဒါရိုက်တာ တင်မီလာကို အစားထိုးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Borderlands ဇာတ်ကား ရုံတင်ပြသမည့်ရက်နှင့် ရိုက်ကူးမှု စတင်မည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ဝါးဖြင့်ပြုလုပ်ထားသည့် မီးအိမ်ကလေးများ ဝင်ရောက်လာ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပဲခူးတိုင်းဒေသကြီး မဇင်းရပ်ကွက်မှ ဝါးဖြင့်ပြုလုပ်ထားသည့် မီးအိမ်ကလေးများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ယမင်းရွှေစင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

လက်ရှိ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် မီးအိမ်ကလေးများမှာ လေးထောင့်နှင့် အဝိုင်းပုံစံ နှစ်မျိုးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များအပြင် နေအိမ်များတွင် အလှထားရန်အတွက် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ဒီဇိုင်းတစ်မျိုးလျှင် အရေအတွက် ၂၀၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။



"ဒီဇန်နဝါရီလ ဒုတိယပတ်ထဲမှာ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ မီးအိမ်ကလေးတွေက ဒီဇိုင်းနှစ်မျိုးနဲ့ ဝင်လာတာဖြစ်ပါတယ်။ သူက ဟိုတယ်၊ စားသောက်ဆိုင်နဲ့ နေအိမ်တွေမှာ နံရံနဲ့မျက်နှာကြက်အလှဆင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဈေးကွက်မိတ်ဆက်အနေနဲ့ ရောင်းချထားမှုကတော့ အခု ၃၀ လောက် ရောင်းချပြီးပါပြီ။ လေးထောင့်ကို ပိုကြိုက်ကြပါတယ်" ဟု ယမင်းရွှေစင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

အဆိုပါ မီးအိမ်ကလေးများမှာ အရွယ်အစားအားဖြင့် အမြင့် ခြောက်လက်မ၊ အလျား သုံးလက်မ ရှိပြီး တစ်ခုလျှင် ငွေကျပ် ၁၉၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ASH

# ၂၀၂၂ ခုနှစ်၏ အကောင်းဆုံးဇာတ်ကားအဖြစ် TAR ဇာတ်ကားကို ရွေးချယ်

**နယူးယောက် ဇန်နဝါရီ ၁၁**

ဒါရိုက်တာ တော့ဖီး၏ TAR ဇာတ်ကားကို ၂၀၂၂ ခုနှစ်၏ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် အမေရိကန်အမျိုးသားရုပ်ရှင်ဝေဖန်ရေးဆရာများအသင်းက ရွေးချယ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်အမျိုးသားရုပ်ရှင်ဝေဖန်ရေးဆရာများအသင်းသည် (၅၇) ကြိမ်မြောက် ရုပ်ရှင်ဆုပေးပွဲအတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများ၊ အကောင်းဆုံးဒါရိုက်တာများနှင့် အကောင်းဆုံးသရုပ်ဆောင်များကို ဇန်နဝါရီ ၇ ရက်က ရွေးချယ်ခဲ့သည်။

TAR ဇာတ်ကားသည် အမေရိကန်အမျိုးသားရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း၏ ၂၀၂၂ ခုနှစ် အကောင်းဆုံး ဇာတ်ကားဆုအပြင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆုတို့ကိုလည်း ရရှိခဲ့သည်။

အဆိုပါဇာတ်ကားသည် After Sun၊ No Bears ဇာတ်ကားတို့ကို ကျော်၍ အမေရိကန် အမျိုးသားရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း၏ ၂၀၂၂ ခုနှစ် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

TAR ဇာတ်ကားသည် ဒါရိုက်တာ တော့ဖီးအတွက် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO




# သရုပ်ဆောင် နေဆန်းမိသားစုက အိမ်ထောင်စု ၂၄၅ စုကို အာဟာရဒါနလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၁**

သရုပ်ဆောင် နေဆန်းမိသားစုက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် အိမ်ထောင်စု ၂၄၅ စုအား အာဟာရဒါနလှူဒါန်းခြင်းကို ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအလှူကို ကွယ်လွန်သူ မိခင်ကြီး ဒေါ်မေမေအုံးအတွက် ရည်စူးအလှူအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာရပ်ကွက်အတွင်းရှိ ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စု ၂၄၅ စုကို ကြာဆံကြော်နှင့် ကော်ဖီမစ်ထုပ်များ ဝေငှလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"မိခင်ကြီး ဒေါ်မေမေအုံး သက်ရှိထင်ရှားရှိမယ်ဆိုရင်အသက် ၈၀ ပြည့်မွေးနေ့ဖြစ်ပါတယ်။ မိခင်ကြီးအတွက် ရည်စူးပြီးတော့ ကြာဆံကြော်နဲ့ ကော်ဖီမစ်ထုပ်တွေကို ရပ်ကွက်အတွင်းက အခက်အခဲရှိအိမ်ထောင်စု ၂၄၅ စုကို ဝေမျှလှူဒါန်းခဲ့ပါတယ်။ အလှူအတွက် ကုန်ကျငွေကတော့ ငွေကျပ် ငါးသိန်းလောက်ဖြစ်ပါတယ်" ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။

သရုပ်ဆောင် နေဆန်းမိသားစုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်ကလည်း မိခင်ကြီး ဒေါ်မေမေအုံး ကွယ်လွန်ခြင်း တစ်နှစ်နှင့် ငါးလပြည့်အလှူအဖြစ် သံဃာတော် အပါး ၃၀ အား ဆွမ်းလောင်းလှူခြင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာရပ်ကွက်တွင် အိမ်ထောင်စု ၂၀၀ ကို အာဟာရဒါန ပုစွန်ဟင်းနှင့် ထမင်းဘူးများ လှူဒါန်းခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် နေဆန်းမိသားစုသည် ကိုဗစ်ကာလက စတင်ကာ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စုများအား ထမင်းနှင့် ဟင်းများ လှူဒါန်းခြင်းကို လစဉ်နီးပါး ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ASH

# Govt. plans to complete Gyaing (Kawkareik) Bridge in March 2023


Gyaing (Kawkareik) Bridge under construction.

**Kawkareik January 11**

About 92 percent of the construction of the Gyaing (Kawkareik) Bridge has been completed, and it will be completed in March 2023, according to reports from the Ministry of Construction released on January 9, 2023.

The Gyaing (Kawkareik) Bridge is being built on the East-West Economic Corridor Road near Gyaing Village in Kawkareik Township on the Thaton-Hpaan-Kawkareik-Myawady road.

It was built on May 3, 2019, under the supervision of the Department of Bridge under the Ministry of Construction with the help of the Japan International Corporation Agency (JICA) loan.

The length of the bridge is 1,903 feet (580 meters) and the width of the bridge is 74 feet (22.69 meters). It is a four-lane bridge and has four feet on each side of the sidewalk.

The concrete bridge is being built using Japan's high-tech technology, which is the world's first combination of steel plate corrugated web, pre-reinforced reinforced concrete footings inside and outside, and weather-resistant steel.

The bridge is being built at a cost of 6.8 billion Japanese yen. 336

# US$227.62 million earned from exporting minerals from April to December in current 2022-2023 fiscal year

**Nay Pyi Taw January 11**

Myanmar earned US$227.62 million from exporting minerals from 1 April to 1 December in the current 2022-2023 financial year, said U Nanda, director of the Trade Department under the Ministry of Commerce.

During the period, US$227.62 million's worth of mineral products—US$21.4 million in the State-owned sector and US$206.19 million in the private sector—were exported.

"We earned US$227.62 million from exporting mineral products during the period from April to December. In the same period of this year, we exported more," U Nanda said.

Myanmar exports gold, jade and gems, pearl, diamond, lead, tin, silver, copper, zinc, coal and other kinds of minerals. ASH


Photo shows a mineral extraction site.

# Social security benefits worth K130 million provided for workers in Aungmyaythazan Twonship

**Mandalay January 11**

More than K130 million has been provided as social security benefits for workers in Aungmyaythazan Township, Mandalay Region, according to the Social Security Board.

There have been 915 labour-related file cases since April last year and such an amount were provided for workers' social security benefits, said Daw Moe Moe Thwe, staff officer of Aungmyaythazan Township Social Security Services Department

"Under the 2012 social security law, benefits were provided for registered workers for their illnesses, delivery, worksite injuries and deaths from the funds raised from them. Social security benefits are based on their mentioned salaries. If they demand correctly, we always try to give benefits in a month. We are doing this to cover their salaries because they will be cut during their medical treatments," said Daw Moe Moe Thwe.

The Social Security Board is providing social security benefits to registered workers. The benefits are also provided for travel expenses, temporary or chronic disabilities and bereaved families of those who died in worksite.

185

# Gare du Nord: Six people injured in stabbing attack

**Paris January 11**

Six people have been injured with one in a critical condition after a stabbing at Paris's international Gare du Nord station early on Wednesday.

Interior Minister Gerald Darmanin said a man was stopped by two off-duty police officers who were returning home from a shift.

He said the suspected attacker was shot three times and taken to hospital with serious injuries.

Authorities are trying to establish if there was a motive for the attack.

The attack took place at 06:42 (05:42 GMT) - within one minute all six people were injured and the attacker was stopped.

Mr Darmanin thanked for police for their "brave and effective" intervention, which he said saved many lives.

He added that among the injured was one French border police officer.

Police are yet to name the man, who did not have identity documents on him at the time he was taken to hospital.

Mr Darmanin told reporters the man attacked people in the station with what looked like a home-made weapon.

Police earlier said the man used a knife or blade.

Criminal investigators have taken control of the case for now, rather than anti-terror police, Mr Darmanin said.

The incident caused major delays to trains at the station in the early morning rush, with police cordoning off the station and setting up large white curtains around the attack scene.

BBC

# Flights across US disrupted by technical glitch

**Washington January 11**

All US domestic flights have been halted until 0900 ET (1400 GMT) due to a glitch with the national control system's Notice to Air Missions System.

The Federal Aviation Administration (FAA) says it is working to restore the system that alerts pilots to potential hazards on flight routes following an outage across the country.

In a statement, the FAA said some functions were beginning to come back online, but "National Airspace System operations remain limited".

The FAA said it would provide updates.

American Airlines said the outage was impacting "all flights including all carriers".

Flight carrier United Airlines said they were delaying all domestic flights until they heard more from the FAA.

Texas's Austin-Bergstrom International Airport confirmed in a tweet that "a FAA outage is causing ground stops at AUS and other airports across the country."

It said arriving and departing passengers should expect delays.

Passengers have posted on social media that they are experiencing flight delays and outages across the country.

BBC



# Weaving and vocational training school (Pakokku) conducts vocational courses 62 times


A weaving training school in operation.

**Pakokku January 11**

Under the supervision of the Small Scale Industries Department under the Ministry of Cooperatives and Rural Development, the Weaving and Vocational Training School (Pakokku) has conducted short-term vocational courses 62 times in order to contribute to the local rural people to have job opportunities.

In an interview, Principal of the school Daw Thanda Yu said that thanks to opening the vocational courses in order to improve socio-economic status of the rural people in Pakokku District and Township, the training school conducts the vocational courses for rural people to operate their own businesses, participate in regional development tasks, create job opportunities for rural people, increase individual incomes so as to alleviate poverty and earn family incomes with their vocational techniques.

The training course opens one-year textile skilled labour course, six-month traditional weaving course, basic foodstuff manufacturing course, value-added foodstuff manufacturing course, consumer product technical course and weaving courses for the local people.

Moreover, the training school provides food and accommodation to the trainees in addition to teaching aid free of charge.

Upon completion, the training course presents a set each of loom to outstanding trainees in the weaving course and necessary equipment and techniques to those who completed the basic foodstuff manufacturing courses and consumer courses.

In addition, the training school cooperates with relevant departments to raise the general knowledge of the trainees, she added.

The training school conducts short-term training courses on ethnic traditional Jak weaving, mechanized weaving, traditional weaving, chemical and natural dyeing, chemical dyeing, basic tailoring, textile printing, bamboo based products, value-added foodstuffs, and basic fruit foodstuff and personal goods 62 times from 2015 to 2022. Salai Ko Kee

# Gandama flower (chrysanthemum) market gets very active in Mandalay

**Mandalay January 11**

The Gandama flower (chrysanthemum) market in Patheingyi Township, Mandalay Region is busy with buyers and sellers as it is getting popular in winter, said a local grower, U Myint Swe.

Currently, the local varieties in white, violent, mauve, yellow and red colours are being grown. As white, mauve and yellow Gandama flowers are being harvested, their market is becoming active with a price of K1,000 to K1,200 per bundle.

"Gandama flowers are so saleable that the market is being active. The yellow colour is more popular. They go to Mandalay as well as the markets of other towns. Brokers come to the plantations to buy them. Those flowers are grown three times a year in June, September and December. The flowers prefer cold to warm. In Myanmar flowers are mostly grown in PyinOoLwin, Taunggyi, Patheingyi and Nay Pyi Taw. They will be grown and available continuously," U Myint Swe explained.


A Gandama flower (chrysanthemum) plantation.

Local flower growers are happy with the prices they get this year. Flowers go to Mandalay, Lashio, Yangon and Myeik markets. 185

# Green gram fetches K135,000 per three-basket bag in Mandalay market

**Mandalay January 11**

Active moves of Mandalay market reflects smooth trading, creating the situation that green gram fetched K135,000 per three-basket bag, said secretary U Set Maung Swe, of Merchant and Millers Maha Kahtein-daw Association (Mandalay).

Currently, Mandalay market is active in trading of various goods and pulses and beans, especially green gram.

"We saw high demand of green gram in the market. It becomes favorite of purchasers. Now, such a bean gets good price in the Mandalay market," he said.

In the first week of January 2023, green gram fetched K125,000 per bag compared to K135,000 per bag on 11 January.

"Prices of green gram are high in the domestic market. It is potential for gaining greater prices in the future," he added. 184

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Local farmers in Hainggyikyun to grow summer paddy on 102 acres of land this season

**Ngaputaw January 11**

Plans are underway to grow summer paddy on 102 acres of land in Hainggyikyun of Ngaputaw Township, Ayeyawady Region, according to the Township Department of Agriculture.

As summer paddy will be grown in the third week of January 2023, local farmers decided to choose the short-matured paddy strains.

"This year, Hainggyikyun will cultivate summer paddy on 101 acres of farmlands. In fact, the region is proper for cultivation of just summer paddy. In this regard, local farmers need to apply the agricultural technique for cultivation of summer paddy. So, the department provided them with necessary techniques. Local farmers need to produce quality paddy strains to get high prices in the market. Our department arranges achieving greater success in production of summer paddy this year. Local people slated to grow short-matured and high yield paddy strains," he addd.

In 2023, local farmers will grow 75-day, Theehtetyin and Thaibaygyar paddy strains in the summer. To grow paddy, departmental personnel started soil preparations, systematic use of fertilizers, eradication of golden snails and prevention of pests as of the first week of December 2022.

Kyaw Kyaw Lin


Transplanting in progress in a rice field.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ကနေဒါနိုင်ငံက F-35 တိုက်လေယာဉ် ၈၈ စင်း ဝယ်ယူကြောင်း အတည်ပြု



ကနေဒါနိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း ၎င်း၏ ခေတ်ဟောင်းတိုက်လေယာဉ်များကိုအစားထိုးရန်အတွက် အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ကနေဒါဒေါ်လာ ၁၉ ဘီလီယံဖြင့် အမေရိကန်ထုတ် F-35 တိုက်လေယာဉ် ၈၈ စင်း ဝယ်ယူခဲ့ကြောင်း ကနေဒါနိုင်ငံ ကာကွယ်ရေးဝန်ကြီး Anita Anand က ဇန်နဝါရီ ၉ ရက်တွင် အတည်ပြုခဲ့သည်။ အဆိုပါတိုက်လေယာဉ်သစ်များမှာယူထားမှုကို ကနေဒါနိုင်ငံ Ottawa က ၂၀၂၂ ခုနှစ် မတ်လတွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

"ကျွန်မတို့ အာတိတ်ဒေသအပါအဝင် ကျွန်မတို့နိုင်ငံကို ကာကွယ်ရေးစွမ်းရည်အားကောင်းအောင်လုပ်ဖို့ ဒီအချိန်မှာ လိုအပ်လာပါတယ်"ဟု Anita Anand က ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံသည် အမေရိကန်ကုမ္ပဏီများနှင့်သဘောတူညီချက်အရ Lockheed Martin နှင့် Pratt & Whitney ကုမ္ပဏီတို့က ပထမဦးဆုံးလေယာဉ်ကို ၂၀၂၆ ခုနှစ်တွင် ပေးပို့ရန်နှင့် ၂၀၃၂ ခုနှစ်နှင့် ၂၀၃၄ ခုနှစ်ကြားတွင် လေယာဉ်အုပ်တစ်ခုလုံးကို လွှဲပြောင်းပို့ဆောင်ပေးရန် တောင်းဆိုထားသည်။

ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံများသည်လည်း မကြာသေးမီလများအတွင်းက အမေရိကန်ထုတ် F-35 အဆင့်မြင့် ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ဝယ်ယူရန် စာချုပ်များချုပ်ဆိုနိုင်ခဲ့သည်။ F-35 သည် ယနေ့ခေတ်တွင် စွမ်းဆောင်ရည်အရှိဆုံး တိုက်လေယာဉ်ဟု သတ်မှတ်ခံထားရသည့် လေယာဉ်အမျိုးအစားလည်းဖြစ်သည်။

ကနေဒါနိုင်ငံသည် ၎င်း၏ NATO မဟာမိတ်များနှင့် မြောက်အမေရိက ကာကွယ်ရေးအဖွဲ့အစည်း NORAD တို့နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် အမေရိကန်ထုတ် စစ်လက်နက်ပစ္စည်းများကို ယခင်ကတည်းကဝယ်ယူအားပေးလေ့ရှိသည်။

ကနေဒါဝန်ကြီးချုပ် Justin Trudeau က F-35 ကို ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် မဝယ်ရန် ၂၀၁၅ ခုနှစ် အာဏာရလာချိန်တွင် ကတိပြုပြောကြားခဲ့ဖူးကြောင်း သိရသည်။

F-35 ကို ကနေဒါနိုင်ငံများအတွက် အကောင်းဆုံးဈေးနှုန်းဖြင့် ပေးဝယ်ရသကဲ့သို့ ကျွန်ုပ်တို့နိုင်ငံအတွက် အဆင့်မြင့်ဆုံးတိုက်လေယာဉ် ပိုင်ဆိုင်ထားနိုင်သည်ကို ကိုယ်စားပြုကြောင်း ကနေဒါနိုင်ငံက ယုံကြည်သည်ဟု ကနေဒါနိုင်ငံကာကွယ်ရေးဝန်ကြီး Anita Anand က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။

**Canada Confirms Order of 88 F-35 Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက အနီးကပ်ဆုံးမဟာမိတ်နိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟု ဘီလာရုစ်ကြေညာ

ရုရှားနှင့် ဘီလာရုစ် နှစ်နိုင်ငံပူးပေါင်းတပ်ဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းထူထောင်ပြီးနောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရက်သတ္တပတ်များစွာကြာ ပြုလုပ်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၈ ရက်တွင် ဘီလာရုစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇန်နဝါရီ ၁၆ ရက်တွင်စတင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလထိ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ဘီလာရုစ်အခြေစိုက် ပူးပေါင်းတပ်ဖွဲ့သစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် နှစ်နိုင်ငံစလုံးမှ ထုတ်နုတ်ဖွဲ့စည်းထားသည့် နည်းဗျူဟာမြောက်လေကြောင်းတပ်ဖွဲ့များ ပါဝင်မည်ဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် နိုင်ငံအတွင်းရှိ လေတပ်စခန်းများအားလုံး ပါဝင်မည်ဖြစ်ကြောင်း၊ ရုရှားစစ်လေယာဉ်များသည် ဘီလာရုစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနှင့် မင့်စ်တို့သည် ဘီလာရုစ်နယ်စပ်အနီးရှိ NATO တပ်ဖွဲ့များ တိုးမြှင့်ချထားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ဒေသတွင်း ပူးတွဲတပ်ဖွဲ့တစ်ခုထူထောင်ထားကြောင်း ၂၀၂၂ ခုနှစ် အောက်တိုဘာလက ကြေညာခဲ့သည်။ အိမ်ရှင်နိုင်ငံဖြစ်သည့် ဘီလာရုစ်နိုင်ငံက အဆိုပါပူးတွဲတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်ဦးရေ ၇၀၀၀၀ ခန့် ပါဝင်ဖွဲ့စည်းပေးထားပြီး ရုရှားနိုင်ငံက ၎င်း၏ ကိုယ်ပိုင်တပ်ဖွဲ့ဝင်ဦးရေ ၉၀၀၀ နှင့် အဆင့်မြင့်ဆုံးလက်နက်စနစ်တချို့ကို တပ်ဖြန့်ထားသည်ဟု သိရသည်။

ပူးပေါင်းတပ်ဖွဲ့သစ်သည် အနောက်နိုင်ငံများ၏ရန်လိုမှုကို လျှော့ချပေးနိုင်လိမ့်မည်ဟု ဘီလာရုစ်-ရုရှား အမျိုးသားလုံခြုံရေးကောင်စီ၏အတွင်းရေးမှူး အလက်ဇန်းဒါးဗိုဗစ်ချ်က ပြီးခဲ့သည့်သီတင်းပတ်က မီဒီယာသို့ ပြောကြားခဲ့သည်။ NATO အဖွဲ့ဝင်များက ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုနှင့် ကင်းထောက်ပျံသန်းမှုအရေအတွက်တိုးပွားလာခြင်းသည် ၎င်းတို့၏ မူဝါဒသည် ငြိမ်းချမ်းရေးကို မြှတ်နိုးရန် ဝေးကွာနေပြီး တန်ပြန်တုံ့ပြန်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော စစ်ဘက်ဆိုင်ရာအစုအဖွဲ့သည် အရှေ့ဥရောပတွင် စစ်ရေးဖြန့်ကြက်မှုတိုးမြှင့်လုပ်ဆောင်လိုက်ခြင်းဖြင့် နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည်ဟု ဘီလာရုစ်ရှိ အကြီးတန်းအရာရှိများက အခိုင်အမာပြောကြားထားခဲ့သည်။ ပိုလန်နှင့် ဘောလ်တစ်နိုင်ငံများတွင် အင်အား ၂၂၀၀၀ အပါအဝင် ဒေသတွင်း၌ အမေရိကန်တစ်နိုင်ငံတည်း တပ်ဖွဲ့ဝင်ဦးရေ ၃၅၀၀၀ ခန့်တပ်ဖြန့်ချထားကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီး



Viktor Khrenin က ပြောကြားခဲ့သည်။ ဘီလာရုစ်နိုင်ငံကို တိုက်ခိုက်ရန်စရန် အဆိုပါ အင်အားများကို အသုံးချနိုင်ကြောင်း Viktor Khrenin က သုံးသပ်ပြောကြားခဲ့သည်။

**Russia's closest ally announces joint military drills ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နှင့် ဆွီဒင်တို့ အနာဂတ်တွင် နိုင်ငံတွင်းစစ်အင်အားဖြန့်ကြက်မှုများဆွေးနွေးနေ



အမေရိကန်နှင့်ဆွီဒင်တို့သည် အနာဂတ်တွင် နိုင်ငံအတွင်း စစ်အင်အားဖြန့်ကြက်မှုများကို ထိန်းညှိပေးနိုင်မည့် လုံခြုံရေးသဘောတူညီချက်သစ်အတွက် ဇန်နဝါရီ ၉ ရက်က ဆွေးနွေးမှုများစတင်နေပြီဖြစ်သည်။ ဆွီဒင်နိုင်ငံသည် ယူကရိန်းကို ရုရှား၏စစ်ရေးအရအရေးယူမှုကို တုံ့ပြန်သည့်အနေဖြင့် ပြီးခဲ့သည့်နှစ်တွင် NATO အဖွဲ့ဝင်အဖြစ်လျှောက်ထားခဲ့သည့်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

ဆွီဒင်ကာကွယ်ရေးဝန်ကြီးဌာနက ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(DCA)၏အသေးစိတ်အချက်အလက်များကို တာဝန်ရှိသူများက ယခုလုပ်ဆောင်နေကြောင်း ဇန်နဝါရီ ၉ ရက်၌ ညှိနှိုင်းဆွေးနွေးမှု ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါသဘောတူညီချက်သည် လုံခြုံရေးနှင့်ကာကွယ်ရေးနယ်ပယ်တွင် ဆွီဒင်နှင့် အမေရိကန်တို့၏ ရေရှည်ပူးပေါင်းဆောင်ရွက်မှုမှာ ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်လည်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက သုံးနှုန်းထားသည်။

အမေရိကန်နိုင်ငံသည် ဆွီဒင်၏ လုံခြုံရေးနှင့် ကာကွယ်ရေးမူဝါဒဆိုင်ရာ မိတ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံစလုံးတွင် NATO အဖွဲ့အစည်းအတွင်း၌ပါ အရေးကြီးဆုံးဖြစ်သည်ဟုဆိုသည်။ လေ့ကျင့်မှုပုံစံအပါအဝင် ဆွီဒင်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များရောက်ရှိနေမှုအတွက် အခြေအနေများဖန်တီးခြင်းဖြင့် ကျွန်ုပ်တို့၏လုံခြုံရေးကို ပိုမိုခိုင်မာစေသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆွီဒင်တွင် အမေရိကန်တပ်ဖွဲ့များ ရောက်ရှိခြင်းအတွက် တရားဝင်အခြေအနေများကို ထိန်းညှိလုပ်ဆောင်ခြင်းအပြင် အနာဂတ်တွင် အမေရိကန်တပ်များဖြန့်ကြက်ချထားမှုနှင့် ဆက်စပ်နေသောကြောင့် DCA သည် တပ်စခန်းနယ်မြေများသို့ ဝင်ရောက်ခွင့်၊ သိုလှောင်မှုပစ္စည်းများ၊ အခွန်အခများနှင့် တာဝန်များကဲ့သို့သော အခြားကိစ္စရပ်များပါဝင်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆွီဒင်ကို တန်ဖိုးရှိသောကာကွယ်ရေးမိတ်ဖက်နိုင်ငံဟုခေါ်ဆိုကာ ဆွေးနွေးပွဲကို မှတ်တမ်းတင်ကြောင်း၊ DCA သည် ကျွန်ုပ်တို့၏ နီးကပ်သောလုံခြုံရေးမိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေကာ နိုင်ငံစုံလုံခြုံရေးဆောင်ရွက်မှုများအတွက် ကျွန်ုပ်တို့၏ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အတ္တလန္တိတ်ဖြတ်ကျော်လုံခြုံရေးကို အတူတကွအားကောင်းစေမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ သဘောတူညီချက်အသစ်သည် အမေရိကန်၊ ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့ကြား သုံးနိုင်ငံသဘောတူညီချက်ပါဝင်သည့် ၂၀၁၆ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ချုပ်ဆိုခဲ့ဖူးသော ယခင်လုံခြုံရေးသဘောတူညီချက်များပေါ်တွင် အခြေခံတည်ဆောက်မည်ဖြစ်သည်။ ဆွီဒင်နှင့် ဖင်လန်နှစ်နိုင်ငံစလုံးသည် ယခုနှစ်အတွင်း NATO စစ်မဟာမိတ်အဖွဲ့တွင် ပါဝင်ရန် ရည်မှန်းထားချိန်၌ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**US to boost military cooperation with NATO hopeful ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် မျိုးကောင်းမျိုးသန့်ဆင်းသုခစပါးဧက ၅၅၅၀၀ ရိတ်သိမ်းပြီးစီး



**ကျုံပျော် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ဆင်းသုခစပါး ဧက ၅၅၅၀၀ ပြန်လည်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ဆင်းသုခစပါးဧက ၅၅၅၀၀ ကို ဩဂုတ်လပထမပတ်က စတင်စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာလပထမပတ်တွင် ပြန်လည်စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ဆင်းသုခစပါး ဧက ၅၅၅၀၀ ကို ရာနှုန်းပြည့် ပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စပါးအရည်အသွေးကောင်းမွန်စေပြီး ဈေးကွက်ဝင်စပါးအမျိုးအစားဖြစ်စေဖို့အတွက် ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ဆင်းသုခစပါးအမျိုးအစား ဧက ၅၅၅၀၀ ကို ကျုံပျော်မြို့နယ်မှာ မိုးစပါးစိုက်ပျိုးရာသီက စီမံချက်ချပြီး စိုက်ပျိုးခဲ့ပါတယ်။ အခုစိုက်ပျိုးခဲ့တဲ့ ဧကအားလုံးပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းဆင်းသုခစပါးကို တောင်သူတွေစိုက်ပျိုးနိုင်ဖို့ရာ မျိုးကောင်းမျိုးသန့်စပါးတွေရရှိစေဖို့ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ တောင်သူတွေ စပါးစိုက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကွန်ပေါင်း မြေဩဇာတွေကိုလဲ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပြန်လည်ရိတ်သိမ်းပြီးစီးခဲ့သည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ဆင်းသုခစပါးတစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ထိထွက်ရှိခဲ့ပြီး စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းထိ ဈေးကောင်း ရရှိနေကြောင်း၊ အဆိုပါမိုးစပါးများ စိုက်ပျိုးရေး၊ ပြန်လည်ရိတ်သိမ်းနိုင်ရေး စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာပညာပေးသင်တန်းဖွင့်လှစ်

**ကျိုက်မရော ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာအသိပညာများတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာပေးသင်တန်းကို ဇန်နဝါရီ ၁၀ ရက်က ဘိန်းဗျောကျေးရွာအုပ်စု နတ်စမ်းကျေးရွာခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးနှင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးတို့က သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သင်တန်းနည်းပြအရာရှိများက စာတွေ့၊လက်တွေ့ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၄ ရက်ထိ ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# ကျောက်မဲခရိုင် သီပေါ-ပန်လုံ-မန်စံ-နမ္မတူလမ်းတွင် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်မဲ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် လမ်းဦးစီးဌာနက သီပေါ-ပန်လုံ-မန်စံ-နမ္မတူလမ်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူရနှင့် တာဝန်ရှိသူများက သီပေါ-ပန်လုံ-မန်စံ-နမ္မတူလမ်းတွင် ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါ-ပန်လုံ-မန်စံ-နမ္မတူလမ်းတွင် အရှည် ၄ ဒသမ ၅ ဖာလုံ၊ အကျယ် ၂၄ ပေကို AC ကတ္တရာကွန်ကရစ်ခင်းခြင်း၊ နိမ့်ကျပျက်စီးနေသော အရှည် ၄ ဒသမ ၅ ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၃၃ ဒသမ ၉၄၉ သန်းဖြင့် သီပေါမြို့နယ်နှင့် နမ္မတူမြို့နယ် လမ်းဦးစီးဌာနတို့က ၂၀၂၂ ခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုကြောင့် လမ်းတစ်လျှောက်ရှိ ကျေးရွာ ၅၆ ရွာမှ အိမ်ထောင်စု ၄၂၇၇၂ စု၊ လူဦးရေ ၂၀၇၁၈၉ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အကျုံးဝင်အာမခံအလုပ်သမား ၂၆၀၆၁ ဦးရှိပြီး ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ ဆေးဖိုးအမှုတွဲပေါင်း ၂၄၇၃ မှုအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၄၁၆ ဒသမ ၉၂၆ သန်း ပေးအပ်ခဲ့ပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့စာချုပ်ဆေးခန်းများဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းနှင့် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိလူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်းတို့တွင် အကျုံးဝင်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ အာမခံအလုပ်သမားများကို တွေ့ဆုံအားပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အကျုံးဝင်အာမခံအလုပ်သမား ၂၆၀၆၁ ဦးရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်း သုံးခန်း၊ လူမှုဖူလုံရေးအဖွဲ့ စာချုပ်ဆေးခန်းများဖြစ်သည့် လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်း နှစ်ခန်းနှင့်လူမှုဖူလုံရေး-လင်းအထွေထွေရောဂါကုဆေးခန်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် Fee For Service Payment ဆေးခန်း ၁၂ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်းနှင့် မီးဖွားမှုဝန်ဆောင်မှုဆေးခန်း ရှစ်ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ ဆေးဖိုးအမှုတွဲပေါင်း ၂၄၇၃ မှုအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၄၁၆ ဒသမ ၉၂၆ သန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ CMP လုပ်ငန်းများ ငွေကြေးဆိုင်ရာ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလုပ်သမားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီအတွင်းရေးမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ CMP အထည်ချုပ်လုပ်ငန်းရှင်များ၊ CMP Other လုပ်ငန်းရှင်များ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ CMP စနစ်ဖြင့်လုပ်ငန်းလုပ်ကိုင်လိုကြောင်း လျှောက်ထားလာမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သဘောထားမှတ်ချက်နှင့်တကွ စိစစ်ဆောင်ရွက်ပေးခြင်း၊ CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့်ရရှိသည့်လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီလုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊မရှိ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီအခွန်ပေးဆောင်ခြင်း ရှိ၊ မရှိ၊ ရရှိသောလုပ်ခများကိုဘဏ်သို့ မှန်ကန်စွာပေးသွင်းခြင်း ရှိ၊ မရှိ၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သောလုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ၊ မရှိ၊ စာရင်းဇယားများစနစ်တကျထားရှိခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် CMP စက်ရုံ၊ အလုပ်ရုံပေါင်း ၇၃၈ ရုံရှိသည့်အနက် နိုင်ငံခြားငွေဝင်ရောက်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်တိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ စိစစ်ခဲ့ရာတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၄ ရက်ထိ ငွေစာရင်းဖွင့်လှစ်ထားရှိသည့် စက်ရုံများတွင် နိုင်ငံခြားငွေဝင်ရောက်သည့် စက်ရုံ ၃၆၂ ရုံရှိကြောင်း၊ နိုင်ငံခြားငွေဝင်ရောက်ခြင်းမရှိသည့် စက်ရုံ ၂၈၄ ရုံတွေ့ရှိခဲ့ရပြီး ငွေစာရင်းဖွင့်လှစ်ထားခြင်းမရှိသည့် စက်ရုံ ၉၂ ရုံတွေ့ရှိခဲ့ကြောင်း၊ ငွေစာရင်းဖွင့်လှစ်ထားခြင်းမရှိသောစက်ရုံများငွေကြေးလည်ပတ်သုံးစွဲရာတွင် ဘဏ်စနစ်အသုံးပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေဝင်ရောက်ခြင်းမရှိသောစက်ရုံများသည် ပြည်ပမှအသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာရေးလုပ်ငန်းစဉ်များတွင် နိုင်ငံခြားဝင်ငွေစီးဆင်းမှုသည်လည်း နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောကဏ္ဍမှ ပါဝင်ကြောင်း၊ တက်ရောက်လာကြသော CMP အထည်ချုပ်လုပ်ငန်းရှင်များ၊CMP Other လုပ်ငန်းရှင်များက မိမိတို့တွေ့ကြုံရသောအခက်အခဲများ၊ ဖြေလျှော့ပေးစေလိုသည့်အချက်များရှိပါက ရင်းနှီးပွင့်လင်းစွာတင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသော အသင်းအဖွဲ့နှင့်လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကျန်းမာရေးနှင့်အလှအပဆိုင်ရာစီးပွားရေးနီးနှောဖလှယ်ပွဲ-၂၀၂၃ ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးမြှင့်တင်မှုဌာနမှစီစဉ်ကျင်းပသော ကျန်းမာရေးနှင့်အလှအပဆိုင်ရာစီးပွားရေးနီးနှောဖလှယ်ပွဲ-၂၀၂၃ သို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဦးစွာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာ သာနာဝပ်နာဂိုဝတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဆေးရုံများအပါအဝင် ကုမ္ပဏီပေါင်း ၂၆ ခု တက်ရောက်သည်ဟု သိရှိရပါကြောင်း၊ ကျန်းမာရေးနှင့်အလှအပဆိုင်ရာစီးပွားရေးနီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကျင်းပသည့် ကျန်းမာရေးနှင့်အလှအပဆိုင်ရာ စီးပွားရေးနီးနှောဖလှယ်ပွဲသည် စီးပွားရေးကဏ္ဍအတွက်သာမက ခရီးသွားကဏ္ဍအတွက်ပါ အကျိုးရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အထောက်အကူပြုမည်ဟုယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတို့တွင်လည်း ပိုမိုရင်းနှီးစွာလက်တွဲဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် မြန်မာနိုင်ငံအလှကုန်အသင်းဥက္ကဋ္ဌ ဒေါက်တာဆုလှဟန်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် အမှာစကားပြောကြားသူများကို ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာ သာနာဝပ်နာဂိုဝတ်က အမှတ်တရလက်ဆောင်များပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာသာနာဝပ်နာဂိုဝတ်၊တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့်အလှအပဆိုင်ရာ စီးပွားရေးနီးနှောဖလှယ်ပွဲ-၂၀၂၃ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြခန်းများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်ဝန်ကြီးဌာန၏ အားပေးဆောင်ရွက်နေမှု၊ နိုင်ငံတကာခရီးသွားပြပွဲများနှင့် ခရီးသွားဈေးကွက်အသစ်များ ရရှိရေးဆောင်ရွက်နေမှု၊ တရုတ်နှင့် ရုရှားနိုင်ငံတို့မှ ခရီးသည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကိုဗစ်ကာလတွင် နိုင်ငံတော်မှဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအတွက် ဖြေလျှော့ပေးခဲ့မှုများနှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီဖြစ်၍ ဟိုတယ်များအနေဖြင့် နိုင်ငံတော်သို့ပေးသွင်းရန်ရှိသည့် ငှားရမ်းခများနှင့် အခွန်အခများကိုပြည့်ဝစွာပေးသွင်းနိုင်ရေးကိစ္စ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များအနေဖြင့် ပြည်တွင်းဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးညွန့်အောင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်တင်ပို့မှုကို အရည်အသွေးအားဖြင့် ပိုမိုကောင်းမွန်ရေး၊ အရေအတွက်အားဖြင့် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်ပူးပေါင်းပြီး မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၇ ရက်ထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ညီလာခံမှ ဖော်ထုတ်ချက်များအရ ဆက်လက်ဆောင်ရွက်သွားသင့်သည့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် ဖော်ထုတ်ချက် ၁၅ ချက်၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍအတွက် ၁၀ ချက်နှင့် ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍအတွက် ၁၈ ချက် စုစုပေါင်းဖော်ထုတ်ချက် ၄၃ချက်နှင့်ပတ်သက်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် လုပ်ငန်းစီမံချက် (Action Plan)ကို ငါးနှစ်တာကာလအတွက်(မူကြမ်း) ရေးဆွဲပြုစုထားပြီးဖြစ်ပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကိုအားလုံး အတည်ပြုချက် ရရှိပြီးသည့်အချိန်တွင် သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များ အနေဖြင့်ဦးဆောင်ခြင်း၊ အထောက်အကူပြုပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်၍ အစိုးရ-ပုဂ္ဂလိကပူးပေါင်း၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မြန်မာ့ဆန်စပါးပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံဈေးကွက်တိုးချဲ့နိုင်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်တည်ရှိစေရေးအတွက်လည်းကောင်း၊ အရည်အသွေးသတ်မှတ်ချက် နိုင်ငံတကာအဆင့်ဝင်သည့် ပို့ကုန်များကိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက်လည်းကောင်း ဌာနဆိုင်ရာများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များက ဟန်ချက်ညီညီဖော်ဆောင်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက လုပ်ငန်းစီမံချက်လျာထားမှုများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင် ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲသုံးခုမှ တောင်သူဦးကြီးများကို ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇန်နဝါရီလမှ မတ်လကုန်ထိ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

နိုင်ငံအတွင်းစားနပ်ရိက္ခာဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝ တိုးတက်ရေးတို့ကို ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အတိုးနှုန်းတစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၃ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့တွင် လယ်ဝေးခရိုင်ဘဏ်ခွဲမှ အင်ပင်ကျေးရွာ အုပ်စု(၁)အုပ်စု၊ တောင်သူ ခုနစ်ဦး၊ ချက်ကြဲ ၃၆ ဧကအတွက်ချေးငွေကျပ် ၃ ဒသမ ၆၀ သန်း ထုတ်ချေးရာတွင် နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယတိုင်းမန်နေဂျာ ဒေါ်စမ်းမူယာအောင်က ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တောင်သူများကိုရှင်းလင်းပြောကြားပြီး ချေးငွေများထုတ်ချေးပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင် ပျဉ်းမနားမြို့နယ်နှင့်တပ်ကုန်းမြို့နယ် ဘဏ်ခွဲသုံးခုမှ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တောင်သူများသို့ ချေးငွေများစိုက်ပျိုးရာသီအချိန်မီရရှိရေးအတွက် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

သစ်ခွမျိုးစုံနှင့် ခရီးတစ်ထောက်ဝင်ရောက်နားခိုလေ့ရှိသည့် ဆောင်းခိုငှက်တို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်လျက်ရှိရာ အာဆီယံနိုင်ငံများအကြား၌ ဂေဟစနစ်တွင် အရေးပါသောရေခဲတောင်ဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် တစ်ဆက်တည်းတည်ရှိနေသော ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့၌ ကမ္ဘာ့ရှားပါးရေပျော်ငှက်ဖြစ်သည့် ကြိုးကြာခေါင်းမည်းဆောင်းခိုငှက်များ ၁၅ ရက်မှ တစ်လခန့်နားခိုလေ့ရှိကာ အစာရေစာဖြည့်တင်းပြီးပါက မြန်မာနိုင်ငံအတွင်းရှိ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီးအိုင်၊ အင်းလေးအိုင်၊ မိုးယွန်းကြီးအင်းနှင့် အခြားသော သဘာဝအင်းများ၌ ဆက်လက်ဆောင်းခိုကြလေ့ရှိပြီး မတ်လနှင့် ဧပြီလတို့တွင် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ တစ်ဖန်ပြန်လည်နားခို၍ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနှင့် မွန်ဂိုလီးယားသို့ ပျံသန်းကြလေ့ရှိကြောင်း သိရသည်။

ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအင်အားနည်းပါးခြင်းနှင့်ဘတ်ဂျက်လိုအပ်ချက်ကြောင့် တောရိုင်းတိရစ္ဆာန်များနေရင်းဒေသပြန်လည်တည်ထောင်ခြင်းစီမံချက်လုပ်ငန်းများ လုပ်ဆောင်ရာ၌ အခက်အခဲများရှိနေကြောင်း သိရသည်။

ဘေးမဲ့တောကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာ၌ ဒေသခံများကို အသိပညာပေးခြင်း၊ ကင်းလှည့်ထိန်းသိမ်းခြင်း၊ အကောင်နှင့် ငှက်စာရင်းပုံမှန်ကောက်ယူခြင်း၊ နို့တိုက်သတ္တဝါနှင့် ရေခဲငါးစာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဆေးဖက်ဝင်အပင်များနှင့် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးလုပ်ငန်းများကို ပုံမှန်လုပ်ဆောင်နိုင်ခြင်းဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရေရှည်ဖွံ့ဖြိုးမှု အသီးအပွင့်များကို သားစဉ်မြေးဆက်ခံစားရရှိစေမည်ဖြစ်သည်။

"ဆောင်းခိုငှက်တွေတော့ ဖုန်ကန်ရာဇီဘေးမဲ့တောမှာမရှိတော့ပါဘူး။ မြန်မာပြည်အတွင်းက အင်း၊ အိုင်တွေမှာဝင်နားနေကြပါပြီ။ ဒီမှာသားမင်း၊ အင်းကျား၊ တောင်ဆိတ်နီ၊ ပန်ဒါနီ၊ ဟိမဝန္တာဝက်ဝံ၊ မျောက်လွှဲကျော်မျက်ခုံးဖြူ၊ ငှက်ဝမ်းဗိုက်ဖြူ၊ မိုနာရစ်နဲ့ငရစ်ဝမ်းဗိုက်ဖြူတို့ဆိုရင် ရှားပါးတိရစ္ဆာန်တွေပါ။ အောင်လောင်းနဲ့အောက်ချင်းငှက်ဆိုတာ တောကောင်းမှနားခိုတဲ့အတွက် ဖုန်ကန်ရာဇီဘေးမဲ့တောရဲ့ သဘာဝအနေအထားကို ခန့်မှန်းလို့ရပါတယ်။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းကို ရှိတဲ့ဝန်ထမ်းအင်အားနဲ့ ဆောင်ရွက်နေပါတယ်။ ဘေးမဲ့တောကြီး ရေရှည်တည်တံ့ဖို့ဆိုတာ ဒေသခံတွေရဲ့ ပူးပေါင်းပါဝင်မှုအပေါ်မှာ မူတည်ပြီး သားစဉ်မြေးဆက် ဝိုင်းဝန်းထိန်းသိမ်းသွားမယ်ဆိုရင် ဖုန်ကန်ရာဇီဘေးမဲ့တောဟာ အစဉ်လှပရှင်သန်နေမှာပါ"ဟု ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးသိန်းဌေးက ပြောပြသည်။

ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၃၆ မျိုး၊ ငှက်မျိုးစိတ် ၃၇၀၊ လိပ်ပြာမျိုးစိတ် ၃၆၀၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၈၂ မျိုးနှင့် ဒေသငါးမျိုးစိတ် ၄၂ မျိုးတို့ရှိပြီး ရက္ခနှင့်ဇီဝထိန်းသိမ်းခြင်းနှင့်သုတေသနလုပ်ဆောင်မှုတို့တွင် အမေရိကန်၊ တောင်ကိုရီးယားနှင့် နီပေါနိုင်ငံတို့မှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းများ ယာယီရပ်နားခဲ့သည်။ ရေခဲဖုံးလွှမ်းရာဒေသဖြစ်သောကြောင့် နီပေါနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသထိန်းသိမ်းရေးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ရာသီဥတုအပြောင်းအလဲနှင့် တောရိုင်းတိရစ္ဆာန်၊ ငှက်နှင့်အပင်တို့၏ ဇီဇပြောင်းလဲမှုတို့တွင် သုတေသနလုပ်ငန်းအတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမြောက်ဖျားတွင် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာတည်ရှိနေသော ဖုန်ကန်ရာဇီဘေးမဲ့တောနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်ပါက ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးမှုဖြင့် ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကိုအထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး ရေခဲတောင်အလှကြွယ်ချိန်ဖြစ်သောကြောင့် ပူတာအိုမြို့ပေါ်၌ ပြည်တွင်းတောင်တက်အဖွဲ့များ၊ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည်။

**သတင်းဆောင်းပါး-ညီမ်းသူ**

**ဓာတ်ပုံ-ကနူး**

# တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ



**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျောင်းအုပ်များ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး ခြောက်ထပ်ဆောင်အစည်း အဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

အဆိုပါတွေ့ဆုံပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းကဏ္ဍ များအလိုက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့် ပညာနှင့် သိပ္ပံနှင့်နည်းပညာတက္ကသိုလ် များ ကျောင်းဥပစာရိပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ပြီး ပညာသင်ကြားရာတွင် စိတ်ချမ်းမြေ့စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းများကို ယခုထက်ပိုမို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော် အပေါ် သစ္စာစောင့်သိပြီး ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ ပြည်သူ၊ အစိုးရ၊ ဝန်ထမ်း ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း မှာကြားပြီးနောက် တက်ရောက် လာသူများ၏ ဆွေးနွေးတင်ပြမှုများ အပေါ် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

ယင်းတွေ့ဆုံပွဲသို့ ဆေးနှီးနွယ် တက္ကသိုလ်များ၊ ဗဟိုအဆင့်ဆေးရုံကြီးများ နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနနှင့် ဌာနအောက်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်များ၊ အဆင့်မြင့်တက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ သမဝါယမကောလိပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ၃၂ ခုတို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ကျောင်းအုပ်များ တက်ရောက် ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနတွင် လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများသင်တန်းကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနေရာ ယနေ့ထိ ၂၈ ကြိမ် ရှိကာ သင်တန်းသားဦးရေ ၃၃၀၀ ကျော် ကို ပို့ချပေးခဲ့ပြီဖြစ်ကြောင်း အဆိုပါ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးထံမှ သိရသည်။

အဆိုပါသင်တန်းများတွင် ပိုးသတ် ဆေးဥပဒေများနှင့်ပတ်သက်၍ သိရှိ လိုက်နာ ကျင့်သုံးလာစေရန်၊ ပိုးသတ် ဆေးကို အမြဲကိုင်တွယ်သုံးစွဲနေကြသော တောင်သူများ၊ ပိုးသတ်ဆေးရောင်းချသူ များ၊ ပိုးသတ်ဆေးကုမ္ပဏီများမှဝန်ထမ်းများ အား ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့် ပိုးသတ်ဆေး ဥပဒေနှင့်အညီ ရောင်းချနိုင်စေရန်တို့ကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

"သင်တန်းမှာ ပိုးသတ်ဆေး၊ ရောဂါ သတ်ဆေးနဲ့ ပေါင်းသတ်ဆေးတွေအကြောင်း၊ ဆေးဖျန်းပုံအမျိုးအစားနဲ့ ပိုးသတ်ဆေး ဖျန်းပုံ နည်းစနစ်တွေအကြောင်း၊ ပိုးသတ် ဆေးအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဓာတ်ကြွင်းအာနိသင်တွေနဲ့ စနစ်တကျ ပိုးသတ်ဆေး ကိုင်တွယ်အသုံးပြုနည်းလမ်း တွေအကြောင်း၊ ဥပဒေတွေအကြောင်း ပို့ချပေးပါတယ်၊ ဒီလိုသင်တန်းတွေ ဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် ပိုးသတ်ဆေးကို အမြဲကိုင်တွယ်သုံးစွဲနေကြတဲ့ တောင်သူ တွေ၊ ပိုးသတ်ဆေးရောင်းချသူတွေ၊ ပိုးသတ်ဆေးကုမ္ပဏီက ဝန်ထမ်းတွေပါ များစွာအကျိုးရှိပါတယ်၊ သင်တန်းနဲ့ ပတ်သက်ပြီး လုပ်ငန်းရှင်တွေရဲ့တောင်းဆိုမှု တွေပါရှိလာပါတယ်" ဟု မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်း က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် သီးနှံကာကွယ်ရေး ဌာနခွဲမှပြုလုပ်သည့် လက်မှတ်ရ ပိုးသတ် ဆေးသုံးစွဲသူများ သင်တန်းများကို ဖွင့်လှစ် ပို့ချပေးလျက်ရှိရာ ယနေ့ထိ ၂၈ ကြိမ် ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၃၃၇၁ ဦးကို ကတ်ပြားများထုတ်ပေးပြီးဖြစ် ကြောင်း သိရသည်။

**မျိုးကျော်**

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရ သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာမန်ဂျူရုလ် ကရင်လ်ခမ်ချောင်ဒရီ နေရာတွင် မစ္စတာ မိုဟာမက်မွန်(န)ဝါဟူစိန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာမိုဟာမက်မွန်(န)ဝါဟူစိန်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာ့ဂ်ျရှာဟီမြို့ (Rajshahi)၌ ၁၉၇၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆေးပညာကောလိပ်မှ ဆေးပညာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ ကျန်းမာရေးမူဝါဒ၊ စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ နန်ယန်းနည်းပညာတက္ကသိုလ်မှ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေး ဆက်သွယ်မှုဆိုင်ရာ ပါရဂူဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၁ ခုနှစ်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ် မေလမှ ၂၀၀၅ ခုနှစ် မေလထိ လက်ထောက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ ခုနှစ် မေလထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးတွင် ဒုတိယအတွင်းဝန်၊ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၁ ခုနှစ် ဇူလိုင်လထိ စင်ကာပူနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ်မဟာမင်းကြီးရုံးတွင် ပထမအတွင်းဝန်၊ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာမိုဟာမက်မွန်(န)ဝါဟူစိန်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ လက်ရှိအချိန်ထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းကိုယ်စား လှယ် အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

# ဇန်နဝါရီ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၃၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၁၉၇ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၁**


ဇန်နဝါရီ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၇၈၂ ခုကို စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက် ဆရာတော်ထံ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များကို အရှက်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ ဇန်နဝါရီ ၁၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းနှင့် တန့်ယန်းမြို့ရှိ ရွှေမောင်းသာသနာဝေပုလ္လ သီလရှင်စာသင်တိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နမ့်စန်မြို့ အမှတ်(၂)မိုးကုတ်ဝိပဿနာကျောင်းတိုက်၊ မွန်ပြည်နယ် သထုံမြို့ ဇရစ်ချောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ အိမ်မဲမြို့ရှိ အိမ်မဲမင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်စာသင်တိုက်သုံးကျောင်း၊ မကွေးတိုင်းဒေသကြီး စကုမြို့ စွယ်တော်ကုန်းတောရကျောင်း၊ ချောက်မြို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်နှင့် မိချောင်းရဲမြို့ရှိ သီလရှင်ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိမန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မြင်းခြံမြို့နယ် မြင်းခြံဘိုးဘွားရိပ်သာတို့ရှိ အဘိုး၊ အဘွားများကို နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ခံပြဘက်စုံ စိုက်ပျိုး၊မွေးမြူရေးခြံ၌ ခရမ်းစိုက်ပျိုးထားရှိမှု၊ တိုင်ထောင်ပဲ စိုက်ပျိုးထားရှိမှု၊ မြေအစားထိုး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှု၊ ဥစားကြက် မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ဥစားဘဲ မွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပုသိမ်မြို့ ခံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၂၆၄၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၁၉၈၁ ဦး တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၈၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# မာန်အောင်မြို့ အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်နေသည့် ငါးဖမ်းဝါးလက်လှေတစ်စီးကို ကူညီကယ်ဆယ်



တပ်မတော်(ရေ)မှ တာဝန်ရှိသူတစ်ဦးက မီးလောင်နေသည့် ငါးဖမ်းဝါးလက်လှေမှ လှေသားများကို လိုအပ်သည့်ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် မာန်အောင်မြို့၏ အနောက်ဘက် ရေမိုင် ၂၃ မိုင်ခန့်အကွာ၌ ငါးဖမ်းဝါးလက်လှေတစ်စီး မီးလောင်နေကြောင်းသတင်းအရ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် သွားရောက်ရှာဖွေစိစစ်ခဲ့ရာ ထူးထက်အောင် (၇၂) အမည်ရှိ ငါးဖမ်းဝါးလက်လှေ တစ်စီး မီးလောင်နေသည်ကို တွေ့ရှိခဲ့သဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး လှေပေါ်ပါ လှေသား ၁၃ ဦးကို စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ မီးလောင်နေသည့် ငါးဖမ်းဝါးလက်လှေမှ လှေသားများကို ယနေ့တွင် သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ပဲခူးဘူတာမှ ဇင်းကျိုက်ဘူတာသို့ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်



မြန်မာ့မီးရထား ကျောက်ရထားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်ထားမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူအများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှတင်သွင်းလာသည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာစီးဆင်းနိုင်ရေး စသည့် ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၆ စီး၊ စာပို့ရထားခရီးစဉ် ၁၂ စီး၊ လူစီးကုန်တင် ရထားခရီးစဉ်ရှစ်စီးတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ် အစီး ၃၀ စုစုပေါင်းရထားခရီးစဉ် ၆၆ စီးတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာ၌ ဌာန၏လမ်းခင်းကျောက်များသယ်ယူရန် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမှထွက်ခွာလာသည့် ကျောက်တင်တွဲလွတ် ၁၃ တွဲ ချိတ်ဆက်ပါရှိသော အမှတ်(၃၇၅) အဆန် ကျောက်ရထားသည် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာနှင့် ရင်းငြိမ်ဘူတာအကြား မိုင်တိုင်အမှတ် ၁၄၈/၂၁-၂၄ သို့ ည ၆ နာရီခန့်တွင်ဖြတ်သန်းစဉ် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားတွဲဆိုင်းပါ စက်ခေါင်း၊ ကျောက်တင်တွဲသုံးတွဲနှင့် ကုန်တွဲတစ်တွဲတို့ လမ်းချော်ကျ၍ ရထားလမ်းပိတ်ဆို့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ လမ်းချော်ကျခဲ့သည့် စက်ခေါင်းနှင့်တွဲများကို ပြန်လည်မတင်ပြီး လမ်းပိုင်းပြုပြင်ကာ ယနေ့နံနက်ပိုင်းမှစ၍ ရထားများ ပုံမှန်ပြန်လည် ပြေးဆွဲပေးနေပြီဖြစ်သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် စက်ခေါင်းနှင့်တွဲများ၊ ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် လမ်းခင်းကျောက်တို့ ချို့ယွင်းပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ ရထားလမ်းပိတ်ဆို့မှုကြောင့် လူစီးရထားများဖြင့် လိုက်ပါလာသည့် ခရီးသည် ၁၅၀၀ ကျော်တို့သည် လမ်းခရီး၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အလားတူပင် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြန်မာ့မီးရထား၏ ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင်လည်း မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာမှ ဌာနပိုင်လမ်းခင်းကျောက်များ သယ်ဆောင်ထွက်ခွာလာသည့် အမှတ်(၆၈၇) အစုန် ကျောက်ရထားတွဲဆိုင်းကို သထုံမြို့နယ် ရင်းငြိမ်နှင့်သထုံဘူတာအကြားတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုပြုလုပ်ခဲ့သောကြောင့် ကျောက်တင်ထားသည့်ရထားတွဲသုံးတွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး ကွန်ကရစ်ဇလီဖားတုံး ၁၁၅ တုံး၊ သံလမ်း ငါးပေခန့်ပြတ်ထွက်၍ သံလမ်းခြောက်ချောင်း ပျက်စီးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် လူစီးရထားခရီးစဉ်များ ကြန့်ကြာခဲ့ရပြီး ခရီးသည်ပေါင်း ၂၅၀၀ ခန့် အခက်အခဲကြုံတွေ့ခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများကို ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ငါးကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု သုံးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ၊ တွေ့ရှိမှု ခြောက်ကြိမ် စုစုပေါင်း ၁၄ ကြိမ်နှင့် ဘူတာ၊ ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း တစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြသည်။

ထို့အတူ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးအနေဖြင့် ရထားလမ်းနှင့် ရထားဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၀၅ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၃၄ ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ကိုးကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေးအတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ်ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင်လမ်းခင်းကျောက်သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ်မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဒေသခံပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ ခရီးသွားပြည်သူများထံမှ ဖုန်းများနှင့် ငွေများကို အတင်းအဓမ္မလုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

NUG၊ CRPH အဖွဲ့၏ လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်နှင့် ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ ခရီးသွားမော်တော်ယာဉ်များအား လက်နက်ကိုင်ဆောင်၍ ခြိမ်းခြောက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့ဘက်သို့ ယာဉ်မောင်း ဦးသန့်ဇင် (ဘ)ဦးမြင့်စိန် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးသန့်ဇင်ဖြိုးနှင့်အတူ ခရီးသည်အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦးတို့ လိုက်ပါလာသည့် ရွှေလရောင်မှန်လုံယာဉ်အမှတ် MDY 3I/------- (အပြာရောင်)သည် ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ တံတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၅၅၀၀ ခန့်အကွာနေရာသို့ ရောက်ရှိစဉ် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကားလမ်းမ၏ အရှေ့တောင်ဘက်မှ ရောက်ရှိလာကာ မော်တော်ယာဉ်အားရပ်တန့်စေပြီး ခရီးသည်များထံမှ ဖုန်း ၁၈ လုံးနှင့် ငွေကျပ်သိန်း ၅၀ ခန့်တို့ကို လုယက်ယူဆောင်သွားကာ ယာဉ်များသွားလာမှုရပ်တန့်စေရန် မော်တော်ယာဉ်၏ အရှေ့ဘက် မီတာ ၃၀ ခန့်အကွာ အာရှလမ်းမကြီးပေါ်၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပြီးနံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကားလမ်း၏ အရှေ့တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရသည်။



KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် အာရှလမ်းသစ် မှတ်တမ်းဓာတ်ပုံ။




KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုယက်ခံရသည့် ရွှေလရောင် မှန်လုံယာဉ် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ မိုင်းဖောက်ခွဲခဲ့မှုကြောင့် ခရီးသည်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မော်တော်ယာဉ်၏ ဘယ်ဘက်လေကာမှန်တံခါး တစ်ချပ် မိုင်းစထိမှန်ပျက်စီးခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် ကားလမ်းမပေါ်တွင် အကျယ် လေးပေ၊ အနက် တစ်ပေခန့် ချိုင့်ဝင်ပျက်စီးခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ နေဦးသည် ၎င်းအသုံးပြုသည့် "Nay Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ထိန်လင်းနိုင်သည် ၎င်းအသုံးပြုသည့် "Htein Lin Naing" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အစ္စတန်ဘူးလ်မြို့အနီး ရေလှောင်တမံများတွင် ရေပမာဏကျဆင်းမှုကြောင့် လိုအပ်သောသောက်သုံးရေဖြန့်ဝေရန် အခက်အခဲရှိ



**အင်ကာရာ ဇန်နဝါရီ ၁၁**

တူရကီနိုင်ငံ အစ္စတန်ဘူးလ်မြို့ အနီးရှိ ရေလှောင်တမံများတွင် ရေပမာဏ သိသိသာသာကျဆင်းလာမှုကြောင့် လိုအပ်သောသောက်သုံးရေ လုံလောက်စွာဖြန့်ဝေရန် အခက်အခဲများရှိလာကြောင်း အစ္စတန်ဘူးလ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု HDN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စတန်ဘူးလ်မြို့အနီးရှိ ရေလှောင်တမံများတွင် ရေပမာဏ ၃၃ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး သောက်သုံးရေဖြန့်ဝေရန်အတွက် သုံးလခွဲစာခန့်သာ လုံလောက်နိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေထုအရင်းအမြစ်များမှ ရေအလုံအလောက် မရသည့်အတွက်လည်း ရေလှောင်တမံများတွင် ရေပမာဏ သိသိသာသာကျဆင်းလာခဲ့ခြင်းဖြစ်ပြီး သောက်သုံးရေလုံလောက်မှုရှိစေရေးအတွက် ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေရောက်ရှိနေကြောင်း အစ္စတန်ဘူးလ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံဟာ ရေပေါတဲ့ နိုင်ငံတစ်နိုင်ငံမဟုတ်သလို ရေရှားပါးတဲ့နိုင်ငံလဲမဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေကတော့ သောက်သုံးရေ လုံလုံလောက်လောက်ပေးဝေဖို့အတွက် အခက်အခဲရှိတဲ့ အခြေအနေဖြစ်ပါတယ်။ မကြာသေးမီက မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် အခုလိုသောက်သုံးရေမလုံလောက်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်လာရတာဖြစ်ပါတယ်။ အစ္စတန်ဘူးလ်မှာရှိတဲ့ ရေလှောင်တမံတွေမှာ ရေပမာဏ ၃၃ ရာခိုင်နှုန်းထိ ရှိနေတယ်။ သောက်သုံးရေအတွက် အစ္စတန်ဘူးလ်အနီးမှာရှိတဲ့ ရေလှောင်တမံအပေါ် မှီခိုနေရတဲ့ ဒေသမှာနေထိုင်တဲ့သူတွေအနေနဲ့ သောက်သုံးရေခက်ခဲတဲ့အခြေအနေမျိုး ရင်ဆိုင်လာရနိုင်တဲ့အတွက် တာဝန်ရှိသူတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့လိုအပ်ပါတယ်"ဟု တူရကီစိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီး ကီရစ်စီက ပြောကြားခဲ့သည်။ **နိုင်းဆက်**

# ဆောင်းခိုငှက်များ အဓိကဝင်ရောက်နားခိုရာ နေရာနှစ်ခုတွင် ရှားပါးရေညှောင့်နှုတ်ဝိုင်းငှက် ဝင်ရောက်မှု စစ်တမ်းကောက်ယူလျက်ရှိ

**ထားဝယ် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ တောင်ပိုင်းဒေသရှိ ဆောင်းခိုငှက်များ အဓိကဝင်ရောက်နားခိုရာ နေရာဒေသနှစ်ခုတွင် ရှားပါးရေညှောင့်နှုတ်ဝိုင်းငှက်များဝင်ရောက်မှုကို စစ်တမ်းများကောက်ယူလျက်ရှိကြောင်း Nature Conservation Society-Myanmar(NSC)မှအဖွဲ့ဝင် ဦးရှိန်းသူလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းကာလတွင် မြန်မာနိုင်ငံ တောင်ပိုင်းဒေသသို့ ဆောင်းခိုငှက် ဝင်ရောက်လာမှုမှာ နောက်ကျသလို ဝင်ရောက်မှုလည်း နည်းပါးနေကြောင်း၊ မြန်မာနိုင်ငံ တောင်ပိုင်းဒေသရှိ ဆောင်းခိုငှက်လာရောက်သည့် နေရာအများအပြားရှိသော်လည်း နှစ်နေရာကို ဦးစားပေး ရွေးချယ်ကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလပထမပတ်က စစ်တမ်းများကောက်ယူခဲ့ကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးအတွင်း နှစ်နေရာကို စစ်တမ်းကောက်နေဆဲဖြစ်ပါတယ်။ ဒီနှစ်ဖေဖော်ဝါရီလဆန်း ဆိုရင်တော့ အခုနှစ်အတွက် ကောက်ယူထားတဲ့ စာရင်းအရေအတွက် အတိအကျ ထွက်ပါမယ်။ ဆောင်းခိုငှက်တွေ လာရောက်တဲ့ နေရာတွေထဲမှာ အရေးကြီးတဲ့နေရာတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ အဲဒီအထဲက မြိတ်နဲ့ ဘုတ်ပြင်းမြို့နယ်ကိုရွေးချယ်ပြီး ရေညှောင့်နှုတ်ဝိုင်းငှက်ဝင်ရောက်မှုကို စစ်တမ်းကောက်ယူပါတယ်။ ရေညှောင့်နှုတ်ဝိုင်းငှက်က ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသကနေ အာရှဒေသတွေမှာလာရောက်ကျက်စားတယ်။ အဲဒီအချိန်မှာ အများဆုံးရောက်ကြတယ်ဆိုတော့ ဒီလိုအချိန်မျိုးကိုစောင့်ပြီး စစ်တမ်းကောက်ယူတာ ဖြစ်ပါတယ်"ဟု ဦးရှိန်းသူလွင်က ပြောပြသည်။

စစ်တမ်းကောက်ယူနေသည့် ဘုတ်ပြင်းမြို့နယ်နှင့် မြိတ်မြို့နယ်အတွင်း ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိကျေးရွာများတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ဒေသခံများကို ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ တောင်ပိုင်းသို့ ဆောင်းခိုငှက်များ ဝင်ရောက်ရာ၌ ကမ္ဘာပေါ်တွင် ကောင်ရေ ၅၀၀ ခန့်သာကျန်တော့သော ရေညှောင့်နှုတ်ဝိုင်းငှက်များလည်း ပါဝင်ပြီး ကောင်ရေ ၃၀၀ ခန့်မှာ မြန်မာနိုင်ငံရှိ ဒီရေတောများရှိရာသို့ လာရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။ ASH

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ဂျကာတာ ဇန်နဝါရီ ၁၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်းတွင် ဇန်နဝါရီ ၁၀ ရက် အစောပိုင်းက ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေနှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု Outlook သတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဝင်ရောက်လာဖွယ်မရှိကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ မြေငလျင်ဒဏ် အဓိကရင်ဆိုင်ခဲ့ရသည့် ဒေသများမှာ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်းရှိ ပါပူပြည်နယ်နှင့် အရှေ့နူဆာတန်ဂါရာပြည်နယ်တို့ဖြစ်ပြီး ပျက်စီးခဲ့သည့်ပမာဏကို တာဝန်ရှိသူများက စိစစ်နေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ပျက်စီးခဲ့သောလူနေအိမ်ခြေနှင့်အခြေခံအဆောက်အအုံများမှာ မာလူကူဒေသမှဖြစ်ပြီး နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းက ပျက်စီးဆုံးရှုံးမှုစာရင်းကို အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီသို့ ပေးပို့ထားပြီးဖြစ်သည်။

"မြေငလျင်လှုပ်ခတ်ခဲ့တဲ့ ဗဟိုချက်အနီးတစ်ဝိုက်က ဒီရေကိုတိုင်းတာမှုလေးခု ပြုလုပ်ခဲ့ပါတယ်။ ဒီရေတိုင်းတာမှုကို အခြေခံပြီးတော့ ပင်လယ်ရေပမာဏမြင့်တက်မှုတွေ၊ ထူးထူးခြားခြား ပြောင်းလဲမှုတွေ မတွေ့ရတဲ့အတွက် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ် မရှိပါဘူး"ဟု အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်။



"မြေငလျင်လှုပ်ခတ်ကြောင့် မာလူကူဒေသမှာ လူနေအိမ်ခြေတချို့နဲ့ အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပါတယ်။ ပျက်စီးခဲ့တဲ့စာရင်းကိုတော့ နယ်မြေခံအာဏာပိုင်တွေက ပေးပို့လာပြီဖြစ်ပါတယ်။ အသေးစိတ်စိစစ်ပြီးမှ ပျက်စီးဆုံးရှုံးမှုကို ထုတ်ပြန်ပေးသွားပါမယ်"ဟု အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းကြောင့် သစ်ပင်လဲကျမှု၊ မြေပြိုမှုများဖြစ်ပေါ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဇန်နဝါရီ ၉ ရက်က ပစိဖိတ်သမုဒ္ဒရာပိုင်းမှ ဝင်ရောက်လာသော မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့လဲကျမှု၊ မြေပြိုကျမှုများဖြစ်ပေါ်နေကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Nation သတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းနောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များကြောင့် ဆန်တာဘာဘရာ ကမ်းခြေဒေသများနှင့် မွန်တီစီတိုမြို့တို့မှ လူဦးရေ ၂၅၀၀၀ ကျော်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရသော နယ်မြေ ၁၇ ခုထိရှိပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ကာ မြေပြိုကျမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည့်အပြင် ရေကြီးရေလျှံမှုပြဿနာဖြင့်လည်း ရင်ဆိုင်နေရပြီး မြေပြိုကျမှုကြောင့် လမ်းမကြီးတချို့ ပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။

"ဇန်နဝါရီ ၉ ရက်က မုန်တိုင်းဝင်ရောက် တိုက်ခတ်တာကြောင့် ဆန်တာဘာဘရာကမ်းခြေမှာ မြေပြိုကျတာတွေ၊ သစ်ပင်ကြီးလဲကျတာတွေဖြစ်ပေါ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ဒေသခံတွေ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံ ၂၅၀၀၀ ကျော်ထိရှိနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေဖွင့်လှစ်ပြီး နေရာချပေးထားပါတယ်။ လက်ရှိရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ဒေသခံ ၉၀၀၀ ကျော်လောက်ထိ ရှိနေပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။




၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



0 w Kv H @



# အဆုံးသတ်နိဒါန်း

ဝိုင်းသု(ပညာရေး)

(၁)

ကားပေါ်သို့တက်လိုက်သည်နှင့်တစ်ပြိုင်နက် စိတ်လှုပ်ရှားမှု၊ ကြောက်ရွံ့မှုများက သူ့ခန္ဓာကိုယ်တွင် တစ်ပါတည်းကပ်ပါလာခဲ့သည်။ ပထမဦးဆုံးအတွေ့အကြုံဆိုတော့လည်း သူ့အတွက် အရာရာသည်အစိမ်းသက်သက်သဖွယ်ဖြစ်နေသည်။ လိုင်းကားပေါ် အကြိမ်ကြိမ်တက်ဖူးပေမဲ့ ယခုတစ်ခေါက် သူတက်လိုက်ခြင်းသည် တစ်ခါမျှမစီးဘူးသည့် လေယာဉ်ပျံပေါ် တက်နေသည့်အလား ခြေဖျားလက်ဖျားများအေးနေခဲ့ရသည်။ အိမ်တွင်ကျန်ခဲ့သော အမေနှင့်ညီမလေး၏မျက်နှာကို ပုံဖော်ပြီး မြင်ယောင်ကြည့်လိုက်သည်။ ဘယ်ဆီကမှန်း မသိဘဲရောက်လာသည့်သတ္တိများက သူ့ခန္ဓာကိုယ်ဆီသို့ အလိုလိုရောက်လာသည်။ ထို့ကြောင့် ဖိုးထူးပေးလိုက်သော စာရွက်တိုအပိုင်းအစလေးများကို ကားပေါ်တွင်ပါလာသည့် ခရီးသည်များဆီသို့ လိုက်လံဝေပေးလိုက်သည်။ သူ့လက်များ မသိမသာတုန်ယင်နေမိသည်။ သို့သော်လည်း ဟန်ကိုယ့်ဖို့ဟုအောက်မေ့ရင်း မျက်လွှာကိုအောက်ချလျက် စာရွက်များလိုက်ကမ်းပေးနေလိုက်သည်။ ရှေ့မှတ်တိုင်ရောက်လျှင် ဆင်းရမည်မို့ စာရွက်များနှင့်အတူ ခရီးသည်များမှပေးကမ်းလာမည့်ငွေတချို့ကို လိုက်လံသိမ်းဆည်းဖို့ ကားရှေ့ဆုံးသို့ပြန်သွားလိုက်သည်။ ကားရှေ့ဆုံးမှ နောက်ဆုံးထိ စာရွက်များအားလုံးသာပြန်ရလိုက်သည်။ ပိုက်ဆံကတော့ တစ်ကျပ်မှပါမလာပေ။ စိတ်ထဲမှပင် မသိမသာသက်ပြင်းချလိုက်ရင်း ကားမှတ်တိုင်ရောက်ပြီမို့ ကမန်းကတန်းပြေးဆင်းလိုက်သည်။

"အမယ်လေး အမေ့"

ပြေးဆင်းလိုက်သောအရှိန်ကြောင့် ခြေချော်ပြုတ်ကျသွားခြင်းဖြစ်သည်။ နာကျင်ပေမဲ့ ဟန်ဆောင်ရင်း ပြန်ထလိုက်သည်။

"သူတောင်းစားလေးတွေ ငါတို့ကိုပါ အမှုပတ်အောင်လုပ်နေတယ်။ နောက် ကားပေါ် မလာကြနဲ့"ဆိုပြီး ကားခရိုင်ဘာ၏ကြိမ်းမောင်းသံကိုပါ ကြားလိုက်ရသည်။

ကားပေါ်မှလူတချို့ရော မှတ်တိုင်အနီးရှိသော လူတချို့ကပါ သူ့ကို ဝိုင်းကြည့်နေကြသောကြောင့် ရှက်ရှက်နှင့်ပင် မလှမ်းမကမ်းသို့ ပြေးထွက်သွားလိုက်သည်။ ခြေချော်ကျထားသောအရှိန်ကြောင့် နာကျင်နေသည်ကိုပင် ရှက်သည့်စိတ်က ဖုံးလွှမ်းသွားသည်မို့ ပြေးသာပြေးနေသော်လည်း ခြေထောက်နာသည်ကိုပင် ဂရုမစိုက်နိုင်တော့ပေ။

(၂)

"တစ်ခါတည်းအဆင်မပြေတာနဲ့ မင်းကလက်လျှော့တော့မလို့လား ကျော်ဖြိုးရ။ ဒီကားတစ်စီးတည်းရှိတာမှမဟုတ်တာ။ လိုင်းကားတွေက အများကြီးရှိတာကို"

သူပြန်ပေးလိုက်သောစာရွက်များကိုယူရင်း ဖိုးထူးပြောလိုက်ခြင်းဖြစ်သည်။ သူကတော့ ဘာမျှပြန်မပြောတော့ဘဲ ခေါင်းညိတ်ရုံသာတုံ့ပြန်လိုက်သည်။ ဖိုးထူးနှင့်သူသည် အသက်အတူတူပင်ဖြစ်သည်။ နှစ်ဦးစလုံး ဆယ့်နှစ်နှစ်ကျော်ပေမဲ့ ပညာသင်ကြားခဲ့ခြင်းမရှိသည့်အတွက် စာမဖတ်တတ်ကြပေ။ ကျူးကျော်ရပ်ကွက်တစ်ခုတွင် နေထိုင်ကြသူများဖြစ်ပြီး မိသားစုကိုယ်စီမှာ အခက်အခဲများနှင့်ဖြစ်သည်။ သူ့နာမည်မှာကျော်ဖြိုး။ အဖေမရှိတော့ဘဲ အမေနှင့် ညီမလေးဖြစ်သူနှင့်အတူ နေထိုင်သည်။ အမေသည် သူတို့နေထိုင်ရာအနီးမှ ရပ်ကွက်ထဲရှိအိမ်များတွင် အဝတ်လိုက်လျှော်သည်။ အမေသည် သူသာအပင်ပန်းခံပြီး သားသမီးများကို မခိုင်းရက်ပေ။ ညီမလေးသည် ရှစ်နှစ်ဖြစ်သည်။ သူကျောင်းမတက်ခဲ့ရပေမဲ့ ညီမလေးသည် ယခုဆို ဒုတိယတန်းပင်ရောက်ရှိနေပြီဖြစ်သည်။ ယခု အမေ ဖျားနေသည်မှာ ရက်အတော်ကြာနေပြီဖြစ်သည့်အတွက် တတ်နိုင်သလောက် ပိုက်ဆံရှာမယ်ဆိုပြီး ဖိုးထူးနှင့်အတူလိုက်လာခြင်းဖြစ်သည်။ သည်တော့မှ ဖိုးထူးကျင်လည်နေရသည့်ဘဝကို သူပြည့်ပြည့်စုံစုံ သိခဲ့ရသည်။ ဖိုးထူးဘဝကိုလည်း စာနာမိသည်။

"ဖိုးထူး အဲဒီစာရွက်ပေါ်က ရေးထားတာဘာတွေလဲ"

"ကျော်ဖြိုးရယ် မင်းနဲ့ငါနဲ့က ကျောင်းမှမတက်ခဲ့ရတာ။ မင်းမသိသလို ငါလဲမသိဘူးလေ။ ဟင် ဟိုမှာကြည့်စမ်း မကြီးသဲမာမဟုတ်လား"

ဖိုးထူးညွှန်ပြသောနေရာသို့ သူကြည့်လိုက်သည်။ မီးပွိုင့်မိနေသော ကားများကြားထဲတွင် ကလေးကို အနီးထဲထည့်ပိုက်ပြီး နေပူပူမှာ အဝတ်ထူထူကြီးဖြင့် တစ်ရပ်ကွက်တည်းနေ မသဲမာကို မြင်တွေ့လိုက်ရသည်။

"ဟုတ်တယ်ကွ။ ဒါနဲ့ သူ့မှာ ကလေးမရှိဘဲနဲ့ ဘယ်လိုလုပ်"

"ပိုက်ဆံတောင်းတဲ့အခါ အဆင်ပြေအောင်ပေါ့ကွာ။ ကလေးက ရေထမ်းရောင်းတဲ့ဦးငွေလုံးရဲ့ သမီးလေးလေ။ သူ့မိန်းမမွေးတာလပိုင်းပဲရှိသေးတာ"

"ဟင် ဘယ်လို"

"ဟုတ်တယ်ကျော်ဖြိုးရ။ ဦးငွေလုံးတို့က ကလေးများတယ်လေ။ အခုကလေးကော သူ့အထက်တစ်နှစ်ခွဲအရွယ် အမွှာနှစ်ယောက်ကိုပါ သူများတွေလိုက်တောင်းမဲ့သူတွေဆီ နေ့စားနဲ့ အငှားချတယ်ကွ။ ကလေးတစ်ယောက်ဆို ဘယ်လောက်ပေးရတယ်ဆိုပြီးတော့ပေါ့။ ကလေးပါတော့ သူများတွေပေးကမ်းကြတာပေါ့ကွာ"

ဖိုးထူးပြောမှ အရာအားလုံးကို သူနားလည်သဘောပေါက်လာသည်။ ကလေးအငှားချသည်ကို သိရှိလာသလို အငှားချခံရသည့်ကလေးများ၏ဘဝကိုလည်း သနားလာမိသည်။ တစ်နေကုန် အိပ်ဆေးတိုက်ခံရပြီး သူစိမ်း၏ရင်ခွင်ထဲတွင် သရုပ်ပြအဖြစ်နှင့်ဘဝကို ပေးဆပ်နေကြရသည်။ ရင်ခွင်ထဲပိုက်ထွေးခွင့်ရပေမဲ့ မေတ္တာအကြင်နာများကတော့ ကလေးများနှင့် မသက်ဆိုင်နေသလို ဖြစ်နေရှာသည်။

(၃)

"အမေရေ သားပြန်လာပြီ။ အမေ့အတွက် ဆန်ပြုတ်ဝယ်လာတယ်"

သူ့အသံကိုကြားသည်နှင့် အမေသည် အိမ်ရှေ့တွင် လှဲနေရာမှ ငုတ်တုတ်ထထိုင်ရင်း ဆိုလာသည်။

"သားရယ် ဘယ်တွေများလျှောက်သွားနေတာလဲကွယ်။ အမေက စိတ်ပူနေတာ"

"သား ဖိုးထူးတို့နဲ့ အလုပ်လိုက်လုပ်နေတာပါ။ အမေမှနေမကောင်းတာ သားအလုပ်လုပ်ရမယ်လေ။ ဘာမှစိတ်မပူနဲ့ သားတို့က မပင်ပန်းဘူး"

"မပင်ပန်းဘူးဆိုတော့ ဘာအလုပ်မို့လို့လဲသားရဲ့"

"ဟို ဟို ပန်းရန်ပါအမေရဲ့။ သားတို့က ကလေးတွေဆိုတော့ ဟိုဝယ်ခိုင်း၊ ဒီဝယ်ခိုင်း အေးအေးဆေးဆေးပါပဲ စိတ်မပူနဲ့နော်။ အမေနေကောင်းအောင်သာနေ။ ဪ. . . ညီမလေးရေ အမေ့အတွက်ဆန်ပြုတ်ထည့်ဖို့ ပန်းကန်နဲ့ဇွန်းယူပေးနော်"

ညီမလေးသည် အမေ့အတွက် ဇလုံသွားယူပြီးသည်နှင့် သူ့အနားပြန်ရောက်လာသည်။ ညီမလေးအတွက် ဝယ်လာသောဗလာစာအုပ်နှင့် မုန့်ဟင်းခါးကိုပါ ပေးလိုက်သည်။

"ညီမလေး စာအုပ်ကုန်နေတယ်ဆိုတော့ ကိုကြီးတစ်အုပ်ဝယ်လာတယ်။ ရော့ လောလောဆယ်ဒီတစ်အုပ်ပဲ ရောရေးထားနော်။ နောက်ပြီး ဒါက ညီမလေးအတွက် ညနေစာမုန့်ဟင်းခါး ရော့ ထမင်းကျန်သေးတယ်မလား အဲဒါနဲ့စားနော်"

"ဟင် ကိုကြီးကကော"

"ကိုကြီးကစားပြီးပြီညီမလေးရဲ့။ ဪ. . . အမေရော့ အမေ့အတွက် ဆေးဖိုးနဲ့ မနက်ဖြန် အမေနဲ့ညီမလေးထမင်းစားဖို့"

အမေ့လက်ထဲသို့ ပိုက်ဆံသုံးထောင်ထည့်ပေးလိုက်သည်။ အမေ့မျက်ဝန်းအိမ်တွင် မျက်ရည်များခိုတွဲနေသည်ကိုတွေ့ပေမဲ့ မသိချင်ယောင်ဆောင်နေလိုက်သည်။ ညနေပိုင်းကားငါးစီးလောက်ပေါ် တက်ပြီးလိုက်တောင်းသည်မှာ အနည်းငယ်အဆင်ပြေသွားသောကြောင့် ကျေနပ်နေမိသည်တော့အမှန်။ တစ်ရက်ပင်ရှိပေမဲ့ သူအတော်အသားကျနေပြီဖြစ်သည်။ သို့ပေမဲ့ သူပိုက်တော့ဆာနေသည်။ ဆာနေသော်လည်း အမေနှင့် ညီမလေးအတွက်က အရေးကြီးသည်ဟုတွေးပြီး အငတ်ခံရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ မနက်ဖြန်ပိုက်ဆံအများကြီးရမှစားတော့မယ်ဟု သူတွေးလိုက်ရင်း ရေတစ်ခွက်ကို အပြည့်မောက်မောက်ခပ်သောက်လိုက်လေတော့သည်။

(၄)

အလုပ်ကသင်ရုံသာရှိသေး။ ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူ့လုပ်ဆောင်ချက်များသည် အတော်ကျွမ်းကျင်ပိုင်နိုင်နေပြီဖြစ်သည်။ ထိုအရာများသည် ဖိုးထူး၏ကျေးဇူးများကြောင့်သာဖြစ်သည်။ ယခုလည်း ကားပေါ်မှ ကမန်းကတန်းပြေးဆင်းရင်း တစ်ဖက်လမ်းက အပြန်ကားပေါ်သို့ တက်ရန်ပြင်လိုက်သည်။ ဟိုတစ်နေ့ကလို ခြေချော်မကျတော့ပေ။ သို့သော်လည်း တစ်ဖက်လမ်းသို့အမြန်အကူး ကားတစ်စီးနှင့်တိုက်မိမလိုဖြစ်ပြီး သူလဲကျသွားခဲ့ရသည်။ သူ့ကို အဒေါ်ကြီးတစ်ယောက်က လာထူပေးသည်။ အဒေါ်ကြီးသည် သူဌေးသမီးဖြစ်ဟန်တူသည်။ သူ့လက်ကိုကိုင်ပြီး တစ်ဖက်လမ်းသို့ခေါ်သွားသည်။ ဘာရယ်ကြောင့်မသိ။ သူလည်း ကြည်ဖြူစွာလိုက်ပါသွားခဲ့မိသည်။ အဒေါ်ကြီးနှင့်သူသည် ခုံတန်းလေးတစ်ခုတွင်ဝင်ထိုင်လိုက်သည်။ အဒေါ်ကြီးက သူ့အကြောင်းမေးတော့ သူလည်းအမှန်အတိုင်းပြောလိုက်သည်။

"သားရယ် ကိုယ့်မှာ ခြေလက်တွေရှိနေတာပဲ တခြားအလုပ်လုပ်ပါ့လား"

"လုပ်ချင်ပါတယ်အဒေါ်ရယ်။ ဒါပေမဲ့ သားတို့ကို ဘယ်သူကမှအလုပ်မခန့်ဘူးလေ။ သားအမေနဲ့ ညီမလေးအတွက် သားဘာမဆိုလုပ်ရဲပါတယ်"

"ဒါဆို သားစိတ်မပူပါနဲ့။ သားအမေနဲ့သားညီမလေးက အဆင်ပြေပြေနေရတော့မှာသားရဲ့"

"ဟင် ဟုတ်လား။ ဘာလို့လဲအဒေါ်"

"သားရှင်းသွားအောင် သားအိမ် အဒေါ့်ကိုလိုက်ပြလာအတူတူသွားမယ်"

အဒေါ်ကြီးလက်ကိုကိုင်ဆွဲရင်း အိမ်သို့ ဦးတည်လိုက်သည်။ သူ့စိတ်အစဉ်သည် လွတ်လပ်ပေါ့ပါး၍ နေပြန်သည်။ တစ်ခါမျှမမြင်ဖူးဘဲ ယခုမှသိသည့် အဒေါ်ကြီးအပေါ်လည်း အလိုလိုယုံကြည်ပြီး ခင်နေမိသည်။ သည်လိုနှင့်ပင် အိမ်ရောက်ခဲ့သည်။ အမေနှင့်ညီမလေး၏ငိုသံကို သူဦးစွာကြားလိုက်ရသည်။ သူစိုးရိမ်စွာပြေးဖို့အပြင် အဒေါ်ကြီးကတားသည်။ သူလည်း ခေါင်းညိတ်လိုက်ပြီး မလှမ်းမကမ်းမှစောင့်ကြည့်နေမိသည်။ အမေ့ရှေ့တွင် ပိုက်ဆံများစွာတွေ့ရသည်။ အမေ့အစားသူပျော်နေပေမဲ့ အမေကတော့ ငိုနေဆဲဖြစ်သည်။

စာမျက်နှာ ၂၅သို့ ➤

# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၆၂ သန်း ရရှိ



ထားဝယ်မြို့နယ်ရှိ ဟိန္ဒားခဲမဖြူသတ္တုမိုင်းတွင်းကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ကာလအတွင်း သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၆၂ သန်း ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့နိုင်မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ နိုင်ငံပိုင်တင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၃ သန်းရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၀၆ ဒသမ ၁၉ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၆၂ သန်း ပို့ကုန်ဝင်ငွေရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

"သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုအနေနဲ့ကတော့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ အဓိကတင်ပို့နေပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်းမှာတော့ ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာစတဲ့တွင်းထွက်ပစ္စည်းတွေ တင်ပို့နိုင်မှုပမာဏ အနည်းငယ် လျော့ကျခဲ့ပေမဲ့ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးစတဲ့သတ္တုတွင်းထွက်ပစ္စည်းတွေ တင်ပို့နိုင်မှုကတော့ ပိုမိုမြင့်တက်နေပါတယ်။ တင်ပို့မှုပမာဏအနေနဲ့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်ထိ အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၆၂ သန်း ပို့ကုန်ဝင်ငွေရရှိထားပါတယ်" ဟု ဦးနန္ဒက ပြောပြသည်။

ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့ရာတွင် ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်းအမျိုးမျိုး တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# ညောင်ဦးမြို့နယ် တောင်ရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် တောင်ရှေ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ တောင်ရှေ့ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



➤ စာမျက်နှာ ၂၄မှအဆက်

"သား သားအမေကို ပိုက်ဆံပေးနေတာ အဒေါ့်အမျိုးသားလေ"

"ဟုတ်လားအဒေါ် ဘာလို့ပေးတာလဲ ပိုက်ဆံအများကြီး။ ဘာလဲ အမေက ကံစမ်းမဲပေါက်လို့လား"

အဒေါ်ကြီးက ခေါင်းခါပြသည်။ သူလည်းအမေတို့ပြောသည့်စကားများကို သေချာနားထောင်ပြီး လွန်ခဲ့သောနာရီပိုင်းကို သူပြန်လည်မြင်ယောင်လာသည်။ သူကားလမ်းဖြတ်ကူးသည်။ သူ့ကို ကားတစ်စီးကဝင်တိုက်သွားသည်။ သူ့ကိုတိုက်သည့်အပြင် အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို ဝင်တိုက်ပြန်သည်။ သူ အရာအားလုံးကိုနားလည်သွားခဲ့ပြီ။ တကယ်တော့ သူသည် ကားတိုက်မိခဲ့သလိုဖြစ်တာမဟုတ်ဘဲ ကားတိုက်ခံခဲ့ရခြင်းသာဖြစ်သည်။

"ဒါဆို သားက ကားတိုက်ပြီးသေသွားတာပေါ့နော်ဟုတ်လားအဒေါ်"

"ဟုတ်တယ်သား။ အဒေါ်လဲ သားအမြန်ကူးလာတာကိုရှောင်ဖို့ကြိုးစားခဲ့ပေမဲ့ အရှိန်မထိန်းနိုင်ဘဲ သားကိုတိုက်မိပြီး ဓာတ်တိုင်ကိုပါ ထပ်တိုက်တယ်။ အဲဒါကြောင့် အဒေါ်လဲ သားလို"

ပြောနေရင်းအဒေါ်ကြီးငိုသွားသည်။ သူလည်း လိုက်ဖြီးငိုမိသည်။ သို့ပေမဲ့ အဒေါ်ကြီးကို သူစိတ်မနာနိုင်ပါ။ အဒေါ်ကြီး၏အမျိုးသားသည် ဖိုးထူးမှတစ်ဆင့် သူ့အိမ်သို့ရောက်လာပြီး သူ့အတွက်လျော်ကြေးငွေများပေးနေခြင်းကိုလည်း သဘောပေါက်သွားခဲ့ပြီဖြစ်သည်။ အမေနှင့် ညီမလေးငိုနေပေမဲ့ သူကျေနပ်သည်။ သူဘဝနှင့်ရင်းပြီး အမေနှင့် ညီမလေးကို ပေးဆပ်နိုင်ခဲ့ရသည်။ သို့သော်လည်း အမေနှင့် ညီမလေးအတွက် ကြိုးစားမည်ဟု ဆုံးဖြတ်ထားခြင်းသည် အကောင်အထည်မဖော်မီမှာပင် အဆုံးသတ်သွားခဲ့ရသည်။ အဆုံးသတ်နိဒါန်းလေးသည် နိဒါန်းမပျိုးရသေးခင်မှာပင် မျက်ရည်များကြားဖြစ်တည်ခဲ့ရပေမဲ့ သူကျေနပ်နိုင်ခဲ့သည်။ သူတို့လိုဘဝများ၊ အငှားချခံရသည့် ရင်ခွင်ပိုက်ကလေးဘဝများ အဆင်ပြေအေးချမ်းနိုင်ပါစေဟုဆုတောင်းရင်း အဒေါ်ကြီးလက်ကိုဆွဲကာ အရာအားလုံးနှင့် ကျောခိုင်းခဲ့ရပါတော့သည်။

## ပညာရွှေအိုး လူမခိုး

\- ပညာသာ မြတ်ရွှေအိုး
ဘယ်လူမျိုး မခိုးနိုင်၊
တန်ဖိုးမှာ လွန်ကြီးမား
ထင်ရှား ဂုဏ်ကြိုင်၊
မြေကြီးတမျှ မြဲမြဲခိုင်
မွေးပျံ့လှိုင် ပညာသတင်း၊
လူသားတွေ တတ်မြောက်ရမဲ့
လောကအလင်း။

\- ငယ်စဉ်အခါ အမှောင်ခွင်း
ပျင်းရိခြင်း ရှောင်ကြဉ်ပယ်၊
ကျောင်းနေစဉ် သင်ယူမှတ်လို့
ရွတ်ဖတ် ရေးကွယ်၊
ပြင်ပစာလည်း လေ့လာမယ်
သုတရယ် ကြွယ်ဖို့အရေး၊
စာမျိုးစုံ အကုန်ဖတ်လို့
မှတ်သားကာတွေး။

\- စာပေသည် ရသပေးသမို့
နှလုံးအေးတဲ့ ဆေးကောင်းနော်၊
အတ္တပယ် မေတ္တာကိန်းတော့
အေးငြိမ်း ရွှင်ပျော်၊
ဘဝရဲ့လက်တွဲအဖော်
ကမ္ဘာပေါ်မှာ မိတ်ဆွေစစ်၊
ပညာကို ရအောင်ပြုလို့
(မိမိကိုယ်ကို)
ပုံဖော်ထုဆစ်။ ။

**ချစ်သက်(မြန်မာစာ)**

# ရမည်းသင်းမြို့နယ် ရှမ်းဘုရားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရမည်းသင်း ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းဘုရားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ရှမ်းဘုရားကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် ရှမ်းဘုရားကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အလျား ၅ပေ၊ အနံ ၄ပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၅ သန်းဖြင့် Myanmar Stable Group ကုမ္ပဏီက ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ရှမ်းဘုရားကျေးရွာ၌ အိမ်ထောင်စု ၃၆၅၊ လူ ၁၂၅၇ ဦးအတွက် ရာသီမရွေးသောက်သုံးရေလုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သံသာ**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# အနောက်ပစိဖိတ်ဒေသတွင်း လေဖြတ်ရောဂါကာကွယ်ရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာကြီးကို ဒေသကြီး ခြောက်ခုခွဲပြီး ကမ္ဘာ့လူသားတို့ကျန်းမာရေးကိစ္စများကို ဆောင်ရွက်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အနောက်ပစိဖိတ်ဒေသရုံးခွဲဆိုလျှင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရုံးစိုက်ထားပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံမှ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည်။ ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံခန့်မှာ ၎င်းအနောက်ပစိဖိတ်ဒေသအတွင်း ပါဝင်နေသည်။ နိုင်ငံအရဆိုလျှင် တရုတ်နိုင်ငံကဲ့သို့ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည့် နိုင်ငံမျိုးမှအစ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန် စသည့်ကြွယ်ဝသော နိုင်ငံများအလယ် ပိုလီနီးရှား၊ မိုက်ခရိုနီးရှားကျွန်းနိုင်ငံများအဆုံး ပါဝင်နေကြသည်။

တစ်နည်းအားဖြင့် အနောက်ပစိဖိတ်ဒေသကြီးထဲတွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား စသည့် အရှေ့အာရှနိုင်ငံများ ပါဝင်နေသည်ကို တွေ့ကြရသည်။ အရှေ့အာရှနိုင်ငံများပါဝင်နေသည့် အနောက်ပစိဖိတ်ဒေသကြီးတစ်ခုလုံးတွင် လေဖြတ်ရောဂါသည် လူကိုသေစေနိုင်၊ မသန်မစွမ်းဖြစ်စေနိုင်သည့်ရောဂါကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

လေဖြတ်ရောဂါသည် လူကိုသေစေနိုင်သည့် ရောဂါဆိုးများထဲတွင် ကမ္ဘာ့အဆင့် ဒုတိယနေရာကို ယူထားသည်။ လေဖြတ်ခြင်းသည် အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်သည့်ရောဂါဖြစ်သည်။ လေဖြတ်ခြင်းသည် ဦးနှောက်တွင်းမှ သွေးကြောများပိတ်ပြီး ပေါက်သွားခြင်းကြောင့် ဖြစ်ရသည်။ သွေးကြောပိတ်သည်ဖြစ်စေ၊ ပေါက်သည်ဖြစ်စေ လေဖြတ်လိုက်သည့်အခါ ဦးနှောက်ကိုပံ့ပိုးနေသည့် သွေးကြောများမှတစ်ဆင့် သယ်ဆောင်လာသည့် အာဟာရများ ပြတ်လပ်သွားသည်။ အောက်ဆီဂျင်ဓာတ်များလည်း မရတော့ပေ။

လေဖြတ်ပြီဆိုသည်နှင့် တစ်မိနစ်လျှင် နှစ်သန်းနှုန်းဖြင့် ဦးနှောက်ဆဲလ်ကလာပ်စည်းများ သေဆုံးကုန်ကြသည်။ ဦးနှောက်၏ အလေးချိန်သည် လူတစ်ကိုယ်လုံးအလေးချိန်၏ နှစ်ရာခိုင်နှုန်းသာရှိသည်ဆိုသော်လည်း ခန္ဓာကိုယ်၏စွမ်းအင် ၂၀ ရာခိုင်နှုန်းကို ရယူထားသည်။ ၎င်းစွမ်းအင်များကို သွေးတွင်းသကြားဓာတ်မှ ထုတ်ယူရရှိနေခြင်းဖြစ်သည်။ ဦးနှောက်သည် အောက်ဆီဂျင်ပြတ်၍မရ၊ သကြားဓာတ်ပြတ်၍မရ။ အတိမ်းအစောင်းမခံသည့် ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်သည်။

လေဖြတ်ရောဂါ၏ အဓိကနောက်ခံအကြောင်းရင်းတစ်ခုက ဆီးချိုရောဂါဖြစ်သည်။ သွေးတွင်းသကြားဓာတ်တက်လာပြီး ဆီးချိုရောဂါဖြစ်လာသည့်အခါ တစ်ကိုယ်လုံးရှိသွေးကြောများကို ဒဏ်ရာအနာတရ ဖြစ်စေသည်။ နှလုံးသွေးကြော၊ ခြေလက်များဆီက သွေးကြောများကဲ့သို့ သွေးကြောကြီးများသာမက ဦးနှောက်သွေးကြော၊ ကျောက်ကပ်သွေးကြောတို့ကဲ့သို့ ဆံခြည်မျှင်သွေးကြောများပါ ဒဏ်ရာရလာကြပြီး နောက်ဆက်တွဲရောဂါများ ဆက်လက်ခံစားကြရသည်။

ဆီးချိုရောဂါရှိသူတစ်ဦးက ဆီးချိုမရှိသူတစ်ဦးထက် နှစ်ဆပိုပြီး လေဖြတ်ရန်အလားအလာရှိသည်။ ဆီးချိုလူနာများ၏ ၁၆ ရာခိုင်နှုန်းသည် လေဖြတ်ရောဂါကို ထပ်မံခံစားကြရပြီး ၎င်းလေဖြတ်ရောဂါနှင့်ပင် သေဆုံးသွားကြရသည်ဟု သုတေသနများ၌ တွေ့ရှိရသည်။ ဆီးချိုလူနာဦးရေ ၁၀၀ တွင် ၁၆ ဦးသည် လေဖြတ်ရောဂါခံစားကြရမည်ဆိုတော့ ကြောက်ဖို့ကောင်းသည်။ ခန္ဓာကိုယ်အလေးချိန်များနေခြင်း၊ သွေးတိုးနေခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း စသည်တို့ကလည်း လေဖြတ်ရောဂါကို အားပေးသည်။

အနောက်ပစိဖိတ်ဒေသက ကျွန်းစုများအပေါ်တွင် "ဆမိုအန်" အမည်ရသည့် လူမျိုးစုတစ်စုရှိသည်။ ဆမိုအာ (Samoa) ကျွန်းစုများတွင် နေထိုင်ကြသူများဖြစ်ပြီး သီးခြားလွတ်လပ်သည့် ဆမိုအာနိုင်ငံနှင့် အမေရိကန်နိုင်ငံလက်အောက်ခံ ဆမိုအာနယ်မြေ ဟူ၍ရှိသည်။ နိုင်ငံကွဲနေသော်လည်း ဘာသာစကားနှင့် ယဉ်ကျေးမှုကတော့အတူတူပင်ဖြစ်သည်။ ၎င်း ဆမိုအန်လူငယ်များမှာ သွေးတိုးနှင့်ဆီးချိုရောဂါ ဖြစ်ပွားနှုန်းက အခြားဝင်ငွေနိမ့်နှင့် အလယ်အလတ်ရှိ နိုင်ငံများမှ လူငယ်များထက် နှစ်ဆခန့်ပိုများနေသည်ကို တွေ့ကြရသည်။ ဆီးချိုရောဂါမဖြစ်သေးသည့် "ဆမိုအန်"များမှာလည်း "အကြိုဆီးချို"အဆင့်ဖြစ်နေကြကြောင်း တွေ့ရပြန်သည်။ အကြိုဆီးချိုအဆင့်ဆိုသည်မှာ သွေးတွင်းသကြားဓာတ်သည် ဆီးချိုရောဂါဖြစ်သည်ထိ မရောက်သေးသော်လည်း ပုံမှန်ထက် ပိုများနေသည့် အခြေအနေဖြစ်သည်။

တရုတ်နိုင်ငံမှာဆိုလျှင် နိုင်ငံမြောက်ပိုင်းနှင့်အရှေ့ပိုင်းဒေသများမှာ လေဖြတ်ရောဂါပိုမိုများပြားကြောင်း တွေ့ရသည်။ ကျန်းမာရေးနှင့်မညီညွတ်သည့်အစားအသောက်များကြောင့်ဖြစ်သည်ဟုဆိုကြသည်။ လေဖြတ်လူနာများ ပြုစုစောင့်ရှောက်ရေးမှာ လိုအပ်ချက်များရှိနေခြင်းကြောင့်လည်း လေဖြတ်ရောဂါကြောင့် သေဆုံးရမှုပိုများလာသည်။ နိုင်ငံတစ်နိုင်ငံထဲမှာပင် လေဖြတ်ရောဂါပြုစုစောင့်ရှောက်ခံရမှုအခြေအနေများက မတူနိုင်ကြ။ နယူးဇီလန်နိုင်ငံမှာဆိုလျှင် လူဖြူမဟုတ်သည့် ဒေသခံတိုင်းရင်းသားများမှာ လေဖြတ်ရောဂါကို ပိုမိုပြင်းထန်စွာခံစားကြရသည်။ ၎င်းတို့အတွက် လုံလောက်သည့်ပုံရိပ်ဖော်နည်းပညာ စက်ကိရိယာများမရှိ၊ လေဖြတ်လူနာကို အရေးပေါ်ဆေးရုံတင်ကုသပေးနိုင်သည့် နေရာမလောက်သည်ကို တွေ့ရသည်။

လေဖြတ်ရောဂါသည် ကာကွယ်၍ရသည်။ ဆီးချိုရောဂါသည်လည်း ကာကွယ်၍ရသည့် အခြေအနေတွင်ရှိသည်။ လူသားတို့ ပြုပြင်ဖန်တီးယူနိုင်သည့် ရောဂါများဖြစ်သည်။ တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါဖြစ်လာစေရန် ငယ်စဉ်ကာလကတည်းက အစပျိုးလာရသည်။ အရွယ်ငယ်စဉ်ကတည်းက ကိုယ်အလေးချိန်များအောင်နေသည်။ အစားအစာကို မဆင်မခြင်စားသောက်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသည်။ သည်လိုဆိုလျှင် အသက်ရလာသည့်အခါ ဆီးချိုရောဂါဖြစ်မည်၊ သွေးတိုးမည်၊ တစ်ဆက်တည်း လေဖြတ်ရောဂါလိုက်လာနိုင်သည်။ အထက်ပါ အမူအကျင့်များအားလုံးကို ငယ်ငယ်ကတည်းက ပြုပြင်ရှောင်ကြဉ်၍ရသည်။ ထို့ကြောင့်လည်း လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်၍ရသည်ဟုဆိုကြသည်။

❖ လေဖြတ်ရောဂါသည် ကာကွယ်၍ရသည်။ ဆီးချိုရောဂါသည်လည်း ကာကွယ်၍ရသည့် အခြေအနေတွင်ရှိသည်။ လူသားတို့ ပြုပြင်ဖန်တီးယူနိုင်သည့် ရောဂါများဖြစ်သည်။ တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါဖြစ်လာစေရန် ငယ်စဉ်ကာလကတည်းက အစပျိုးလာရသည်။ အရွယ်ငယ်စဉ်ကတည်းက ကိုယ်အလေးချိန်များအောင်နေသည်။ အစားအစာကို မဆင်မခြင်စားသောက်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသည်။ သည်လိုဆိုလျှင် အသက်ရလာသည့်အခါ ဆီးချိုရောဂါဖြစ်မည်၊ သွေးတိုးမည်၊ တစ်ဆက်တည်း လေဖြတ်ရောဂါလိုက်လာနိုင်သည်။ အထက်ပါအမူအကျင့်များအားလုံးကို ငယ်ငယ်ကတည်းက ပြုပြင်ရှောင်ကြဉ်၍ရသည်။ ❖

အနောက်ပစိဖိတ်ဒေသက အသက်ငါးနှစ်အောက် ကလေးငယ် ဦးရေ ၇ ဒသမ ၂ သန်းခန့်မှာ အဝလွန်နေကြသည်ဟု ၂၀၁၈ ခုနှစ်က ထုတ်ပြန်ချက်များတွင် တွေ့ရသည်။ အသက်ငါးနှစ်မှ အသက် ၁၉ နှစ်ကြား ကလေးသူငယ်၊ ပျိုဖော်ဝင်စလူငယ် ၈၄ သန်းခန့်သည်လည်း ပေါင်ပို သို့မဟုတ် အဝလွန်နေကြသည်ဟုဆိုပြန်သည်။ ပေါင်ပို၊ အဝလွန်နှုန်းက ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ၄၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ဩစတြေးလျနိုင်ငံမှ စားသောက်ကုန်ထုတ်ကုမ္ပဏီများသည် ပစိဖိတ်ကျွန်းနိုင်ငံများဆီသို့ အချိုဓာတ်ကဲသည့် စားသောက်ကုန်အမြောက်အမြားတင်ပို့နေခြင်းသည် ပစိဖိတ်ကျွန်းဒေသများအတွင်း အဝလွန်ရောဂါများအဖြစ်များလာစေသည့် အဓိကတွန်းအားဟု ဝေဖန်ကြသူများစွာရှိသည်။ တစ်ချိန်တည်းမှာပင် ဩစတြေးလျနိုင်ငံမှ ကလေးငယ်များ၏ ၉၅ ရာခိုင်နှုန်းသည် တစ်နေ့တာလိုအပ်သည့် အသီးအနှံစားသောက်မှုပမာဏကို မရရှိကြကြောင်း တွေ့ရသည်။

အနောက်ပစိဖိတ်ဒေသအတွင်းပါဝင်သည့်ဗီယက်နမ်နိုင်ငံသည်လည်း လူငယ်များအတွင်း လေ့ကျင့်ခန်းပြုလုပ်မှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော အစားအသောက်များမှီဝဲနေရခြင်း၊ ဆေးလိပ်နှင့်အရက်တို့ကို မှီဝဲမှုများပြားခြင်းတို့ကြောင့် သွေးတိုး၊ ဆီးချို၊ နှလုံးအစရှိသည့် မကူးစက်နိုင်သောရောဂါများ၏ ခြိမ်းခြောက်မှုကိုခံနေရသည်။ ဗီယက်နမ်နိုင်ငံသားတို့ သေဆုံးမှု၏ ၁၁ ရာခိုင်နှုန်းမှာ ၎င်းမကူးစက်နိုင်သည့်ရောဂါများကြောင့်ဖြစ်သည်။

အရွယ်ရလာသည့်အချိန်တွင် လေမဖြတ်ရန်၊ လေဖြတ်ရောဂါ၏ အဓိကနောက်ခံအကြောင်းရင်း ဆီးချိုရောဂါကို ရှောင်ရှားနိုင်ရန် ကလေးဘဝကတည်းက အစားအသောက်၊ အနေအထိုင်နှင့် အပြုအမူပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများထိ ပြုပြင်သွားရန် အာရုံစိုက်လာကြသည်။ ရောဂါတစ်ခုကို ကြိုတင်ကာကွယ်နိုင်ရန်ဆိုသည်မှာ လူထုအတွင်း သက်ဆိုင်ရာရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေရန်လိုအပ်သည်။ ထို့ကြောင့် လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် ကလေးသူငယ်အရွယ်မှသည် သက်ကြီးရွယ်အိုပိုင်းထိ အရွယ်သုံးပါးစလုံးကို သက်ဆိုင်ရာအရွယ်နှင့် မျှတကိုက်ညီမည့် လေဖြတ်ရောဂါအသိပညာပေးမှုများ မျှဝေပေးနေရန်လိုအပ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် လေဖြတ်ရောဂါသည် ကာကွယ်၍ရသည်။ လေဖြတ်ပြီဆိုသည်နှင့် အရေးပေါ်ကုသမှုခံယူခြင်းဖြင့် အသက်အန္တရာယ်ကို ကာကွယ်နိုင်သည်။ လေဖြတ်ရောဂါကိုကာကွယ်ရန် ဆီးချိုမဖြစ်အောင်နေကြရန်က အရေးအကြီးဆုံးဖြစ်သည်။ အရွယ်ရလာသည့်အခါ ဆီးချိုရောဂါမဖြစ်စေရန် ကလေးသူငယ်များကို စိတ်ပိုင်းဆိုင်ရာ၊ အမူအကျင့်ပိုင်းဆိုင်ရာပြုပြင်ပေးရမည်။ အချိုရည်အလွန်အကျွံမသောက်ရ၊ အာလူးကြော်နှင့် ဟမ်ဘာဂါကဲ့သို့သော အချိုကဲ အမြန်စားအစားအသောက်များလျှော့ရမည်။ အသီးအနှံများများကျွေးပြီး အဝမလွန်အောင် မိဘများက ဂရုစိုက်ပေးရမည်။

လူငယ်လူရွယ်ပိုင်းများဆိုလျှင်လည်း ပုံမှန်လေ့ကျင့်ခန်းလုပ်ရမည်။ အဝမလွန်အောင်ထိန်းရမည်။ အချိုကဲအစားအသောက်များကို ရှောင်ကြဉ်ရမည်။ ဆီးချို၊ သွေးတိုးရောဂါများ ရှိ၊ မရှိပုံမှန်စစ်ဆေးရမည်။ လေဖြတ်ရောဂါနှင့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာ ဆက်စပ်နေသည့်အတွက် ကျန်းမာရေးနှင့်ကိုက်ညီသော ဘဝနေထိုင်မှုပုံစံများဖြင့် ကာကွယ်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Sugar and stroke in the Western Pacific region—Starting healthy habits early from Lancet regional health Nov, 2022 ကို ဘာသာပြန်ဆိုပါသည်။**

ဒေါက်တာလွှမ်းမိုးဟန်

# ပဲခူးမြို့နယ် ဘီးကွဲကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘီးကွဲကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘီးကွဲကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဘီးကွဲကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေကျပ် ၂၁ ဒသမ ၅၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Than Min San ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ဘီးကွဲကျေးရွာရှိ အိမ်ခြေ ၈၀၊ လူ ၃၉၇ ဦးတို့ သောက်သုံးရေရရှိမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့်သင့်လျော်သည့် နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

အေးမြတ်

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၂ ဧက စိုက်ပျိုးမည်



**ငပုတော ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၂ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနွေစပါး ၁၀၂ ဧကကို ဇန်နဝါရီလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဟိုင်းကြီးကျွန်းမြို့မှာ နွေစပါး ၁၀၂ ဧကစိုက်ဖို့ လျာထားပါတယ်။ ဟိုင်းကြီးကျွန်းက နွေစပါးစိုက်ဖို့ ဒီလောက်ပဲ အဆင်ပြေလို့ ဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ နည်းပညာက အဓိကဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့နည်းပညာတွေကို စပါးမစိုက်ခင် စီမံဆောင်ရွက်ပေးထားပါတယ်။ စပါးကို အဓိကစိုက်ပျိုးတဲ့ တောင်သူတွေ အနေနဲ့ စပါးမျိုးကောင်းမျိုးသန့်တွေကို များများထုတ်လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါမှလဲ ဈေးကောင်းရရှိမှာဖြစ်ပါတယ်။ စပါးဈေးကောင်းရရှိတော့ တောင်သူတွေ အဆင်ပြေမှာဖြစ်တယ်။ အခုနှစ် စိုက်ပျိုးမဲ့နွေစပါးတွေကို အရင်နှစ်က စိုက်ပျိုးခဲ့တဲ့စပါးတွေထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် တောင်သူနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့က ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းကောင်းတဲ့စပါးတွေကို အများဆုံးစိုက်သွားမှာဖြစ်တယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ၂၀၂၃ ခုနှစ် နွေစပါးများကို နှစ်လခွဲ၊ သီးထပ်ရင်၊ ထိုင်းဘေးကျား စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနွေစပါးများ အခက်အခဲမရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ခြင်းများ၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေးနည်းပညာများ၊ ရွှေခရုနှိမ်နင်းရေးနည်းများ၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေး နည်းပညာများ စသည့်လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်ကစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဂါနိုးငွှန်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဂျုံဦးထုပ်ပြုလုပ်နည်းသင်တန်းဖွင့်

**ဂါနိုးငွှန် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ဂါနိုးငွှန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂျုံဦးထုပ်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဂါနိုးငွှန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂါနိုးငွှန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာ၊ ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဂါနိုးငွှန်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူစုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဂျုံဦးထုပ်ပြုလုပ်နည်း ပညာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၆ ရက်ထိ တစ်ပတ်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဂါနိုးငွှန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂါနိုးငွှန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးသူ**

# ကျွန်းလှမြို့နယ်တွင် ဒေသထွက်ပန်းမုန်လာများ ဈေးကောင်းရရှိနေ

**ကျွန်းလှ ဇန်နဝါရီ ၁၁**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဒေသထွက်ပန်းမုန်လာများ ဈေးကောင်းရရှိနေကြောင်း ကျွန်းလှမြို့နယ် ပန်းမုန်လာရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးနိုင်ထံမှ သိရသည်။

ကျွန်းလှမြို့နယ်မှ ထွက်ရှိသော ပန်းမုန်လာ ဈေးကွက်အနေဖြင့် ယခင်နှစ်က ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၅၀၀ မှ ငွေကျပ် ၆၀၀ ထိသာဈေးရရှိခဲ့ပြီး ယခုလက်ရှိတွင် ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၁၀၀၀ မှ ငွေကျပ် ၁၂၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ပန်းမုန်လာကို နှစ်စဉ် ချောင်းရေတင်ပြီးတော့ စိုက်ပျိုးလျက်ရှိပါတယ်။ ထွက်ရှိလာတဲ့ ပန်းမုန်လာဈေးကွက်အနေနဲ့ မနှစ်က ပန်းမုန်လာ တစ်ပွင့်ကို ငွေကျပ် ၆၀၀ ထိသာဈေးရတယ်။ ဒီနှစ်ပန်းမုန်လာပွင့်တစ်ပွင့်ကို ငွေကျပ် ၁၀၀၀ ကျော်ထိဈေးကောင်းရရှိနေတယ်။ ဈေးကောင်းရတော့ တောင်သူတွေအတွက် အဆင်ပြေတာပေါ့"ဟု ကျွန်းလှမြို့နယ် ပန်းမုန်လာရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးနိုင်က ပြောပြသည်။



ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၀၆၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် ဟွေဆော့ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဟွေဆော့ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မျိုးမျိုးမြင့်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟွေဆော့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်မျိုးမျိုးမြင့်က လုပ်ငန်းရေရှည်တည်တံ့ ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဟွေဆော့ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ ဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၆၁ သိန်း စုစုပေါင်းငွေကျပ် ၁၆၁ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကြောင့် ဟွေဆော့ကျေးရွာရှိ အိမ်ခြေ ၆၀၊ လူ ၃၈၉ ဦးတို့၏ ဘာသာရေး၊ လူမှုရေးအခမ်းအနားများ ပြုလုပ်ရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မျိုးမျိုးမြင့်က ပြောပြ၍ သိရသည်။

**နံ့လာ**

# ပန်းတနော်မြို့နယ် ကျွန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတနော် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျွန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ် ၂၉၄ သိန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကျေးရွာကော်မတီဝင်များက ကျွန်းတောစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၂၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို ငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(ဇလင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# တောင်ကိုရီးယား၏ ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းအလားအလာ

**ဝင်းဇင်(သုတေသန)**

တောင်ကိုရီးယားနိုင်ငံသည် ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက ပြည်တွင်း၌ သုံးစွဲရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန်ရည်မှန်းချက်ဖြင့် ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးတက်အောင်လုပ်ဆောင်လာခဲ့ရာ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ကမ္ဘာ့ကာကွယ်ရေးပစ္စည်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး လက်နက်ထုတ်လုပ်သည့်နိုင်ငံကြီးများကိုပင်လျှင် ဈေးကွက်ယှဉ်ပြိုင်စိန်ခေါ်လာနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ကိုရီးယားတပ်မတော်နှင့် နိုင်ငံတကာ တပ်မတော်များအတွက် နောက်ဆုံးပေါ်ခေတ်မီစစ်လက်နက်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိသည့် အဓိကနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ စစ်ဆင်ရေးများတွင်အသုံးပြုနေသော အရေးပါသည့် လက်နက်များ ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိသည်။ အစိုးရထံမှခိုင်မာသည့် ထောက်ခံချက်ရရှိထားပြီး ကာကွယ်ရေးပစ္စည်းဝယ်ယူရေးနှင့် အုပ်ချုပ်ရေးအဖွဲ့(DAPA)၏ ကြီးကြပ်မှုတို့ဖြင့် တောင်ကိုရီးယားစက်မှုလုပ်ငန်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လျက်ရှိကာ ကမ္ဘာ့တပ်မတော်များသို့ စစ်လက်နက်ပစ္စည်းများ တင်ပို့မည့်အစီအစဉ်ကောင်းများစွာလည်းရှိနေသည်။

**ထိပ်တန်းလေးနိုင်ငံစာရင်းဝင်လာ**

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့စစ်လက်နက်ပစ္စည်းတင်ပို့သည့် ထိပ်တန်းလေးနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်၊ ရုရှား၊ ပြင်သစ်တို့ပြီးလျှင် တောင်ကိုရီးယားစက်မှုလုပ်ငန်းသည် မဟာဗျူဟာမြောက်စက်မှုလုပ်ငန်းနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့်နေရာဖြစ်လာမည်ဖြစ်ကြောင်း သမ္မတယွန်ဆွတ်ယိုးက ပြောကြားသွားသည်။

ဆွီဒင်အခြေစိုက် စတော့ခ်ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအဖွဲ့ (SIPRI) ၏အဆိုအရ ၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့လက်နက်တင်ပို့မှုတွင် အဆင့် ၁၀ ၌ ရပ်တည်ခဲ့ကြောင်း၊ လက်နက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၆၆ သန်း ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံသည် ပိုလန်နိုင်ငံသို့ K2 တင့် အစင်းရေ ၁၀၀၀၊ အမြောက်လက်နက်အစိတ်အပိုင်း ၆၀၀ ကျော်နှင့် FA-50 တိုက်လေယာဉ် ၄၈ စင်း ရောင်းချသွားရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံသည် အိန္ဒိယနိုင်ငံသို့လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိသော K9 SPH အမျိုးအစား ပဲ့ထိန်းဟောင်ဝစ်ဇာအမြောက်များ တင်ပို့ရောင်းချပေးရန် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးထားရှိသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံသို့လည်း K9 SPHs များ ရောင်းချပေးသွားရန် ကန်ထရိုက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း လက်နက်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရရှိခဲ့ပြီး ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံထိ ရရှိရန် မျှော်မှန်းထားရှိသည်။

**အာရှမှသည်ကမ္ဘာသို့**

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် တောင်ကိုရီးယား စစ်လက်နက်ပစ္စည်းများကို အများဆုံးဝယ်ယူလျက်ရှိသည်။ အာရှဒေသသည် အရေးပါသောဈေးကွက်ဖြစ်နေသော်လည်း တောင်ကိုရီးယားသည် ကမ္ဘာ့လက်နက်ဈေးကွက်သို့လည်း ခေတ်မီစစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စုသို့ Cheongung-II အမျိုးအစား တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ တင်ပို့ရောင်းချပေးရန် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက ကန်ထရိုက်စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးခဲ့သည်။

K9 Thunder သည် တောင်ကိုရီးယား၏ ရောင်းအားအကောင်းဆုံးလက်နက်ဖြစ်ပြီး အိန္ဒိယ၊ ဩစတြေးလျ၊ အီဂျစ်နှင့် နော်ဝေနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ရိုမေးနီးယားနှင့်ဗြိတိန်တို့ကလည်း ဝယ်ယူရန်စိတ်ပါဝင်စားလျက်ရှိသည်။ ထို့ပြင် K2 တင့်ကိုလည်း အိုမန်သို့ တင်ပို့ရောင်းချထားပြီး ဩစတြေးလျသည် K21 ခြေလျင်တိုက်ခိုက်ရေးယာဉ်၏မူကွဲများကို စမ်းသပ်အသုံးပြုလျက်ရှိသည်။ ကင်ဘာရာသည် ၎င်း၏သက်တမ်းလွန်သံချပ်ကာယာဉ်များနေရာတွင် အစားထိုးနိုင်ရန် K21 အစီးရေ ၄၅၀ ခန့် ဝယ်ယူသွားရန်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်၊ အီရတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ တူကီယဲ၊ ဆီနီဂေါနှင့် ပီရူးနိုင်ငံတို့သို့ လေယာဉ်နှင့် ရဟတ်ယာဉ်များ တင်ပို့ရောင်းချလျက်ရှိပြီး အာဂျင်တီးနား၊ မလေးရှား၊ ကိုလံဘီယာနှင့်အိန္ဒိယနိုင်ငံတို့ကလည်း ဝယ်ယူရန် စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံက တည်ဆောက်ထားသော စစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများသည် ထိုင်း၊ ဖိလစ်ပိုင်နှင့် နယူးဇီလန်နိုင်ငံတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဗြိတိန်နှင့်နော်ဝေနိုင်ငံတို့အတွက်လည်း ဆီသယ်ယာဉ်များ တည်ဆောက်ပေးလျက်ရှိသည်။ အလားတူ တောင်ကိုရီးယားနိုင်ငံသည် KF-21 တိုက်လေယာဉ်ကို အရှေ့တောင်အာရှနှင့်အခြားဒေသမှ နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။



တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွက် အဆိုပြုကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၃ ဘီလီယံဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ကာကွယ်ရေးဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၂ ဘီလီယံ သုံးစွဲခဲ့သည်။ အဆိုပြုတောင်းခံထားသော ကာကွယ်ရေးဘတ်ဂျက်များကို စစ်ဆင်ရေးနှင့် တပ်မတော်အဆင့်မြှင့်တင်ရေးလုပ်ငန်းများအပြင် CVX အပေါ့စားလေယာဉ်တင်သင်္ဘောအစီအစဉ်၊ ဂြိုဟ်တုစနစ်များ၊ LIG Nex1 တာဝေးပစ်ဒုံးကျည်စနစ်နှင့် KF -21 တိုက်လေယာဉ်အစီအစဉ်တို့ပါဝင်မည်ဖြစ်သည်။

**KF-21 အစီအစဉ်**

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းထုတ် KF-21 တိုက်လေယာဉ်ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင်အပြီးသတ်တည်ဆောက်နိုင်ခဲ့သည်။ ၎င်းလေယာဉ်တွင် ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များနှင့် အနီအောက်ရောင်ခြည်သုံး ပစ်မှတ်ရှာဖွေရေးနှင့် ခြေရာခံစနစ်တို့ တပ်ဆင်ထားရှိသည်။ ၂၀၂၆ ခုနှစ်ထိ KF-21 တိုက်လေယာဉ်ခြောက်စင်း တည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းလေယာဉ်သည် ကိုရီးယားလေတပ် (RoKAF)တွင် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည့် F-4s နှင့် F-5s တိုက်လေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

**ရေတပ်စွမ်းအား**

တောင်ကိုရီးယားရေတပ် (RoKN)သည် မကြာသေးမီအချိန်တွင်းကပင် ရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်သည့် ပဲ့ထိန်းဒုံးကျည် (SLBMs) နှစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ၎င်း SLBMs များကို ပင်လယ်ဝါအတွင်း၌ တန်ချိန် ၃၀၀၀ ရှိသော Dosan Ahn Chang-ho ရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဒုံးကျည်များသည် ကီလိုမီတာ ၄၀၀ ရောက်ရှိပြီး ပစ်မှတ်များကိုထိမှန်ခဲ့သည်။ လက်ရှိအချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် တန်ချိန် ၃၀၀၀ ရှိ ရေငုပ်သင်္ဘောသုံးစီးကို တပ်ဖြန့်ချထားသည်။ ၎င်းရေငုပ်သင်္ဘောသည် SLBM ခြောက်စင်းထိ သယ်ဆောင်ပစ်ခတ်နိုင်စွမ်းရှိသည်။

ထို့ပြင် RoKN အတွက် Ulsan အမျိုးအစား Batch-III ဖရီးဂိတ် ခြောက်စီးကိုလည်း တည်ဆောက်လျက်ရှိသည်။ ၎င်းဖရီးဂိတ်များကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်။ ထို့နောက် အရွယ်အစားပိုမိုကြီးမားသည့် FFX Batch-IV ခြောက်စီးကိုလည်း ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းဖရီးဂိတ်များသည် တောင်ကိုရီးယား၏သက်တမ်းရင့် Pohang အမျိုးအစား ကော်ဗက်များနှင့် Ulsan အမျိုးအစား ဖရီးဂိတ်များနေရာတွင် အစားထိုးတာဝန်ပေးအပ်သွားမည်ဖြစ်သည်။

တောင်ကိုရီးယား ဟွန်ဒိုင်းစက်မှုလုပ်ငန်းနှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနတို့သည် ကော်ဗက်စစ်ရေယာဉ် နှစ်စီးဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၉၀ တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ရပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက လက်မှတ်ရေးထိုးခဲ့သည်။ ဟွန်ဒိုင်းစက်မှုလုပ်ငန်းသည် ၂၀၂၆ ခုနှစ်တွင် ကော်ဗက်စစ်ရေယာဉ်နှစ်စီး လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ ၎င်းစစ်ရေယာဉ်များတွင် ရေဒါ၊ အာရုံခံစနစ်များနှင့် လက်နက်စနစ်များ တပ်ဆင်သွားမည်ဖြစ်သည်။ ဖိလစ်ပိုင်ရေတပ်တွင် လက်ရှိအသုံးပြုလျက်ရှိသော Jose Rizal အမျိုးအစား ဘက်စုံသုံးပဲ့ထိန်းဒုံးကျည်တင်ဖရီးဂိတ်များသည် RoKN ၏ Incheon အမျိုးအစား ဖရီးဂိတ်များကို အဆင့်မြှင့်တင်တည်ဆောက်ထားခြင်းဖြစ်သည်။

**ကိုးကား**

South Korea Defence Industry; Pride of Asia by Asian Defence Journal.

# ညောင်ရွှေမြို့နယ် သရက်ပင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထက်ရန်ပိုင်နှင့် စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မူစီတို့က သလဲဦးကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် နှစ်လက်မ PVC ပိုက် ပေ ၅၂၀၀ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်ပင်ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၇၈၀၀၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ဟိန်းထက်စိုး(မလှိုင်)

# အဖိုးတန်လှသောမြေဆီလွှာများတိုက်စားခံရမှု

**မေဇင်ထွန်း**

မြေဆီလွှာသည် ကမ္ဘာမြေကြီးပေါ်ရှိ သက်ရှိအားလုံးနေထိုင်ရာကမ္ဘာမြေကြီး၏ နူနယ်သောအရေပြားပင်ဖြစ်သည်။ ၎င်းသည်ရှုပ်ထွေးသော ဂေဟစနစ်အတွင်းရှိ မရေမတွက်နိုင်သော ဇီဝမျိုးစုံမျိုးကွဲများအတွက် အဓိကရှင်သန်ကျက်စားရာနေရာဖြစ်သည့်အပြင် လူသားများအတွက် အဖိုးတန်ဆုံးအရင်းအမြစ်များထဲမှတစ်ခုလည်းဖြစ်သည်။

အစားအစာအသီးအနှံများ ပိုမိုထွက်ရှိရေးအတွက် စိုက်ပျိုးရေးသုံးကုန်ဓာတုပစ္စည်းများ ဝယ်လိုအားတိုးလာခြင်းသည် အဖိုးတန်သောမြေဆီလွှာကို တဖြည်းဖြည်းပျက်စီးဆုတ်ယုတ်လာစေခဲ့သည်။ သစ်တောများနှင့် မြက်ခင်းများကို လူသားတို့၏ စီးပွားရေးလိုအပ်ချက်များကြောင့် လယ်ကွင်းနှင့် စားကျက်မြေများအဖြစ်ပြောင်းလဲလာကြသည်။ သဘာဝအတိုင်းထွက်ရှိလာသော အသီးအရွက်များအစား အထွက်နှုန်းတိုးလာစေရန် ဓာတ်မြေဩဇာများအသုံးပြုစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာ၏အခြေအနေသည် ပိုမိုဆိုးရွားလာသည်။ ထိုသို့ပျက်စီးခြင်းဖြစ်နေသောမြေဆီလွှာကို ထိန်းသိမ်းမှုမပြုဘဲ ကော်ဖီ၊ ဝါ၊ စားအုန်းဆီ၊ ပဲပုပ်နှင့်ဂျုံကဲ့သို့သော အပင်အများအပြားစိုက်ပျိုးခြင်းသည် မြေဆီလွှာ၏ သဘာဝအတိုင်းတည်ရှိနေသော မြေဆီမြေနှစ်များကို စုပ်ယူလိုက်သဖြင့် မြေဆီလွှာ၏ အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ထို့ပြင် ၎င်းအပင်များစိုက်ပျိုးခြင်းသည် မြေဆီလွှာတိုက်စားမှုကို အမှန်တကယ်မြင့်တက်လာစေနိုင်သည်။

ကမ္ဘာပေါ်ရှိ အပေါ်ယံမြေဆီလွှာထက်ဝက်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ အတွင်း ဆုံးရှုံးသွားခဲ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် မြေဆီလွှာတိုက်စားခြင်းအပြင် အခြားသော စိုက်ပျိုးရေးကဏ္ဍများသည်လည်း မြေဆီလွှာ၏အရည်အသွေးကို ထိခိုက်စေသည်ကို တွေ့ရသည်။ အလွန်အကျွံစိုက်ပျိုးခြင်းနှင့် ဓာတ်မြေဩဇာများ အလွန်အကျွံအသုံးပြုခြင်းများ၏ အကျိုးသက်ရောက်မှုများတွင် မြေဆီလွှာကျုံ့ခြင်း၊ မြေဆီလွှာဖွဲ့စည်းပုံပျက်စီးဆုံးရှုံးရခြင်း၊ မြေဆီလွှာ၏ အာဟာရဓာတ်များပျက်စီးခြင်းနှင့် မြေဆီငန်ခြင်းတို့ပါဝင်သည်။ ၎င်းအခြင်းအရာများကြောင့် မြေဆီလွှာကို ထိန်းသိမ်းမှုများမလုပ်ဘဲ မြေဆီလွှာကို ပစ်ထားမည်ဆိုပါက ပြင်းထန်ဆိုးရွားသောပြဿနာများကို ဖြစ်စေသည်။

မြေဆီလွှာများတိုက်စားခံရမှု၏ အကျိုးဆက်သည် မြေဩဇာကောင်းသောမြေများ ဆုံးရှုံးခြင်းထက်ပိုမိုဆိုးရွားသည်။ မြေဆီလွှာတိုက်စားခံရခြင်းကြောင့် ချောင်းများနှင့် မြစ်များတွင် ရေထုညစ်ညမ်းမှုနှင့် အနည်ထိုင်မှုများကိုတိုးပွားလာစေပြီး ရေလမ်းကြောင်းများပိတ်ဆို့ကာ ငါးနှင့်အခြားမျိုးစိတ်များကိုသေကျေစေပြီး ရေနေသတ္တဝါမျိုးစိတ်ကိုကျဆင်းလာစေသည်။ တိုက်စားခံထားရသော ပျက်စီးနေသည့်မြေများသည် မကြာခဏဆိုသလို ရေကို ထိန်းနိုင်မှုနည်းပါးသည့်အတွက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေလွှမ်းမိုးမှုတို့ဖြစ်ပါက မြေဆီလွှာ၏အခြေအနေသည် ရေကြီးမှု၊ မြေပြိုမှုတို့ဖြစ်စေနိုင်သည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြေယာအသုံးပြုမှုဖြစ်ရေးအတွက် စိုက်ပျိုးရေးနှင့် တိရစ္ဆာန်များ၏ မြေဆီလွှာအပေါ် အကျိုးသက်ရောက်မှုများကို လျှော့ချရန်ဆောင်ရွက်ကြခြင်းဖြင့် ကူညီပေးနိုင်ပြီး မြေဆီလွှာပျက်စီးမှုနှင့် တိုက်စားမှုတို့ကိုတားဆီးကာ အဖိုးတန်မြေယာများကို ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထိုသို့ မထိန်းသိမ်းကြလျှင် သဲကန္တာရအဖြစ်သို့ရောက်ရှိသွားကာ မြေဆီလွှာများဆုံးရှုံးသွားရမည်ဖြစ်သည်။



မြေဆီလွှာ၏ကျန်းမာရေးသည် လူသားတို့အတွက် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် မြေဆီလွှာပျက်စီးသွားပါက စိုက်ပျိုးရေးအပေါ်တွင် မှီခိုအသက်မွေးဝမ်းကျောင်းပြုသည့် တောင်သူများနှင့် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းအတွက် အဓိကစိုးရိမ်စရာပင်ဖြစ်သည်။ ကျန်းမာသောမြေဆီလွှာကို ထိန်းသိမ်းရန် စိန်ခေါ်မှုများစွာရှိနေသော်လည်း ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားပေါက်ရောက်ရာ ပျက်စီးလွယ်သောမြေဆီလွှာကိုထိန်းသိမ်းရန် လုပ်ဆောင်နေသော ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(WWF)အပါအဝင် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားသောအုပ်စုများလည်းရှိသည်။

စားကျက်မြေများ လွန်ကဲစွာဖော်ဆောင်ခြင်းမှ ကင်းဝေးစေရန် ဒေသဆိုင်ရာမွေးမြူရေးတိရစ္ဆာန်များအတွက် လမ်းညွှန်ချက်များဆောင်ရွက်ပေးရန်လိုအပ်သည်။ ထိုသို့မဟုတ်ပါက လူဦးရေတိုးပွားလာသည်နှင့်အမျှ မြေဆီလွှာသည်ပိုမိုပျက်စီးစေပြီး တိုက်စားမှုပိုမိုဖြစ်ပွားလာစေနိုင်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ၊ လူနေအဆောက်အအုံများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများအတွက် လယ်ယာမြေများကို ပိုမိုဖော်ဆောင်လာခဲ့သည်။ စိုက်ပျိုးရေးစိုက်ခင်းများမှ သဘာဝအတိုင်းဖူးပွင့်လာသော အသီးအရွက်များနေရာတွင် ဓာတ်မြေဩဇာများဖြင့်စိုက်ပျိုးထားသော အထွက်နှုန်းတိုးသည့်သီးနှံများ အစားထိုးသောအခါ ဓာတ်မြေဩဇာအသုံးပြုမှုသည် ပိုမိုများပြားလာကာ အပေါ်ယံမြေဆီလွှာသည်ခြောက်သွေ့သွားသည်။ ထိုသို့ အပေါ်ယံမြေဆီလွှာခြောက်သွေ့လျှင် မြေဆီဩဇာထိန်းသိမ်းရန်ကူညီပေးသော အကျဇီဝမျိုးစုံမျိုးကွဲများပမာဏသည်လည်း လျော့နည်းလာနိုင်ပြီး မြေဆီလွှာ၏ အာဟာရဓာတ်များကို ဖယ်ရှားပစ်နိုင်သည့်အပြင် မြေဆီလွှာသည် လေတိုက်၍သော်လည်းကောင်း၊ မိုးကြောင့်သော်လည်းကောင်း လွင့်ပါ၊ မျောပါပြီးပျက်စီးသွားနိုင်သည်။

ထို့ပြင် မြေဆီလွှာကိုထိန်းထားပေးနိုင်သော သစ်တောသစ်ပင်များဖုံးလွှမ်းခြင်းမရှိပါက မြေဆီများကို ရေအလွယ်တကူတိုက်စားနိုင်ပြီး မြေဆီများသည် ရေနှင့်အတူ မြစ်ချောင်းများအတွင်းသို့ မျောပါသွားနိုင်သည်။

မြေဆီလွှာဆုံးရှုံးသည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်သူများသည် ကောင်းမွန်သောမြေဆီလွှာများရရှိစေရန် သစ်တောများကို ပိုမိုခုတ်ထွင်ရှင်းလင်းခြင်းက မြေဆီလွှာဆုံးရှုံးမှုသံသရာကို ဆက်လက်လည်ပတ်နေကြမည်ဖြစ်သည်။ ဂေဟစနစ်၏ သဘာဝအတိုင်းပေါက်ရောက်နေသော သစ်တောများကိုရှင်းကာ စားကျက်မြေအဖြစ်သို့ ပြောင်းလဲခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကဲ့သို့လုပ်ငန်းများသည် လယ်ယာမြေကိုပျက်စီးစေကာ မြေဆီလွှာတိုက်စားနှုန်းကို မြင့်မားစေပြီး အပေါ်ယံမြေဆီလွှာနှင့် ၎င်းမြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များကို ဆုံးရှုံးသွားစေနိုင်သည်။ ထို့ပြင် မြေဆီလွှာပေါ်တွင် သဘာဝအတိုင်းမြက်ခင်းများပေါက်ရောက်မှု၊ မြေဖုံးလွှမ်းမှုတို့ကို လျော့ပါးစေပြီး လေနှင့်မိုးကြောင့် မြေစာပုံများပြိုကျမှုကို ဖြစ်စေနိုင်သည်။ ထို့ပြင် မြေဆီလွှာတိုက်စားခံရခြင်းသည် အပင်၏ ကြီးထွားမှုနှင့် ရေစိမ့်ဝင်နိုင်စွမ်းကို လျော့နည်းစေသည်။ သီးနှံပင်များတွင် အသုံးပြုသည့် ပိုးသတ်ဆေးနှင့် အခြားဓာတုပစ္စည်းများသည် တောင်သူများကို အထွက်နှုန်းတိုးရာတွင် အကူအညီအထောက်အပံ့ဖြစ်စေသော်လည်း ၎င်းဓာတုပစ္စည်းတချို့ကို အလွန်အကျွံသုံးစွဲခြင်းသည် မြေဆီလွှာဖွဲ့စည်းမှုကိုပြောင်းလဲစေပြီး မြေဆီလွှာရှိအကျဇီဝသက်ရှိများ၏ ဟန်ချက်ကို အနှောင့်အယှက်ဖြစ်စေကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။ ၎င်းသည် အကျိုးပြုသော ဇက်တီးရီးယားများ၏ ကြီးထွားရှင်သန်မှုကို ဖျက်ဆီးပစ်နိုင်သည်ကိုလည်း တွေ့ရသည်။

မြက်ခင်းများသည် မြေဆီလွှာထိန်းသိမ်းမှု၊ ပြန်လည်ရှင်သန်မှုနှင့် တိရစ္ဆာန်အစားအစာအသုံးပြုမှုအတွက်ကောင်းမွန်သည်။ ထို့ကြောင့် မြေဆီမြေဩဇာထိန်းသိမ်းနိုင်ရေးအတွက် ပိုမိုစိုက်ပျိုးသင့်သည်။ မြေဩဇာကောင်းသော မြေဆီလွှာဆုံးရှုံးခြင်းသည် စိုက်ပျိုးရေးတွင် အထွက်နှုန်းကို နည်းပါးစေပြီး သဲကန္တာရအသစ်များကိုဖြစ်ပေါ်စေကာ ရေလမ်းကြောင်းများကိုလည်း ပိတ်ဆို့ညစ်ညမ်းစေသည်။ ထိုမှတစ်ဆင့် လှပသောရှုခင်းများသည် ရေစီးဆင်းပုံကိုပြောင်းလဲသွားသဖြင့် ရေကြီးရေလျှံမှုများဖြစ်ကာ ၎င်းအလှတရားများကို ဖုံးလွှမ်းသွားစေနိုင်သည်။

သဲကန္တာရဖြစ်ရခြင်းမှာ လူသားများထိန်းသိမ်းမှုမရှိဘဲ မြေဆီလွှာအသုံးချမှု၊ မိုးခေါင်ရေရှားမှုနှင့် မိုးနည်းမှုကြောင့်ပင်ဖြစ်သည်။ ၎င်း၏ အကျိုးသက်ရောက်မှုများကြောင့် မြေယာပျက်စီးခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့် သဲကန္တာရဧရိယာများပိုမိုကြီးထွားလာခြင်း စသည်တို့ကိုဖြစ်စေသည်။ ထိုသို့သောအခြေအနေများဖြင့်ရင်ဆိုင်နေရသောနိုင်ငံများတွင် ကြီးမားသော စီးပွားရေးကုန်ကျစရိတ်များလည်းဖြစ်ပေါ်စေသည်။

လယ်မြေများတွင်သုံးသော ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများသည် မြေဆီလွှာတိုက်စားမှုကြောင့် ချောင်းများနှင့် ရေလမ်းကြောင်းများအတွင်းသို့ မျောပါသွားခဲ့သည်။ ၎င်းတို့အနည်ထိုင်မှုကြောင့် ရေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ရေချိုနှင့် အဏ္ဏဝါသက်ရှိများ၏ မှီတင်းနေထိုင်ကျက်စားရာနေရာများကို ပျက်စီးစေသည့်အပြင် ၎င်းတို့အပေါ်မှီခိုနေသော ဒေသခံလူထုတွင်လည်း ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေနိုင်သည်။ မကြာခဏဆိုသလို သစ်တောများ၊ ရေလွှမ်းလွင်ပြင်များနှင့် စိုစွတ်သောမြေများကဲ့သို့သော သဘာဝရှုခင်းနေရာများတွင် လယ်ယာမြေများ၊ သီးနှံစိုက်ခင်းများနှင့်စားကျက်များကို အစားထိုးပြောင်းလဲလေ့ရှိသည်။ ထိုသို့ ပြောင်းလဲထားသော မြေသည် ရေစုပ်ယူနိုင်မှုနည်းသောကြောင့် ရေကြီးရေလျှံမှုများကို ပိုမိုအဖြစ်များစေသည်။ ထို့ကြောင့် ဂေဟစနစ်နှင့် လူသားတို့အားလုံးအတွက် အဖိုးတန်အရေးပါလှသော မြေဆီလွှာကို တိုက်စားခံရကာ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း ရေးသားအပ်ပါသည်။

**Soil Erosion and Degradation ကို ဘာသာပြန်ဆိုထားပါသည်။**

# မြင်းခြံမြို့နယ် တဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**မြင်းခြံ ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ သဲဖြူဝ(မ)-ကိုင်း(မ)၊ တဲကြီး၊ အင်ကြင်းပင်နှင့် ဓူဝံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တဲကြီးကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၅၄ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သဲဖြူဝ(မ)-ကိုင်း(မ)ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၂၉ ဦး၊ တဲကြီးကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၆၉ ဦး၊ အင်ကြင်းပင်ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၀၉ ဦး၊ ဓူဝံကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၃၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၅၄၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၁၅၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာလေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဖျာပုံမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ကင်းမွန်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိ



**ဖျာပုံ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့တွင် ယာယီရပ်နားခဲ့သည့် ကင်းမွန်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း ဖျာပုံမြို့နယ်ရေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးခန့်ပိုင်က ပြောပြ၍ သိရသည်။

အမာမြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်ကင်းမွန်ငါးဖမ်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်က ရပ်နားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်ကင်းမွန်ငါးဖမ်းလုပ်ငန်း စက်လှေအစီးရေ ၃၀ သည် ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"အခု ပြန်လုပ်ကိုင်တဲ့ ကင်းမွန်လုပ်ငန်းတွေကို ကိုဗစ်-၁၉ ရောဂါနဲ့ စက်သုံးဆီဈေးတွေ မြင့်တက်ခဲ့လို့ ယာယီရပ်နားခဲ့တာဖြစ်ပါတယ်။ လက်ရှိတော့ ကိုဗစ်ရောဂါလဲ ကူးစက်ဖြစ်ပွားတာလျော့နည်းသွားပြီး စက်သုံးဆီဈေးတွေလဲ ကျဆင်းလာလို့ ကင်းမွန်ငါးဖမ်းလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်တာဖြစ်ပါတယ်။ အရင်က ဂါလန် ၅၀ ပါ ဒီဇယ်ဆီတစ်ပီပါကို ငွေကျပ်ရှစ်သိန်းလောက်ထိ ဈေးတက်ခဲ့တာပါ။ ဒီကင်းမွန်ငါးဖမ်းလုပ်ငန်းက ကျွန်တော်တို့ ဒေသအတွက် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တယ်။ အခု ကင်းမွန်ငါးဖမ်းလုပ်ငန်းကို ပြန်လည်လုပ်ကိုင်တော့ ဒီလုပ်ငန်းအပေါ် မှီခိုနေကြတဲ့ရေလုပ်သားတွေနဲ့ မိသားစုတွေအဆင်ပြေမှာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ရေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးခန့်ပိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ပင်လယ်ပြင်ကင်းမွန်ငါးဖမ်းသည့်လုပ်ငန်းကို အမာမြို့၌ အဓိကလုပ်ကိုင်ကြပြီး ယခင်က ကင်းမွန်ငါးဖမ်းစက်လှေ ၃၇ စီးရှိရာ လက်ရှိ ကင်းမွန်ငါးဖမ်းစက်လှေအစီး ၃၀ ပြန်လည်လုပ်ကိုင်နေကြောင်း၊ ကင်းမွန်ငါးဖမ်းရာသီမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက စတင်ရမည်ဖြစ်သော်လည်း လှေထွက်နိုင်ရေး ပြန်လည်စတင်ပြင်ဆင်နေရခြင်းကြောင့် ယခုနှစ် ဇန်နဝါရီလမှသာ ပြန်လည်လုပ်ကိုင်ခြင်းဖြစ်ပြီး လာမည့်ဧပြီလထိ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဦးခန့်ပိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ထန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တောင်တွင်းကြီးမြို့နယ် ထန်းပင်စုကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ထန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်းထိ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နှံ့ယဉ်**

## ပလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
# AUNG MYINT MOH MIN INSURANCE Co.,Ltd

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပေါင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပေါင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ
လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့





အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

**We Protect The Family**


## အမည်ပြောင်း

ဦးပြည်သိန်း+ဒေါ်ခင်စိုးဝင်း တို့၏သား၊ အမရပူရမြို့နယ်၊ အခြေခံမူလတန်းလွန်ကျောင်း (ဆင်ရှား၊ မြင်းမှူး) ဒုတိယတန်းမှ မောင်ကောင်းသန့်အောင် အား မောင်မင်းသုတအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းသုတအောင်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


သစ်ပင်
စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...

❖ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိ...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များကို အဝေးရောက်လက်ခံရယူသည့် ကာယကံရှင်နှင့် မိသားစုဝင်များထံ တာဝန်ရှိသူများ သွားရောက်၍ လက်ရောက်ချီးမြှင့်အပ်နှင်း



**နေပြည်တော် ဇန်နဝါရီ ၁၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ်ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အောင်မြင်စွာကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များထံ ဂုဏ်ထူးဆောင်ဘွဲ့များကို ကိုယ်တိုင်တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိသည့်အတွက် ယနေ့တွင်

စာမျက်နှာ ၁၆ ကော်လံ ၃ ☆

ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့က ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ ရပေါင်းဓာတ်ပုံရိုက်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင်ဇော်ဟိန်း တို့က ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးစောလှမင်းကို ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။




မွန်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးဇော်လင်းထွန်းက သီရိပျံချီဘွဲ့ရရှိသူ ဦးအုန်းကျော် ဝန်ကြီး(လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန)(ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်သက်ညွန့်ကို ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

